

# ငြင်းပယ်ခံပြည်သူများ၏ဘဝများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက်အဝန်းများရင်ဆိုင်ရသော
အကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ
အကြပ်အတည်းများ

KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# ငြင်းပယ်ခံပြည်သူများ၏ဘဝများ

မြန်မာပြည်အရှေ့ တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက်အဝန်းများရင်ဆိုင်ရသော
အကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ
အကြပ်အတည်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့

၂၀၂၂ ခုနှစ်၊ ဇွန်လ

## ငြင်းပယ်ခံပြည်သူများ၏ ဘဝများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှုအသိုက်အဝန်းများရင်ဆိုင်ရသော အကာကွယ်ပေးမှုဆိုင်ရာစိန်ခေါ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှရေးသားထုတ်ဝေသည်။
၂၀၂၂ ခုနှစ်၊ ဇွန်လ။ KHRG #2022-01

အရှေ့နှင့်အနောက်မျက်နှာဖုံးရှိဓာတ်ပုံများအကြောင်းကို ဤအစီရင်ခံစာ၏ နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။ ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာ ရပ်တည်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏ လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် တွေ့ရှိနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၂၂ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင်ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုသည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ် အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

# မာတိကာ

**နိဒါန်း** ......................................................................................................၅
အဓိကရှာဖွေတွေ့ရှိချက်များ .....................................................................၇
အကြံပြုချက်များ.......................................................................................၈
အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်........................................................၁၀
ဝေါဟာရနှင့်အတိုကောက်အသုံးအနှုန်းများ..............................................၁၂
မြေပုံ–၁ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ရှားရာနယ်မြေ (ကေအဲန်ယူသတ်မှတ်ထားသောကော်သူးလေနယ်နိမိတ်နှင့် မြန်မာအစိုးရသတ်မှတ်ထားသောပြည်နယ်နှင့်တိုင်းဒေသကြီးများ)..............................................................................၁၃

**အခန်း (၁) အကာအကွယ်ပေးမှုနှင့်ပတ်သက်သော စိန်ခေါ်မှုများ**.................................၁၄
(က) နယ်စပ်ဖြတ်ကျော်ခွင့်အား ငြင်းပယ်ခြင်း...................................................၁၄
(ခ) ဒေသတွင်း ကူညီထောက်ပံ့ပေးမှုဆိုင်ရာယန္တယားများ....................................၁၇
(ဂ) မရှိမဖြစ်လိုအပ်သည့်အရာများကို ကန့်သတ်ထားခြင်း ...................................၂၁
မြေပုံ – ၂ ဒူးပလာယာခရိုင်အတွင်း တိုက်ပွဲများ၊ လေကြောင်းမြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် နေရပ်ရွှေ့ပြောင်းမှုများ ......................................................၂၃
မြေပုံ – ၃ မူတြော်၊ ခလယ်လွီထူနှင့် ဒူးသထူခရိုင်များအတွင်း တိုက်ပွဲများ၊ လေကြောင်း၊ မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် နေရပ်ရွှေ့ပြောင်းမှုများ ........၂၄

**အခန်း (၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** .................................................... ၂၅
(က) စားနပ်ရိက္ခာ မလုံလောက်မှု မြင့်တက်လာခြင်း ........................................ ၂၅
(ခ) ထွက်ပြေးတိမ်းရှောင်မှုကြောင့် ကြုံတွေ့ရသည့် အသက်မွေးဝမ်းကျောင်းစိန်ခေါ်မှု ............................................................................................ ၂၈
(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာထောက်ပံ့မှုများနှင့် လိုအပ်ချက်များ .............၃၂

**အခန်း (၃) ကျန်းမာရေးစောင့်ရှောက်မှု** ............................................................၃၉
(က) ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ (IDP) များအတွက်ကျန်းမာရေးစောင့်ရှောက်မှု..........................................................................၃၉
(ခ) ကျေးရွာများအတွင်း ကျန်းမာရေးစောင့်ရှောက်မှု .......................................၄၂

(ဂ) ကိုဗစ်–၁၉ ....................................................................................................၄၆
(ဃ) အထူးအကူအညီလိုအပ်နေသူများ ..............................................................၄၈

**အခန်း (၄) ပညာရေး** ....................................................................................၅၀
(က) ကျောင်းများပိတ်ထားခြင်း .......................................................................၅၀
(ခ) ငွေကြေးထောက်ပံ့မှု အခက်အခဲ .................................................................. ၅၂
(ဂ) ထွက်ပြေးတိမ်းရှောင်နေရခြင်းကြောင့် ကြုံတွေ့ရသော စိန်ခေါ်မှုများ ..........၅၄

**အခန်း (၅) ဒေသတွင်းထောက်ပံ့မှုများပေးနေသောအဖွဲ့များနှင့်ငွေကြေးထောက်ပံ့မှုနည်းလမ်းသစ်များလိုအပ်ခြင်း** ...........................................................၅၇

**နိဂုံး** ...............................................................................................................၆၀

# နိဒါန်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်[1] အချိန်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ လုံခြုံရေးနှင့် လူ့အခွင့်အရေးအခြေအနေမှာ ဆိုးရွားစွာယိုယွင်းပျက်စီးလာပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်ချက်များအား လုံလောက်သည့်ဖြေရှင်းပေးမှုများ မရှိခဲ့ပေ။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်သူအများစုမှာ ပဋိပက္ခဖြစ်ပွားသည့်နေရာဒေသများတွင် နေထိုင်ကြပြီး အဓမ္မရွှေ့ပြောင်းနေထိုင်မှုများ၊ စားနပ်ရိက္ခာမဖူလုံမှုများနှင့် ဆိုးရွားသည့်ကျန်းမာရေးနှင့်လုံခြုံရေးအခြေအနေများအား အဆက်မပြတ်ရင်ဆိုင်ရလျက်ရှိသည်။ လူပေါင်းမြောက်များစွာသည် ထိုင်းနယ်စပ်သို့ ခိုလှုံခွင့်ရရှိရန်အတွက် ထွက်ပြေးလာကြပြီး အများစုမှာ ထိုင်းနိုင်ငံအတွင်းသို့ နိုင်ငံတကာသဘောတူညီစာချုပ်များအတိုင်း ဝင်ရောက်ခိုလှုံခွင့် သို့မဟုတ် အကာအကွယ် မရရှိကြပေ။ ရလဒ်အနေဖြင့် ပြည်သူများသည် မိမိတို့နိုင်ငံနယ်နိမိတ်အတွင်း၌သာ ဆက်လက်နေထိုင်ရန် အဓမ္မဖိအားပေးခံရသည်။[2] ထို့ကြောင့် ပြည်သူများသည် လက်နက်ကိုင်တိုက်ပွဲများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် အခြားသော အကြမ်းဖက်မှုပုံစံများကို ကြုံတွေ့ရပါသည်။ ထို့အပြင် စစ်ကောင်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား ကန့်သတ်ခြင်းနှင့် အသက်အန္တရာယ် ခြိမ်းခြောက်မှုများကိုပါ ခံစားခဲ့ကြရသည်။ စစ်ကောင်စီသည် အာဏာသိမ်းပြီးသည့် အချိန်မှစ၍ လူမှုအကျိုးပြုလုပ်သားများအား ခရီးသွားလာခွင့်ကန့်သတ်ခြင်း၊ ကူညီထောက်ပံ့မှုပေးသည့် ယာဉ်တန်းများအား သွားလာခွင့်ပိတ်ပင်ခြင်း၊ ပြည်သူများအတွက်ပေးပို့သော ထောက်ပံ့ပစ္စည်းများအား ဖျက်ဆီးခြင်း၊ အကူအညီပေးသည့်ဝန်ထမ်းများအား တိုက်ခိုက်ခြင်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား ဖြတ်တောက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။[3] ကိုဗစ်–၁၉ ရောဂါ အခြေအနေမှာလည်း ပိုမိုဆိုးရွားလာပြီး အထူးသဖြင့် စစ်ကောင်စီသည် ကိုဗစ်–၁၉ ကပ်ရောဂါအကြပ်အတည်းအား လက်နက်သဖွယ် အသုံးပြုပြီး ကပ်ရောဂါအခြေအနေအား မှားယွင်းစွာကိုင်တွယ်ဖြေရှင်းနေပါသည်။[4] ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါသည် ယခင်ကူးစက်မှုခံရခြင်းမရှိသည့်နေရာဒေသများအထိ ကူးစက်ပျံ့နှံ့လာပြီး အထူးသဖြင့် နေ

---

1 ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီ ဦးဆောင်ပြီး ဒီမိုကရေစီနည်းလမ်းကျကျ ရွေးကောက်တင်မြောက်ထားသည့်အစိုးရအဖွဲ့ကို ဖြုတ်ချခဲ့သည်။ အရေးပေါ်အခြေအနေအရ တိုင်းပြည်ကို တစ်နှစ်အုပ်ချုပ်စေရန် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အစိုးရအာဏာကို လွှဲပြောင်းပေးခဲ့သည်ဟု စစ်တပ်မှကြေညာထုတ်ပြန်ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ အတွင်းပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော NLD ပါတီသည် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်မဟုတ်ဟု တပ်မတော်မှ ထွက်ဆိုခဲ့သည်။ ထို့ကြောင့် အရေးပေါ်အခြေအနေအရ ရွေးကောက်ပွဲကို အသစ်တဖန်ပြန်လည်လုပ်ဆောင်မည်ဟု ကြေညာခဲ့သည်။ ရွေးကောက်တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဝန်ကြီးချုပ်များနှင့်အစိုးရလွှတ်တော်အဖွဲ့ဝင်များသည် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

2 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော်အစိုးရ အရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏စစ်ဘက်ဆိုင်ရာဝန်ကြီးအဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် SAC ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

3 လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ (HRW) မှ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော “Myanmar: Junta Blocks Lifesaving Aid. Donors Should Channel Assistance Via Local and Cross–Border Efforts” တွင် ကြည့်ပါ။

4 KHRG မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော “KHRG’s Condemnation Letter Regarding the State Administration Council’s Mishandling of the COVID–19 Pandemic” နှင့် ၂၀၂၁ခုနှစ်၊ မေလတွင် ထုတ်ဝေသော “ချန်လှပ်ခံရသူများ – မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်–၁၉ တုန့်ပြန်မှုများ” တို့တွင် ကြည့်ပါ။

ရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများအတွက် ထိခိုက်နစ်နာမှုများ ပိုမိုဖြစ်စေပါသည်။

လက်ရှိပြဿနာများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား တုံ့ပြန်ရာတွင် ကြန့်ကြာခြင်း၊ အဖွဲ့အစည်းများအနေဖြင့် အကူအညီများအား ဖြန့်ဝေနိုင်ရေးအတွက်အဖြေရှာရန် အချိန်အနည်းငယ်သာရှိခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းကြောင့် ရရှိလာသောအကျိုးဆက်များမဟုတ်ပေ။ အကူအညီများအား လက်လှမ်းမမှီရခြင်း၏ အဓိကအကြောင်းရင်းမှာ စစ်ကောင်စီမှ အကူအညီပေးရန် ငြင်းဆန်ခြင်းအပါအဝင် ပြည်သူများမှ အကာအကွယ်ရရှိရန် နိုင်ငံတကာ နယ်စပ်ဒေသများသို့ဖြတ်ကျော်ခွင့်ရရန်အတွက် အဟန့်အတားများရှိနေခြင်းကြောင့်သာ ဖြစ်ပါသည်။ ထိုအဟန့်အတားများထဲတွင် အဓမ္မနေရပ်ပြန်လည်ပို့ဆောင်ခြင်းလည်း ပါဝင်ပါသည်။ ထို့ကြောင့် လက်ရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများအား ဖြေရှင်းနိုင်ရန်အတွက် စစ်ကောင်စီနှင့် အိမ်နီးချင်းနိုင်ငံများမှ အစိုးရများအနေဖြင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များအောက်ရှိ ၎င်းတို့၏တာဝန်ဝတ္တရားများကို လေးစားလိုက်နာရန် လိုအပ်သည်။ သို့သော်လည်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များအား စစ်ကောင်စီနှင့် အိမ်နီးချင်းနိုင်ငံအစိုးရများမှ လေးစားလိုက်နာရန် ဆက်လက်လျစ်လျူရှုနေသောကြောင့် လက်ရှိအခြေအနေအတွက် လက်တွေ့ကျသောဖြေရှင်းချက်ရရှိရန် ချက်ခြင်းလိုအပ်နေပါသည်။ ကူညီထောက်ပံ့မှုများနှင့် အကာအကွယ်များရရှိရန်အတွက် အဓိကလမ်းကြောင်းများအား လက်လှမ်းမှီရန် လိုအပ်ပါသည်။ ဒေသများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နှင့်နေပြီးဖြစ်သော အစုအဖွဲ့များအပေါ် လုံးဝမှီခိုနိုင်ရန်နှင့် ငွေကြေးထောက်ပံ့မှုပေးရာတွင်လည်း ထိုသူများပိုမိုပါဝင်လာနိုင်မည့် လမ်းကြောင်းအသစ်များအား ဖော်ထုတ်ရန်အတွက် မြေပြင်အခြေအနေအား ပိုမိုကောင်းမွန်စွာနားလည်ရန် အမှန်တကယ်လိုအပ်သည်။

ဤအစီရင်ခံစာတွင် ကရင်ပြည်နယ်၏ မြေပြင်အခြေအနေအပါအဝင် ရွာသားများနှင့် လူမှုအသိုက်အဝန်းမှ လိုအပ်ချက်များအား ဖော်ပြထားပါသည်။ ထို့အပြင် ၎င်းတို့အား ကူညီထောက်ပံ့မှုများအားပေးရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းများ၏ အားထုတ်မှုများနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကိုပါ ထည့်သွင်းဖော်ပြထားသည်။ ထို့နည်းတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွင် ပါဝင်လုပ်ဆောင်သူများအနေဖြင့် အကူအညီများပေးနိုင်မည့်နည်းလမ်းများအား မည်ကဲ့သို့ အကောင်အထည်ဖော်နိုင်သည်ကို ကောင်းမွန်စွာ အကဲဖြတ်နိုင်ရန်အတွက် လက်ရှိအကူအညီပေးသည့်အဖွဲ့အစည်းများမှ ၎င်း၏ပစ်မှတ်ထားသည့် အကူအညီလက်ခံရရှိသူများထံ ထိရောက်စွာရောက်ရှိမှုအပေါ် ဟန့်တားထားသည့် အဓိကထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေးဆိုင်ရာ အတားအဆီးများကိုလည်း လေ့လာသုံးသပ်ထားပါသည်။ ဤအစီရင်ခံစာတွင် ဒေသခံအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ပဏာမခြေလှမ်းများသည် လုစ်ဟာမှုများအားမည်သို့ ဖြည့်ဆည်းပေးနေသည်ကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် ဒေသခံအဖွဲ့အစည်းများလုပ်ဆောင်နေသည့် လမ်းကြောင်းများကို အသိအမှတ်ပြုသင့်ပြီး ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများသည် လက်ရှိလိုအပ်ချက်များ ဖြေရှင်းရာတွင်သာမက ရေရှည်တွင် ပိုမိုရေရှည်တည်တံ့သောယန္တရားများကို ပံ့ပိုးပေးခြင်းဖြင့် ပိုမိုထိရောက်သောနည်းလမ်းများပါ မီးမောင်းထိုးပြထားပါသည်။

## အဓိကရှာဖွေတွေ့ရှိချက်များ

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် လက်နက်ကိုင် ပဋိပက္ခများ၊ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ၊ အရပ်သားများကို လက်တုံ့ပြန်သည့်လုပ်ဆောင်ချက်များ၊ လုံခြုံရေးနှင့် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းအပြင် ဖမ်းဆီးခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အရပ်သားများ အိုးအိမ်စွန့်ခွာထွက်ပြေးမှုများ တိုးများလာခဲ့သည်။

ထိုင်းနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခွင့် ကန့်သတ်ချက်များကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ စစ်ဘေးရှောင်ရွာသားအများစုသည် ပြည်တွင်းနေရပ်စွန့်ခွာနေကြရပြီး နိုင်ငံတကာအကာအကွယ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ မရရှိကြပေ။

ယခင်စစ်အစိုးရများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထောက်ပံ့မှုအခြေခံအုတ်မြစ်အားဖျက်စီးရန် အသုံးပြုခဲ့သော "ဖြတ်လေးဖြတ်"[5] နည်းလမ်းကို ပြန်လည်အသုံးပြုသည့်အနေဖြင့် ယခုစစ်အာဏာရှင်သစ်သည် ခရီးသွားလာမှုနှင့် ကုန်ပစ္စည်းတင်ပို့မှုများအပေါ် ပြင်းထန်သည့်ကန့်သတ်ချက်များထားရှိခြင်း၊ ဆေးဝါးနှင့် အစားအသောက်များအား သိမ်းဆည်းလုယူဖျက်ဆီးခြင်း၊ ထိုသို့ ပံ့ပိုးပေးသူများအား ဖမ်းဆီးခြင်းနှင့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သောအရင်းအမြစ်များကို ဖြတ်တောက်ခြင်းများ ပြုလုပ်ခဲ့သည်။

စစ်ကောင်စီ၏ ပိတ်ပင်ဟန့်တားမှုများသည် ဂျီနီဗာသဘောတူစာချုပ် ပုဒ်မ(၃)နှင့် လူသားဆန်စွာ ဆက်ဆံခြင်းနိယာမတွင်ပါသော ပြည်သူများ၏အခွင့်အရေးအား ချိုးဖောက်လျက်ရှိသည်။ ထိုအထဲတွင် လိုအပ်သောထောက်ပံ့မှုများမရှိသည့်အတွက် လူ့ဂုဏ်သိက္ခာကို ခြိမ်းခြောက်နိုင်သည့် အခြေအနေအထိ ပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခြင်းမလုပ်ရန် စည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။

ဆေးဝါးကုသခွင့် လက်လှမ်းမမီနိုင်မှု၊ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် သေဆုံးမှုများအပြင် ပြေးစရာနေရာမရှိသောကြောင့် ပြင်းထန်သောပဋိပက္ခဖြစ်ပွားရာနေရာများနှင့် လုံခြုံမှုမရှိသောဒေသများတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ချက်ချခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်းကို ညွှန်ပြနေပါသည်။

အစားထိုးကျန်းမာရေးဝန်ဆောင်မှုများအား ရှာဖွေဖော်ထုတ်ရန် ဒေသခံအဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများကို ရေးဆွဲခြင်းဖြင့် ရွာသားများအချင်းချင်း ပံ့ပိုးကူညီနိုင်ကြသည်။ ထို့နည်းအတူ ရွှေ့ပြောင်းနေထိုင်သည့်အချိန်၌ပင် စစ်ဘေးရှောင်ကလေးများအတွက် စာသင်ကျောင်းများ ဆက်လက်လည်ပတ်နိုင်ခြင်းနှင့် လိုအပ်နေသော အကူအညီများပေးအပ်နိုင်ခြင်းတွင် ဒေသတွင်းရပ်ရွာလူထု၏ အခြေခံကွန်ရက်များ ထိရောက်မှုရှိကြောင်းကို ပြသနေပါသည်။

---

5 မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ၎င်းတို့အား ငွေကြေး၊ အထောက်အပံ့ အကြံအညဏ်များနှင့် တပ်သားသစ်များထောက်ပံ့ပေးနေသော ရွာသားများကြား ဆက်သွယ်မှုကို ဖျက်စီးရန်အတွက် မြေလှန်စနစ်ဖြစ်သည့် ဖြတ်လေးဖြတ်စနစ်အား ၁၉၅၀ ခုနှစ်များတွင် စတင်အသုံးပြုခဲ့ပြီး ၁၉၆၀ ခုနှစ် အလယ်လောက်တွင် တရားဝင်အသုံးပြုခဲ့ကြသည်။

ဒေသတွင်း အရပ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs/CSOs)၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် ဘာသာရေးအဖွဲ့အစည်းများအားလုံးသည် ဒေသနှင့်ပတ်သက်၍အသိပညာနှင့် အတွေ့အကြုံများရှိကြပြီး ပြောင်းရွှေ့နေထိုင်သောရွာသားများအတွက် လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ် အထောက်အပံ့များပေးအပ်ရာတွင် အဓိကလုပ်ဆောင်သူများဖြစ်ကြသည်။ နိုင်ငံတကာအလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ထောက်ပံ့မှုပစ္စည်းများ ပေးအပ်နိုင်ခြင်းမရှိသော်လည်း ထိုဒေသခံအဖွဲ့အစည်းများအား လုံလောက်သော အထောက်အပံ့များပေးရန် ပျက်ကွက်ခဲ့သည်။

## အကြံပြုချက်များ

နိုင်ငံတကာအသိုက်အဝန်း၊ အာဆီယံ, NGO များ၊ ငွေကြေးထောက်ပံ့မှုအေဂျင်စီများ နှင့် ဒေသတွင်းနှင့် နိုင်ငံခြားအစိုးရများ

- လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ စစ်ကောင်စီမှ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အတည်ပြုလက်ခံရန်။
- စစ်ကောင်စီအား နိုင်ငံရေးအရ တရားဝင်မှုပြုရာရောက်သည့် မည်သည့် လုပ်ရပ်မျိုးကိုမဆို လုပ်ဆောင်ခြင်းမှ ရှောင်ရှားရန်၊ စစ်ကောင်စီနှင့်လက်တွဲလုပ်ဆောင်မှုများသည် ၎င်းတို့ကို တရားဝင်အသိအမှတ်ပြုရာရောက်သည်ကို သိရှိနားလည်ရန်။
- လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရာတွင် ဆုံးဖြတ်ချက်ချနိုင်သော အခွင့်အာဏာကို စစ်ကောင်စီမှ ဆုပ်ကိုင်ထားခြင်းမရှိအောင် သေချာစွာလုပ်ဆောင်ရန်နှင့် ရန်ပုံငွေများကို စစ်ကောင်စီမှတစ်ဆင့် သွယ်ဝိုက်သောအားဖြင့် ပေးပို့ခြင်းများမပြုရန်။
- မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးသည့်အခါ ဘက်မလိုက်ရေး အခြေခံမူကို မကြာခဏ မှားယွင်းစွာကျင့်သုံးနေမှုများကြောင့် နိုင်ငံတဝန်းလုံးရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်ချက်များအား ဖြည့်ဆည်းရာတွင် နှောင့်နှေးမှုများ ဖြစ်စေသည်ကို သိရှိနားလည်ရန်။
- လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းကို ဖြေရှင်းရာတွင် စစ်ကောင်စီနှင့် လက်တွဲလုပ်ဆောင်မည့်အစား အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး နားလည်မှုစာချွန်လွှာများရေးထိုးရန်။
- အာဆီယံကို ဒီမိုကရေစီနည်းကျ ရွေးကောက်ခံအရပ်သားအစိုးရမှ အာဏာပြန်လည်မရမခြင်း မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားဖို့အတွက် တောင်းဆိုရန်။ အရပ်သားများအပေါ် စစ်ကောင်စီ၏ အကြမ်းဖက်မှုများကို အဆုံးသတ်ရာတွင် နိုင်ငံတကာအပါအဝင် ပြည်တွင်းပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အစိုးရမဟုတ်သောပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် ဝန်ဆောင်မှုပေးသူ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများထံ ရန်ပုံငွေပိုမိုရရှိနိုင်စေရန် နိုင်ငံတကာရန်ပုံငွေ

ဖြန့်ဖြူးမှုလမ်းကြောင်းမျိုးစုံရှိအောင်လုပ်ဆောင်ရန်။

- ဝန်ဆောင်မှုများပေးဆောင်ရာတွင် ဒေသခံများနှင့်ပုံမှန်ထိတွေ့မှုရှိပြီး ၎င်းတို့၏ ယုံကြည်မှုကို ရရှိထားသော စွမ်းရည်နှင့်ကွန်ယက်ရှိပြီးသား ဒေသခံ CSO/CBO များနှင့်ဝန်ဆောင်မှုပေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကို ဦးစားပေးရန်နှင့် ထိုအစုအဖွဲ့များ၏ဝန်ဆောင်မှုပေးသည့် နည်းလမ်းများကို အားဖြည့်လုပ်ဆောင်ပေးရန်။
- ဒေသခံလူထုအားပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများကို ဆယ်စုနှစ်များစွာ ထိတွေ့လုပ်ဆောင်လာပြီးဖြစ်သော ဒေသခံ CSO/CBO များနှင့် တိုင်းရင်းသားဝန်ဆောင်မှုပေးသူများကို ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပေးရန်။
- COVID–19 ကာကွယ်ရေးနှင့် ကုသရေးကို မြှင့်တင်ရန်နှင့် ကျေးလက်တွင် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရန်အတွက် NUG နှင့် တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ (EHOs) မှ ဖွဲ့စည်းထားသော COVID–19 အလုပ်အဖွဲ့အပါအဝင် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ (EHOs) နှင့် အစိုးရမဟုတ်သော ကျန်းမာရေးဝန်ဆောင်မှုပေးသူများ ကို ကူညီထောက်ပံ့ရန်။
- ဒေသတွင်း ဝန်ဆောင်မှုပေးသူများနှင့် CSO/CBO များထံ ရန်ပုံငွေများရောက်ရှိစေခြင်းဖြင့် ကိုယ်ထူ ကိုယ်ထနှင့် တိုင်းရင်းသားများလည်ပတ်သော ကျောင်းများနှင့် ပညာရေးအစီအစဉ်များကို ပံ့ပိုး ကူညီရန်။
- ခိုလှုံခွင့်ရှာဖွေနေသည့် နယ်စပ်ဖြတ်ကျော်သူများကို သက်ဆိုင်ရာအာဏာပိုင်များမှ ငြင်းပယ်ခြင်း မပြုရန် အိမ်နီးချင်းနိုင်ငံများအား တိုက်တွန်းရန်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများအား နယ်စပ်ဖြတ် ကျော်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ပြီး ခိုလှုံခွင့်ရှာဖွေနေသူများအတွက် အထောက်အပံ့ နှင့် အကာအကွယ်များပေးအပ်ရန်။
- မြန်မာနိုင်ငံအတွင်းသို့ အကူအညီများဝင်ရောက်နိုင်စေရန် အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံ ရန်။ အထူးသဖြင့်အကူအညီများကို ကုန်းလမ်းမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရေး အဖွဲ့အစည်းများ၊ ဒေသအတွင်း လုပ်ဆောင်နေသော ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများမှတ ဆင့် ပေးပို့ရန်။
- နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) သို့လွှဲပြောင်းပေးမှုကိုထောက်ခံကြောင်းအတိအလင်းကြေညာပြီး စစ်ကောင်စီမှကျူးလွန်သောရာဇဝတ်မှုများစွာအတွက် တာဝန်ခံမှုရှိစေရန် နောက်ထပ်အခွင့်အ ရေးများကိုလည်း ရှာဖွေရန်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝင်ငွေများအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ပြီး စစ်ကောင်စီမှ ပြည်သူ များအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများကို လျှော့ချနိုင်မည့် စီးပွားရေးအရသက်ရောက်မှုရှိသော ပိတ်ဆို့မှုများကိုချမှတ်ရန်။
- လက်နက်ရောင်းချမှုရပ်ဆိုင်းရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ထောက်ခံရန်။
- အရပ်သားများကို လုံခြုံမှုပေးနိုင်ရန်အတွက် နိုင်ငံတကာကအာမခံချက်ရှိသော အရပ်သားဘေး

ကင်းရေးဇုန်များကို မြန်မာပြည်တွင်းနှင့်အိမ်နီးချင်းနိုင်ငံများအတွင်း ထူထောင်နိုင်ရန်အတွက် ဝိုင်းဝန်းကူညီလုပ်ဆောင်ရန်။

## အစီရင်ခံစာရေးသားပြုစုပုံနည်းစနစ်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) လုပ်ငန်းဆောင်ရွက်ရာဒေသများ၏ လုံခြုံရေးအခြေအနေမှာ ပိုမိုပြင်းထန်ဆိုးရွားလာသဖြင့် တွေ့ဆုံမေးမြန်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ရန် စိန်ခေါ်မှုများကြုံတွေ့ခဲ့ရသည်။ KHRG အနေဖြင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် ပုံမှန်ထက်ပို၍သတိကြီးစွာဖြင့်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် တွေ့ဆုံမေးမြန်းသူအား ရွေးချယ်ရာတွင် ၎င်းတို့၏ လူမှုအသိုက်အဝန်း သို့မဟုတ် ဒေသအတွင်းအခြေအနေနှင့် ပတ်သက်၍ဗဟုသုတရှိသော၊ လူသားချင်းစာနာမှုဘေးအန္တရာယ်နှင့် ရွာသားများ၏ လိုအပ်ချက်ကို ဖော်ပြပေးနိုင်သူကိုသာ ရွေးချယ်မေးမြန်းခဲ့ပါသည်။ ဤအစီရင်ခံစာသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှု ၂၄ ခုကို အခြေခံထားသည်။ ထို့အပြင် တွေ့ဆုံမေးမြန်းမှုခြောက်ခုမှာ စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ဒေသတွင်းရှိCBOs/CSOsများမှအဖွဲ့ဝင်များလုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းများ၊ အရေးပေါ်အကူအညီများနှင့် ဝန်ဆောင်မှုများပေးသည့်အခါ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို မေးမြန်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ခရိုင်အတော်များများတွင် တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်တိုက်ပွဲများ ပိုမိုဖြစ်ပွားခဲ့ပါသည်။ အထူးသဖြင့် ထိုင်း-မြန်မာ-နယ်စပ်တလျှောက်ရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လုပ်ဆောင်သည့်အခါ ရင်ဆိုင်ကြုံတွေ့ရသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ မူရင်းအချက်အလက်အစီရင်ခံစာများအား ဤအစီရင်ခံစာရေးသားရာတွင် ထည့်သွင်းတင်ပြထားသည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသောအချက်အလက်များသည် ရွာသားများ၏သက်သေခံချက်များနှင့် တွေ့ဆုံ မေးမြန်းမှုများမှ ပြုစုရေးသားထားခြင်းဖြစ်သည်။ ဤသတင်းမှတ်တမ်းအစီရင်ခံစာပြုစုရေးသားမှု နည်းလမ်းများအတိုင်း[6] အချက်အလက်များအား KHRG မှ သင်ကြားပေးထားသောဒေသခံအဖွဲ့ဝင်များ၏ တွေ့ဆုံမေးမြန်မှုများမှတဆင့် ကောက်ခံခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများမှ ရရှိလာသော သတင်းအချက်အလက်များ ပြည့်စုံစေရန်အတွက် KHRG အနေဖြင့် မိမိတို့၏ကိုယ်ပိုင် သတင်းအချက်အလက်များနှင့် ပြင်ပအရင်းအမြစ်များကို သင့်လျော်သလို အသုံးပြုခဲ့သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်အလက်များကို KHRG လုပ်ငန်းဆောင်ရွက်ရာ ဒေသများဖြစ်သော ခရိုင်ခုနှစ်ခုအထဲမှ ခရိုင်ငါးခုဖြစ်သည့် ဒူးသထူး(သထုံ)၊ ခလယ်လွီထူ(ညောင်လေးပင်)၊ မြိတ်-ထားဝယ်၊ မူတြော်(ဖာပွန်)နှင့် ဒူးပလာယာခရိုင်[7] များတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် မူရင်း

---

[6] KHRG ၏ သတင်းအချက်အလက်မှတ်တမ်းပြုစုပုံအပြည့်အစုံနှင့် အစီရင်ခံစာရေးသားမှုနည်းလမ်းများကို စာဖတ်သူများသိရှိလိုပါက KHRG ထံသို့ ခွင့်တောင်းရယူနိုင်ပါသည်။

[7] ရှင်းလင်းချက် - ကွင်းစကွင်းပိတ်ထဲတွင် ဖော်ပြထားပြီး မြန်မာအခေါ်အဝေါ်ဖြင့် အသုံးပြုသောခရိုင်များ၏အမည်များသည် မြန်မာအစိုးရအုပ်ချုပ်ရေးပိုင်းနှင့် သက်ဆိုင်ခြင်းမရှိပါ။

အစီရင်ခံစာများမှ အသုံးပြုထားခြင်းဖြစ်သည်။ စစ်အာဏာသိမ်းချိန်မှစ၍ KHRG ရရှိခဲ့သည့် အစီရင်ခံစာ အမျိုးအစားနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးသည့်အခါ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အကဲဖြတ်ရာတွင် ဤခရိုင် (၅) ခုသည် အခြားခရိုင် (၂) ခုထက် အခြေအနေဆိုးရွားသော ကြောင့် ကျွန်ုပ်တို့၏ သုတေသနကို ၎င်းခရိုင်(၅) ခုတွင်သာ ကန့်သတ်ပြီး လုပ်ဆောင်ရခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသော နေရာဒေသများအား "ခရိုင်များ" အဖြစ် ရည်ညွှန်းထားပြီး ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ)နှင့် ဒေသတွင်း ကရင်အဖွဲ့အစည်းများမှအသုံးပြုသော အမည်များကို ကိုးကားအသုံးပြုထားသည်။ ထိုဒေသများတွင်တည်ရှိနေသော ကရင်အဖွဲ့အစည်းများမှာ ကရင်အမျိုးသား အစည်းအရုံးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ ပါဝင်သကဲ့သို့ သက်ဆိုင်မှုမရှိသောအဖွဲ့များလည်း ပါဝင်ပါသည်။ KHRG အနေဖြင့် ထိုခရိုင်များအား နိုင်ငံရေးနှင့်ဆက်နွယ်ခြင်းမရှိပဲ ဒေသခံအများစုက ထိုသို့အသုံးပြုသည့်အတွက် မိမိတို့သတင်းအချက်အလက်ရယူသည့်နေရာများအဖြစ် ရည်ညွှန်းသုံးနှုန်း ခြင်းဖြစ်ပါသည်။


မေးခွန်းဖြေကြားသူအားလုံးကို မေးခွန်းမေးမြန်းရခြင်း၏ ရည်ရွယ်ချက်များအား အသိပေးထားပြီး အစီရင် ခံစာတွင် ထည့်သွင်းခွင့်ပေးရန် သဘောတူညီချက် ရယူထားပါသည်။ တွေ့ဆုံမေးမြန်းမှုများကို စကော ကရင်နှင့် ဗမာဘာသာများဖြင့် ပြုလုပ်ခဲ့သည်။ မေးခွန်းဖြေကြားသူများ၏ အမည်များနှင့် အသေးစိတ် အချက်အလက်များကိုမူ လုံခြုံရေးအရ လျှို့ဝှက်ထားပါသည်။ အချို့သောကိစ္စရပ်များတွင် ကျေးရွာအမည် များနှင့် လူပုဂ္ဂိုလ်နာမည်များကို က–––မှ အအ–––အထိ စကားလုံးများ အသုံးပြုကာ ဆင်ဆာဖြတ်တောက် ထားပါသည်။ ထိုအမည်ဝှက် စကားလုံးများသည် အမည်အရင်းများ သို့မဟုတ် KHRG ၏ ယခင်အစီရင်ခံ စာများတွင် အသုံးပြုထားသော အမည်ဝှက်များနှင့် သက်ဆိုင်ခြင်းမရှိပါ။

ဒေသတွင်းရှိအာဏာပိုင်များနှင့် အဖွဲ့အစည်းများမှပေးအပ်သည့် သတင်းအချက်အလက်အချို့သည် ထိလွယ်ရှလွယ်သည့် ကိစ္စရပ်များ ပါဝင်သောကြောင့် ဝန်ဆောင်မှုပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ ဆိုင်ရာ စိန်ခေါ်မှုနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်အချို့ကို ဤအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။

## ဝေါဟာရနှင့်အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| AHA | အာဆီယံ – စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) |
| BGF | နယ်ခြားစောင့်တပ် |
| BMA | မြန်မာနိုင်ငံဆေးပညာရှင်များအသင်း |
| BPHWT | နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေး လုပ်သားအဖွဲ့ |
| CSO/CBO | အရပ်ဖက်အဖွဲ့အစည်း/လူထုအခြေပြုအဖွဲ့အစည်း |
| CDM | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CIDKP | ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| FBR | Free Burma Rangers |
| IDP | ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ |
| KDHW | ကရင်ကျန်းမာရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဌာန |
| KECD | ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန |
| KERT | ကရင်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ |
| KESAN | ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှုကွန်ယက် |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KORD | ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး |
| KRC | ကရင်ဒုက္ခသည်များကော်မတီ |
| KSEAG | ကရင်ပြည်နယ် ပညာရေးအထောက်အကူပြုအဖွဲ့ |
| KTWG | ကရင်ကျောင်းဆရာများအဖွဲ့ |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| MPFU | မြန်မာနိုင်ငံမှထွက်ပြေးလွတ်မြောက်လာသူများ |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ် |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UNHCR | ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး |

## မြေပုံ-၁ကရင်လူ့အခွင့်အရေးအဖွဲ့၏လှုပ်ရှားရာနယ်မြေ(ကေအဲန်ယူသတ်မှတ်ထားသော ကော်သူးလေနယ်နိမိတ်နှင့်မြန်မာအစိုးရသတ်မှတ်ထားသောပြည်နယ်နှင့်တိုင်းဒေသကြီး များ)



# အခန်း (၁) အကာအကွယ်ပေးမှုနှင့်ပတ်သက်သော စိန်ခေါ်မှုများ

ဤအခန်းတွင် အကာအကွယ်ပေးမှုနှင့် ပတ်သက်သော စိန်ခေါ်မှုများကို ခြုံငုံသုံးသပ်ထားပါသည်။ လေ့လာတွေ့ရှိချက်အရ နိုင်ငံတကာနယ်စပ်ဖြတ်ကျော် အကာအကွယ်ရယူခွင့်နှင့်ပတ်သက်သော နိုင်ငံတကာစံနှုန်းများကို အိမ်နီးချင်းအစိုးရများမှ လေးစားလိုက်နာရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် ရွာသားအများစုသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၊ မလုံခြုံမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှ ထွက်ပြေးလွတ်မြောက်ရန် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်းသည်သာ တစ်ခုတည်းသော ရွေးချယ်စရာဖြစ်နေကြောင်း ဖော်ပြနေသည်။ ထို့နောက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် အရေးပေါ် အထောက်အပံ့များအား လိုအပ်နေသူများထံ ပေးပို့ရာတွင် တွေ့ကြုံရသည့်အဟန့်အတားများကို လေ့လာသုံးသပ်ထားပါသည်။ ဤလေ့လာသုံးသပ်မှုတွင် စစ်ကောင်စီမှ သွားလာမှုနှင့် ကုန်ပစ္စည်းပို့ဆောင်မှုအား ကျယ်ကျယ်ပြန့်ပြန့် ကန့်သတ်ထားမှုများကြောင့် နိုင်ငံနယ်နိမိတ်အတွင်း လုပ်ငန်းလည်ပတ်ရန် ကြုံတွေ့ရသည့်အဟန့်အတားများ၊ ဆေးဝါးနှင့် အစားအသောက်များအား သိမ်းယူဖျက်စီးခြင်းများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ် အကူအညီများပံ့ပိုးပေးသူများကို စစ်ကောင်စီမှ ခြိမ်းခြောက်ခြင်းများ စသည့်စိန်ခေါ်မှုများကို မီးမောင်းထိုးဖော်ပြထားသည်။

## (က) နယ်စပ်ဖြတ်ကျော်ခွင့်အား ငြင်းပယ်ခြင်း

ဒေသတွင်းရှိ အရင်းအမြစ်များမှ ရရှိလာသည့် အချက်အလက်များအား ပြန်လည်သုံးသပ်ရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးချိန်မှစ၍ ကရင်ပြည်နယ်တွင် ထွက်ပြေးတိမ်းရှောင်သူဦးရေ ၁၇၀၀၀၀ ကျော် ရှိသည်ဟု KHRG က ခန့်မှန်းထားသည်။ ဤခန့်မှန်းချက်သည် အမှန်တကယ် ရှိနေသည့် ထွက်ပြေးတိမ်းရှောင်သူဦးရေအရေအတွက်ထက် ပိုမိုနည်းပါးပါသည်။ ယေဘုယျအားဖြင့် အတင်းအဓမ္မ နေရပ်စွန့်ခွာရခြင်းကို တိုင်းတာရန်နှင့် ဖော်ပြနိုင်ရန် အလွန်ခက်ခဲပြီး လက်ရှိအခြေအနေတွင် ပို၍ပင်ခက်ခဲပါသည်။ ထိုင်းနိုင်ငံအတွင်းသို့ တရားဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်ရန်နှင့် (နိုင်ငံတကာနှင့် ပြည်တွင်းမှ အသိအမှတ်ပြု အာမခံပေးထားသည့်) တရားဝင်စစ်ရှောင်စခန်းများအား ထိုင်း–မြန်မာ နယ်စပ် နှစ်ဖက်လုံးတွင် တည်ဆောက်ရန်အတွက် ကန့်သတ်ချက်များစွာရှိနေပါသည်။ အကြောင်းမှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခြင်းအများစုသည် အစီအစဉ်မကျဖြစ်နေတတ်ပြီး စစ်ပြေးရှောင်အများစုသည်လည်း ပြည်တွင်း၌သာ ရှိနေသည့်အတွက် ၎င်းတို့နှင့်ပတ်သက်၍ အချက်အလက်ကောက်ယူရန်နှင့် အစီရင်ခံတင်ပြရန်မှာ ပိုမိုခက်ခဲသည်။ အကြောင်းမှာ ရွှေ့ပြောင်းအခြေချသည့် နေရာများကို ခြေရာခံရန်နှင့် အစီရင်ခံရန် တာဝန်ရှိသော အဖွဲ့အစည်းများသည် စစ်ပြေးရှောင်များ ရွှေ့ပြောင်းနေထိုင်ရာနေရာများသို့ ဝင်ရောက်နိုင်စွမ်း အနည်းငယ်သာရှိသည်သောကြောင့်ဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်းတွင် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ထိုင်းနိုင်ငံ)၏ ပြောကြားချက်အရ ဒုက္ခသည်များအား လက်ခံထားသော ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ စစ်ရှောင်စခန်းများအတွက် ထိုင်းအစိုးရထံမှ ခွင့်ပြုချက်မရသေးသကဲ့သို့ မြန်မာနိုင်ငံနယ်စပ်ဖက်သို့ လက်လှမ်းမီနိုင်ခြင်းလည်း မရှိပါ။[8]

[8] နိုင်ငံတကာသတင်းမီဒီယာအဖွဲ့ဖြစ်သည့် Reuters မှ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော “Fleeing violence in My–anmar, thousands camp along Thai border river” တွင် ကြည့်ပါ။

သို့သော်လည်း ထိုင်းအစိုးရသည် နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား အကူအညီပေးရန်နှင့် စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။ ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအား ပေးပို့ရာတွင် ပံ့ပိုးကူညီပေးရန် အဆင်သင့်ရှိကြောင်းလည်း ပြောခဲ့သည်။[9] ထို့အတွက် ထိုင်းအစိုးရသည် နယ်စပ်တစ်လျှောက်ရှိ နေရပ်ရွှေ့ပြောင်းခဲ့သူများ၏ လိုအပ်ချက်များအတွက် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများ၏အကူအညီအား ငြင်းပယ်ပြီး အခြေအနေအား ကိုယ်တိုင်ကိုင်တွယ်နေသည်ဟု ဆိုပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်လည်း  ဝန်ကြီးချုပ်မှ “မြန်မာနိုင်ငံမှထွက်ပြေးလွတ်မြောက်လာသူများ(MPFU)အနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်သာ နေရပ်ပြန်ရမည်ဖြစ်သည်။ ထိုင်းအဖွဲ့အစည်းများမှ MPFU သို့ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ ကူညီထောက်ပံ့မှုများ ပေးနေသည်ကို နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် စိတ်ချနိုင်သည်” ဟု ဆိုသည်။[10] တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံအတွင်းသို့ဝင်ရောက်လာခဲ့သောရွာသားများက၎င်းတို့အား ထိုင်းစစ်သားများမှ *“သေနတ်သံမကြားရဘူး။ တိုက်ပွဲမဖြစ်သေးလို့ ခင်ဗျားတို့လာလို့မရသေးဘူး။”* ဟု ပြော၍ မြန်မာနိုင်ငံသို့ ပြန်လွှတ်ခဲ့ကြောင်း KHRG သို့ တင်ပြခဲ့သည်။




သေဘောဘိုး (တောနော်)အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့ရွာတွင် လက်နက်ကြီး ပစ်ခတ်မှုနှင့် တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ သို့သော် ထိုင်းအာဏာပိုင်များမှ ထိုင်းနိုင်ငံတွင်နေ ထိုင်၍မရနိုင်ဟု ၎င်းတို့အားပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျောင်းသား၊ ကျောင်းသူများသည် သေဘောဘိုးရွာသို့ ပြန်လာခဲ့ရသည်။ *(ဓာတ်ပုံ – KHRG)*

---

[9] ထိုင်းဘုရင့်အစိုးရပြည်သူ့ဆက်ဆံရေးဌာနမှ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော “Thailand Joins UN in Finding Peaceful Solutions to the Situation in Myanmar” တွင် ကြည့်ပါ။

[10] ထိုင်းဘုရင့်အစိုးရမှ (ခန့်မှန်းခြေအရ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင်) ထုတ်ဝေသော “PM and UNSG Special Envoy on My–anmar agree to push forward for peaceful solutions to Myanmar situation” တွင် ကြည့်ပါ။

ဒေသခံထိုင်းအာဏာပိုင်များက အရေးပေါ်အခြေအနေတွင် မြစ်ကိုဖြတ်ကူး၍ ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးလာသူများအား ခွင့်ပြုခဲ့ပြီး အရေးပေါ်အကူအညီအချို့ ပံ့ပိုးပေးခဲ့သော်လည်း ထိုကူညီထောက်ပံ့မှုများမှာအနည်းငယ်မျှသာဖြစ်သည်။ ထွက်ပြေးတိမ်းရှောင်သူများအား အချိန်အနည်းငယ်သာနေထိုင်ခွင့်ပေးခဲ့ပြီး သေနတ်သံနှင့် လက်နက်ကြီးပစ်သံများငြိမ်ကျလာပါက ထိုင်းနိုင်ငံမှ ထွက်ခွာရမည်ဖြစ်ကြောင်း ထိုင်းစစ်သားများက ပြောသည်။ ဒေသတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာဖြစ်သူမှ မှတ်ချက်ပြုခဲ့သည်မှာ *"တိုက်ပွဲတွေနဲ့ ပစ်ခတ်မှုတွေက ဘယ်အချိန်ဖြစ်မယ်ဆိုပြီး အချိန်သတ်မှတ်ထားတာ မရှိဘူး။ လူတွေကို ဒီအတိုင်း ပြန်ပို့လို့မရဘူး။"*

မူကြော်ခရိုင်တွင် ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း လေကြောင်းတိုက်ခိုက်မှုများစတင်ခဲ့ပြီးနောက် အစောပိုင်းကာလများတွင် ထိုင်းအစိုးရမှ ကိုဗစ်-၁၉ ကြောင့် လုံခြုံရေးနှင့်ပြည်သူ့ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ကိုအကြောင်းပြု၍ထိုင်းနိုင်ငံအတွင်း စစ်ပြေးဒုက္ခသည်များဝင်ရောက်မှုကို ပိတ်ပင်ထားခဲ့သည်။ သို့သော် အဓမ္မနေရပ်ပြန်လည်နေထိုင်စေရန်အတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုအား အသုံးပြု၍မရပါ။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ ပြောဆိုချက်အရ "အဓမ္မ နေရပ်ပြန်လည်ပို့ဆောင်ခြင်းအား အကာအကွယ်ပေးမှုများမရှိပဲ ဒေသတွင်းကျန်းမာရေးဆိုင်ရာ အန္တရာယ်ကျရောက်နိုင်မှုကို အကြောင်းပြု၍ နယ်မြေအတွင်း ဝင်ရောက်ခွင့် ငြင်းပယ်ခြင်းကို ပြုလုပ်၍ မရပါ။" အဘယ်ကြောင့်ဆိုသော် ရောဂါလက္ခဏာရှိမရှိ စမ်းသပ်မှုများ သို့မဟုတ် သီးသန့်နေထိုင်ခြင်းများ(ကွာရာတင်း) စသည့် ကျန်းမာရေးလုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ထမ်း ပြုလုပ်နိုင်သည့်အတွက် အာဏာပိုင်များအနေဖြင့် ခိုလှုံခွင့်တောင်းခံသူများအား ဘေးကင်းလုံခြုံစွာ လက်ခံရန် စီမံခန့်ခွဲနိုင်သည်။[11] သို့သော်လည်း ထိုင်းအစိုးရမှ နယ်စပ်ဖြတ်ကျော်သွားလာခြင်းအား ပြင်းပြင်းထန်ထန် ကန့်သတ်မှုများ ပြုလုပ်လျက်ရှိပြီး မြန်မာပြည်အရှေ့တောင်ပိုင်းမှ ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးလွတ်မြောက်လာသူများအတွက် တရားဝင်လက်ခံရန်နှင့် စံသတ်မှတ်ချက်များချမှတ်ပြီး စီစစ်ခြင်းများလည်း မရှိပါ။



ဤပုံကို ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဝေါ်လေကျေးရွာတွင်နေထိုင်သော စစ်ပြေးရှောင်တစ်ဦးမှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ သူမ၏ရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ သူမနှင့်တစ်ချို့ရွာသားများသည် ထိုင်းနိုင်ငံသို့ လာရောက် နေထိုင်ခွင့်ရသော်လည်း ၎င်းတို့သည် ကူညီထောက်ပံ့မှုများ လက်ခံရရှိခြင်းမရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ထိုင်းနိုင်ငံရှိရွာတွင် ဝင်ရောက်နေထိုင်ခွင့်မရခဲ့ပေ။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

ထိုင်းနိုင်ငံတွင် ခိုလှုံခွင့်ရရှိရန် ကြိုးပမ်းခဲ့သော မြန်မာနိုင်ငံမှ ပြည်သူအများစုမှာ ပြန်လည်ပို့ဆောင်ခြင်းခံရသော်လည်း UNHCR မှ ထိုင်းအစိုးရ၏ အဆိုအရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ ထိုင်းနိုင်ငံအတွင်း

[11] ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ၂၀၂၀ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Key Legal Considerations on access to territory for persons in need of international protection in the context of the COVID-19 response" တွင် ကြည့်ပါ။

အထူးသဖြင့် ထိုင်းဘုရင့်တပ်မတော်၏ အုပ်ချုပ်မှုအောက်ရှိ ယာယီလုံခြုံရေးနယ်မြေငါးခုတွင် ခိုလှုံနေသော စစ်ပြေးရှောင်ဦးရေ ပေါင်း ၁၉၈၀ ခန့် ကျန်ရှိကြောင်း ဖော်ပြထားသည်။[12] ထိုင်းနိုင်ငံဖက်ခြမ်းတွင် ၁၉၈၀ ခုနှစ် ကတည်းက တည်ရှိနှင့်ပြီးသော ယာယီလုံခြုံရေးစခန်း (ဒုက္ခသည် စခန်းများ) တွင် ဒုက္ခသည်အသစ်များ လက်ခံခြင်းမရှိပဲ အသစ်ပြောင်းရွှေ့လာသော ဒုက္ခသည်များအား ထိုင်းနိုင်ငံအခြေစိုက် UNHCR နှင့် တွေ့ဆုံခွင့်ကို ထိုင်းအစိုးရက ပိတ်ပင်ထားသည်။ "ဒုက္ခသည်များအား တာ့ခ်ခရိုင်၊ မဲဆောက်ရှိ ယာယီလုံခြုံရေးနေရာမှ ပိုမိုလုံခြုံပြီး သိက္ခာရှိစွာနေထိုင်နိုင်သော ယာယီနေထိုင်ရာနေရာနှင့် ပိုမိုကောင်းမွန်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ရရှိနိုင်သော အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့ပေးရန်" ထိုင်းအစိုးရသို့ တောင်းဆိုသော စာတမ်းတစ်စောင်ကို UNHCR မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။[13] ထိုစာတမ်းတွင် UNHCR အနေဖြင့် ထိုင်းအာဏာပိုင်များအား အသစ်ရောက်ရှိလာသော ဒုက္ခသည်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပံ့ပိုးကူညီရန် ဆန္ဒရှိကြောင်းကိုလည်း ထပ်လောင်းဖော်ပြထားသည်။ ဒုက္ခသည်များတည်ရှိရာ နေရာများသို့ အခက်အခဲမရှိသွားရောက်ခွင့်ရရှိရန် UNHCR နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသည့် မိတ်ဖက်အဖွဲ့များမှ ဆက်လက်တောင်းဆိုနေကြသော်လည်း အရာမထင်ခဲ့ပေ။ ဘုရင့်တပ်မတော်မှ စီမံအုပ်ချုပ်သည့် ထိုယာယီလုံခြုံရေး နေရာဒေသများနှင့်ပတ်သက်၍ မည်သူများအားလက်ခံပြီး မည်သည့်အခြေအနေတွင် ရှိနေကြောင်းနှင့် ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မှ မရရှိနိုင်ပေ။

## (ခ) ဒေသတွင်း ကူညီထောက်ပံ့ပေးမှုဆိုင်ရာယန္တယားများ

ထိုင်းနိုင်ငံအတွင်းသို့ဖြတ်ကျော်ရန် ခက်ခဲသဖြင့် မြန်မာနိုင်ငံဘက်ခြမ်းရှိ သောင်ရင်းမြစ်တစ်လျှောက်တွင် စစ်ရှောင်စခန်းများကို ဒေသခံဘာသာရေးအဖွဲ့အစည်းများ၊ ကရင်အမျိုးသားအစည်းအရုံးတို့နှင့်အတူ များသောအားဖြင့် ကရင်လူမျိုးများဦးဆောင်သည့် အဖွဲ့အစည်းများ၊ နယ်စပ်အခြေစိုက် CBOs/CSOs ၏အားထုတ်မှုဖြင့် ဆောက်လုပ်ခဲ့ကြသည်။ ဤဒေသခံ တာဝန်ရှိအဖွဲ့များသည် ထိုနေရာတွင် ခိုလှုံခွင့်တောင်းခံသည့်ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ(IDPs)များအား ၎င်းတို့၏ပူးပေါင်းလုပ်ငန်းဆောင်ရွက်မှုများနှင့်အတူ အနိမ့်ဆုံးသတ်မှတ်ချက်အထိ ဝန်ဆောင်မှုများရရှိစေရန်အပြင် အကျိုးသက်ရောက်မှုများရှိစေရန်အတွက် ထိုစစ်ရှောင်စခန်းများကို တရားဝင်ဖြစ်စေရန် လုပ်ဆောင်ခဲ့ကြသည်။

ဒူးပလာယာခရိုင်အတွင်းရှိ သူးမွဲ (သောင်းရင်း) မြစ်ကမ်းအနီးနှင့် မြစ်ကမ်းတစ်လျှောက်ရှိ စစ်ပြေးရှောင်

---

12 ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ၂၀၂၂ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "Myanmar Emergency – UNHCR Regional Update – 6 April 2022" တွင် ကြည့်ပါ။

13 ထိုင်းနိုင်ငံတွင် အခြေစိုက်သည့် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင်ထုတ်ဝေသော "UNHCR encourages adoption of measures to improve wellbeing and safety of newly arrived Myanmar refugees in Thailand" တွင် ကြည့်ပါ။

စခန်းများ[14]တွင် နေထိုင်ကြသော လူဦးရေမှာ ဇန်နဝါရီလတွင် ၄၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ၁၁၄၀၀ အထိ တိုးမြှင့်လာခဲ့သည့်အလျောက် စခန်းအရေအတွက်မှာလည်း ငါးခုမှရှစ်ခုအထိ တိုးမြှင့်လာပါသည်။[15] စားသောက်ကုန် ကုန်ခြောက်များနှင့် အခြားထောက်ပံ့ပစ္စည်းများ (ဥပမာ နေရာထိုင်ခင်းပစ္စည်းအတွက် လိုအပ်သည့်တာလပတ်၊ ဖျာ၊ စောင်နှင့် အဝတ်အစားများ) နှင့် (အမျိုးသမီးလစဉ်သုံးများအပါအဝင်)တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများအား ပံ့မှန်ပံ့ပိုးပေးလျက်ရှိသည်။ သို့သော် အဓိကအားဖြင့် အထောက်အပံ့များပေးပို့ရန် ထိုင်းအာဏာပိုင်များနှင့် စစ်သားများမှ သတ်မှတ်ထားသည့်နေ့ရက်နှင့် ဖြတ်သန်းသွားလာသည့်နေရာများတွင် ပေးထားသည့်ခွင့်ပြုချက်အပေါ် မူတည်ပါသည်။







ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်ရှိ ဖလူး၊ မယ်ဝါးခီးနှင့် မင်းလက်ပံကျေးရွာများမှ စစ်ပြေးရှောင်ရွာသားများသည် ထိုင်းနိုင်ငံဖက်ခြမ်းမှ ဒေသခံ CSO/CBO အဖွဲ့အစည်းများမှ ပို့ဆောင်လာသော လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်ခံရရှိခဲ့သည်။ ပုံထဲတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ စစ်ပြေးရှောင်ရွာသားများသည် ပို့ဆောင်လာသော စားစရာများနှင့် ကူညီထောက်ပံ့မှုပစ္စည်းများကို သောင်ရင်းမြစ်ကိုကူးဖြတ်၍ မြန်မာဖက်ခြမ်းရှိ ၎င်းတို့ယာယီစစ်ပြေးရှောင်စခန်းသို့ ပြန်လည်သယ်ယူနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*

ဒေသတွင်း CBO/CSO များအနေဖြင့် စစ်ပြေးရှောင်စခန်းတွင် နေထိုင်သော IDP များအား ပိုမိုကောင်းမွန်သည့် အကာအကွယ်ပေးနိုင်ရန်နှင့် ဒေသတွင်းအာဏာပိုင်နှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများမှ နှောင့်ယှက်ခြင်းမရှိပဲ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြသည်။ သို့သော် ငွေကြေးထောက်ပံ့မှု ဆက်လက်ရရှိနိုင်ရန်အတွက် ၎င်းတို့တွင်ရှိသော ဘဏ္ဍာငွေအရင်းအမြစ်များအပေါ်တွင်သာမှီခိုပြီး စစ်ပြေးရှောင်များအား ကူညီပံ့ပိုးနေကြရသည်။

[14] အဆိုပါ ယာယီစစ်ပြေးရှောင်စခန်းများတွင် အစပိုင်းတွင် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာသော IDP များရောက်ရှိလာသည့် နေရာများဖြစ်သည့် ဒေသများဖြစ်သည်။ ဒေသခံ CSO/CBO များသည် ထိုစစ်ပြေးရှောင်စခန်းများကို ကူညီထောက်ပံ့မှုနှင့် ဝန်ဆောင်မှုများ ပေးဆောင်နိုင်သည့် အဓိကနေရာများအဖြစ် သတ်မှတ်ကာ လိုအပ်သောပစ္စည်းများကို သိုလှောင်ရန် ဖွဲ့စည်းပုံများချမှတ်ထားခြင်းနှင့် ဆေးခန်းများ တည်ဆောက်ပေးခြင်းတို့ကြောင့် ထိုစခန်းများကို 'တရားဝင်အဖြစ်ကဲ့သို့' ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်သည်။ သို့သော်လည်း ထိုစစ်ပြေးရှောင်စခန်းများကို မည်သည့်နိုင်ငံအစိုးရမှ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများမှ တရားဝင်အသိအမှတ်ပြုခြင်း မရှိခဲ့ပေ။

[15] အဆိုပါစစ်ပြေးရှောင်ရွာသားများ၏လူဦးရေသည် ဒေသခံ CSO/CBO များမှ ပေးဝေသော စားနပ်ရိက္ခာကတ်များ၏အရေအတွက်ပေါ်မူတည်၍ တွက်ချက်ရခြင်းဖြစ်သည်။

ဤ IDP စခန်းများတွင် ထောက်ပံ့မှုများရရှိနေကြသော IDP ဦးရေ ပိုမိုများပြားလာသောသော်လည်း အများစုမှာ လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များ လုံလောက်စွာမရရှိကြပေ။ ဒေသတွင်း CBOs/ CSOs ၏ စစ်ခန့်မှန်းချက်အရ ဒူးပလာယာခရိုင်တစ်ခုထဲတွင် လက်ရှိ IDP ဦးရေမှာ (၄၀၀၀၀) ခန့် ရှိသည်။ ထို့နည်းအတူစစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍မူတြော်ခရိုင်တွင်ပစ်ခတ်မှုများနှင့်စစ်ရေးလှုပ်ရှားမှုများ ပိုမိုပြင်းထန်လာပြီး ခန့်မှန်းထားသည့် IDP ဦးရေ (၉၀၀၀၀) ထက် ပိုမိုများပြားလာသည်။[16] IDP များသည် အနီးအနားပတ်ဝန်းကျင်ရှိ သစ်တောထဲတွင်သော်လည်းကောင်း ကျောက်ဂူများထဲတွင်သော်လည်း ကောင်းမြစ်ကမ်းဘေးတစ်လျှောက်တွင်သော်လည်းကောင်း ပျံ့နှံ့စွာပုန်းအောင်းနေထိုင်ကြသည်။ တစ်ချို့မှာ ဆွေမျိုးသားချင်း သို့မဟုတ် မိတ်ဆွေများရှိသော အခြားကျေးရွာများတွင် နေထိုင်ကြသည်။ ထို့ကြောင့် ၎င်းတို့၏အိမ်ထောင်စုများနှင့် တစ်ဦးချင်းစီအား နောက်ကြောင်းလိုက်ရန်နှင့် မှတ်တမ်းယူရန် ခက်ခဲပါသည်။ IDP အချို့သည် ထောက်ပံ့ပေးသော ဝန်ဆောင်မှုများအားရရှိနိုင်ရန် ဒူးပလာယာခရိုင်အတွင်းရှိ စစ်ရှောင်စခန်းအဖြစ် သတ်မှတ်ထားသည့်နေရာများအနီးတွင် အခြေချနေထိုင်ကြသည်။ IDP များ၏ စာရင်းအား ပြုစုထားသော်လည်း စစ်ရှောင်စခန်းများမှ ထောက်ပံ့မှုများအား လက်ခံရရှိသူအများအပြားသည် စခန်းများ၏ပြင်ပတွင်နေထိုင်ရန်ရွေးချယ်ခြင်း၊ သို့မဟုတ် ၎င်းတို့၏ လိုအပ်ချက်များအပေါ် မူတည်၍အသွားအပြန်လုပ်ခြင်းကိုသာ ပြုလုပ်ကြသဖြင့် ထိုအရေအတွက်အား အတည်ပြုမှတ်တမ်းယူရန် ခက်ခဲပါသည်။ ဒေသခံတွင်းလူမှုအကျိုးပြုအဖွဲ့များအနေဖြင့် IDP များ၏ ပမာဏနှင့်အရေအတွက်ကို တွက်ချက်ပေးရန်လိုအပ်သဖြင့် ဤအခက်အခဲမှာ ငွေကြေးပံ့ပိုးမှုအပေါ် စိန်ခေါ်မှုများ ကျရောက်စေနိုင်သည်။

မြန်မာပြည်အခြေစိုက် UNHCR မှ ဘားအံခရိုင်ရှိ မြိုင်ကြီးငူသို့ ထွက်ပြေးလာကြသော မူတြော်ခရိုင်မှ IDP များအား အရေးပေါ်ကယ်ဆယ်ရေးအကူအညီများကို ကန့်သတ်အရေအတွက်ဖြင့်သာ ပံ့ပိုးပေးခဲ့ကြောင်း တင်ပြခဲ့သည်။[17] ၂၀၁၆ ခုနှစ်တွင် ထိုဒေသအတွင်းရှိ စစ်ရှောင်စခန်းများတွင် ပုံမှန်အားဖြင့် IDP ဦးရေ (၅,၀၀၀) ခန့်အတွက် နေစရာလုံလောက်မှုရှိသော်လည်း စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ အရေအတွက် (၁၀,၀၀၀) ထိ မြင့်တက်လာခဲ့သဖြင့် နေစရာလုံလောက်မှုမရှိတော့ပေ။[18] IDP အရေအတွက် လျင်မြန်စွာ များပြားလာသည်နှင့်အမျှ လက်ရှိရရှိနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများမှာ စခန်းတစ်ခုလုံးတွင် နေထိုင်ကြသူအားလုံးအတွက် မလုံလောက်ပေ။ အထူးသဖြင့် အသစ်ရောက်လာသူများမှာ စခန်းအတွင်း တရားဝင်အမည်စာရင်းသွင်းထားခြင်း မရှိပေ။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)ကလည်း ထိုစခန်းတွင်ရှိသော ပြည်သူ (၆,၈၀၀) အတွက် ဆန်များဝေပေးခဲ့သည်ဟု တင်ပြခဲ့သည်။[19]

ဒေသတွင်း CSO များကမူ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ မူတြော်ခရိုင်တွင်ရှိသော IDP ဦးရေ (၂၀,၀၀၀) မှာ အကူအညီများ အရေးတကြီးလိုအပ်နေသည်ဟု ခန့်မှန်းခဲ့သည်။ (ဆိုလို သည်မှာ ဆိုးရွားသည့်

16 နေရပ်ရွှေ့ပြောင်းတိမ်းရှောင်ရသည့်ရွာသားများ၏အရေအတွက်အတိအကျကို မှတ်တမ်းတင်ရန် ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် ရွာသားများသည် အချိန်ကာလပေါ်မူတည်၍ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းတိမ်းရှောင်နေရခြင်းကြောင့်ဖြစ်သည်။

17 ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ၂၀၂၂ခုနှစ်၊ ဖေဖော်ရီလတွင် ထုတ်ဝေသော “UNHCR steps up aid for displaced in Myanmar as conflict intensifies” တွင် ကြည့်ပါ။

18 ကရင်သတင်းစဉ်ဌာမှ (KIC) မှ ၂၀၂၂ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော “The Number of Displaced Doubles Since Coup: Myaing Gyi Ngu IDPs Increase to 10,000 As More New Arrival From Hpa–pun Areas Expected” တွင် ကြည့်ပါ။

19 Ibid.

စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ကြုံတွေ့နေရသည်)။ ထိုဒေသသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ပြေးတိမ်းရှောင်မှုများ ဆက်လက်ဖြစ်ပေါ်နေ သော နေရာဒေသတစ်ခုဖြစ်သော်လည်း IDP စခန်းသစ်များတည်ထောင်ရန်မှာဖြစ်နိုင်ချေမရှိသေးပေ။သို့သော်လည်း ထိုဒေသအတွင်း အချိန်ကြာမြင့်စွာ တည်ရှိနေပြီးသော ပြည်တွင်းကရင်ဒုက္ခသည်ရေးရာကော်မတီ(CIDKP)နှင့် ကရင်ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးရုံး (KORD) ကဲ့သို့သော ဒေသတွင်း အဖွဲ့အစည်းများက ဒေသတွင်းရှိ IDP များအား အရေးပေါ်ကူညီ ထောက်ပံ့မှုများပေးအပ်ရန်လုပ် ဆောင်လျက်ရှိသည်။ စစ် ရှောင်စခန်းအသစ်များ တည်ဆောက်ရန်အခက်အခဲများစွာရှိသည့်အတွက် IDPများမှအစားအသောက်နှင့် အထောက်အပံ့ များအား ကိုယ်တိုင်လာရောက်ရယူနိုင်မည့် ဖြန့်ဝေရေးနေရာ များအား တည်ဆောက်ထားခဲ့သည်။ ထိုအခြေအနေမှာ ကူညီ ထောက်ပံ့မှုအားရယူသူနှင့် ပေးအပ်သူနှစ်ဖွဲ့လုံးအတွက် တိုက် ခိုက်ခံရနိုင်သည့် အန္တရာယ်ရှိသဖြင့် ကောင်းမွန်သောနည်း လမ်းမဟုတ်သော်လည်း ကူညီထောက်ပံ့မှု လုံးဝမရနိုင်သူများ အတွက် အကူအညီများရရှိစေနိုင်သော နည်းလမ်းတစ်ခုဖြစ် သည်။ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန (KDHW)နှင့် နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT)[20] ကဲ့သို့ ခရိုင်အတွင်းကောင်းမွန်စွာဖွဲ့စည်းထား သည့် အခြားသောအဖွဲ့အစည်းများသည်လည်း လုံခြုံရေး ဆိုင်ရာအန္တရာယ်များ ပိုမိုတိုးမြှင့်လာသည့်အတွက် ၎င်းတို့၏ လုပ်ငန်းများအား အပြည့်အဝလုပ်ဆောင်နိုင်ရန် ရုန်းကန်ကြရ လျက်ရှိသည်။



ဒေဘူးနိုဒေသတွင် မတ်လ၊ ၂၇ ရက်နေ့၌ ပထမဆုံးလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘူးအာဒဲကျေးရွာအုပ်စုရှိ ရွာသားများသည် SAC စစ်သားများမှ ၎င်းတို့အားရှာဖွေရန်ခက်ခဲသော နေရာဒေသများနှင့် တောထဲသို့ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ပုံတွင် ထိုရွာသားများသည် တောထဲတွင်ရှိသော ချောင်းလျင်ဖြင့်လျှောက်ရသောလမ်းတစ်ခုတွင် အနားယူအိပ်စက်နေသည်ကိုဖော်ပြထားသည်။ *(ဓာတ်ပုံ – KHRG)*

ကရင်ပြည်နယ်အတွင်း IDP ဦးရေ (၁၇၀,၀၀၀) ကျော်ရှိသော်လည်း ၎င်းတို့ထဲမှအနည်းစုသာ ကူညီထောက်ပံ့မှုများကိုရရှိနေသည်မှာရှင်းလင်းသည်။အများစုမှာအစားအသောက်၊အသက်ရှင်သန်မှုအတွက်အခြေခံလိုအပ်ချက်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန်ရုန်းကန်ရလျက်ရှိသည်။ အချို့သူများမှာ အခြားနေရာဒေသများမှ မိသားစုဝင်များနှင့်အတူ သွားရောက်ခိုလှုံခွင့်ရရှိခဲ့သော်လည်း ထိုသို့လုပ်ဆောင်ချင်သည့်သူများမှာ ၎င်းတို့၏ဆွေမျိုးသားချင်းများအတွက် စားဝတ်နေရေးဝန်ထုတ်ဝန်ပိုးကိုဖြစ်ပေါ်စေသည်။

[20] နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးအဖွဲ့ (BPHWT) သည် မြန်မာပြည်ရှိ နေရပ်ရွှေ့ပြောင်းတိမ်းရှောင်ရသည့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးအကူအညီများရရှိရန်အတွက် ပံ့ပိုးကူညီပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

## (ဂ) မရှိမဖြစ် လိုအပ်သည့်အရာများကို ကန့်သတ်ထားခြင်း

ထိုင်းနိုင်ငံမှ နယ်စပ်အခြေစိုက်အဖွဲ့အစည်းများက တစ်ဖက်နယ်စပ်ရှိ စစ်ရှောင်စခန်းများသို့ ထောက်ပံ့မှု အချို့အား သယ်ယူပို့ဆောင်နိုင်ခဲ့သော်လည်း ထောက်ပံ့ပစ္စည်းများနှင့် အစားအသောက်များအား ပြည်တွင်းတွင် ဆက်လက်ပို့ဆောင်ရန်မှာ ပိုမိုခက်ခဲသည်။ ကုန်ပစ္စည်းများ(ဆန်အပါအဝင်) အား နယ်စပ်နှင့် ဝေးသည့် IDP များ၏ နေရာများသို့ ရောက်ရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ မြန်မာနိုင်ငံအတွင်း အနီးအနား မြို့များမှတဆင့် သယ်ယူပို့ဆောင်သည့် နည်းလမ်းပင်ဖြစ်ပါသည်။ သို့သော် ကျေးလက်ဒေသများသို့ ပို့ဆောင်မည့် ထိုထောက်ပံ့ရေးပစ္စည်းများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ပေးအပ်ရန် ရည်ရွယ်ခြင်း သို့မဟုတ် ပေးပို့မည်ကိုစိုးရိမ်သဖြင့် စစ်ကောင်စီတပ်ဖွဲ့သည် လူသားချင်းစာနာထောက်ထားမှု ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများတင်ပို့ခြင်းကို တင်းကျပ်စွာကန့်သတ်ထားသည်။ ထို့အတွက်ကြောင့် ထိုင်းနိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအထောက်အပံ့များကို သယ်ပို့ရန်ခက်ခဲသည်သာမက မြန်မာနိုင်ငံအတွင်းကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းမှာလည်း အထူးစောင့်ကြည့်ကန့်သတ်ခြင်း ခံနေရလျက်ရှိသည်။

ဤကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းအား ကန့်သတ်ခြင်းက IDP များထံ လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခြင်းအပေါ်၌သာ သက်ရောက်သည်မဟုတ်ပဲ ကျေးလက်ဒေသရှိ ရွာသားအားလုံးအတွက် လိုအပ်သောစားဝတ်နေရေးနှင့် ကျန်းမာရေးအပေါ်တွင်ပါ သက်ရောက်မှုရှိသည်။ ကျေးလက်ဒေသများသည် အထူးသဖြင့် မြို့ပြမှ ကုန်ပစ္စည်းများအားမှီခိုရသောကြောင့် ထိုလမ်းကြောင်းကို ပိတ်ပင်ခြင်းဖြင့် ကျေးလက်ဒေသများသို့ ကုန်ပစ္စည်းများ ဝင်ရောက်ရန်တားမြစ်ခြင်းမှာ ရွာသားများ၏ အဓိကလိုအပ်သောအရာများအား ဖြတ်တောက်ခြင်းဖြစ်သည်။ ဤလုပ်ဆောင်ချက်သည် မြန်မာအစိုးရမှ ၂၀၁၇ ခုနှစ်တွင် သဘောတူညီမှု လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာစီးပွား၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (ICESCR)နှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ မရှိသည့်အခါတွင် ကြုံတွေ့ရသည့် လူ့ဂုဏ်သိက္ခာအား ခြိမ်းခြောက်နေသောအခြေအနေမှ အကာအကွယ်ပေးသည့် ဂျီနီဗာသဘောတူစာချုပ်(ပုဒ်မ ၃) အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများအား ချိုးဖောက်ခြင်းဖြစ်သည်။


နေထိုင်ရာ ဒေသအပေါ်မူတည်၍ စစ်ရှောင်ရန်မလိုအပ်သေးသည့် ရွာသားများသည်လည်း IDP များကဲ့သို့ပင် အရေးပေါ် သို့မဟုတ် လူသားချင်းစာနာမှုအကူအညီများ လိုအပ်နိုင်သည်။ အချို့ကျေးလက်ဒေသများမှ ရွာသားများနှင့် ဒေသခေါင်းဆောင်များက ၎င်းတို့ရပ်ရွာဆီသို့ ကျန်းမာရေးဝန်ထမ်းများ လာရောက်ခြင်း မရှိတော့ကြောင်းနှင့် မြို့ပေါ်မှဆေးဝါးနှင့် ဆေးဝါးဆိုင်ရာ အကူအညီအထောက်အပံ့များအား သယ်ဆောင်ခွင့်မရှိတော့ကြောင်း တင်ပြခဲ့သည်။ ခရီးသွားလာမှု ကန့်သတ်ချက်များ၊ မြေမြှုပ်မိုင်းနှင့် လက်နက်ကိုင်တိုက်ပွဲများကြောင့် မလုံခြုံမှုများ၊ စစ်ရေးလှုပ်ရှားမှုများ၊ ကင်းလှည့်ခြင်းနှင့် လမ်းတစ်လျှောက် စစ်ဆေးရေးဂိတ်များ ထားရှိသည့်အတွက်ကြောင့် ရွာသားများကိုယ်တိုင်သည်လည်း မြို့ပေါ် သို့မဟုတ် ၎င်းတို့၏ လယ်မြေများသို့ အသက်မွေးဝမ်းကြောင်း လုပ်ငန်းလုပ်ကိုင်ရန်အတွက် သွားလာနိုင်ခြင်း မရှိတော့ပေ။ ဤအခြေနေများကြောင့် အဆိုပါဒေသခံရွာသားများ၏ယခင်ကရှိထားသောစားနပ်ရိက္ခာများမှာ လွန်ခဲ့သောတစ်နှစ်ကျော်ကာလအတွင်း လျော့နည်းလာခဲ့သည်။ နေရာဒေသအများအပြားမှ ရွာသားများကလည်း အစားအသောက်၊ မွေးမြူရေးတိရိစ္ဆာန်နှင့် ကုန်ပစ္စည်းများအား စစ်ကောင်စီတပ်သားများမှ

လုပ်ယူသိမ်းဆည်းမှုများကြောင့် အခက်အခဲများ ပိုမိုဖြစ်ပေါ်စေသည်ဟု တင်ပြခဲ့သည်။ ရွာသားအများအပြားမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အစားအသောက် မလုံလောက်မှုများကို စစ်အာဏာသိမ်းမှုမတိုင်မီကပင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ရင်ဆိုင်ကြုံတွေ့ရပြီး ဖြစ်သည်။[21]


မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရှိသော ရွာသားများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေရသည်ဖြစ်စေ ရွှေ့ပြောင်း ခြင်းမပြုရသည်ဖြစ်စေ စစ်ကောင်စီ၏ကန့်သတ်မှုကို ခံစားကြရသည်။ သို့ဖြစ်သောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြပ်အတည်း၏ ချက်ချင်းဖြေရှင်းရန်လိုအပ်မှုများကို နားလည်နိုင်ရန် အဓိကလိုအပ်လျက်ရှိသည်။

[21] KHRG မှ ၂၀၂၁ ခုနှစ်၊ မေလတွင်ထုတ်ဝေသော “ချန်လှပ်ခံရသူများ – မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်-၁၉ တုန့်ပြန်မှုများ” တွင် ကြည့်ပါ။

# မြေပုံ – ၂ ဒူးပလာယာခရိုင်အတွင်း တိုက်ပွဲများ၊ လေကြောင်းမြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် နေရပ်ရွှေ့ပြောင်းမှုများ



# မြေပုံ – ၃ မူတြော်၊ ခလယ်လွီထူနှင့် ဒူးသထူခရိုင်များအတွင်း တိုက်ပွဲများ၊ လေကြောင်း၊ မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် နေရပ်ရွှေ့ပြောင်းမှုများ




မြေပုံပါအညွှန်း

- မြို့
- လေကြောင်းတိုက်ခိုက်မှုတည်နေရာ
- နကစ စခန်း
- အမြောက်ကျည်ဆံများပစ်ခတ်ခြင်း
- တိုက်ပွဲများ
- နကစအသုံးပြုသောလမ်း
- လမ်းမ
- လမ်း
- မြစ်
- ကြီးမားသောစစ်ရေးလှုပ်ရှားမှုနှင့်နေရပ်ရွှေ့ပြောင်းမှုဒေသများ
- ကေအဲန်ယူသတ်မှတ်ထားသည့် ကော်သူးလေနယ်နိမိတ်
- ထိုင်းနိုင်ငံ နယ်နိမိတ်

## အခန်း (၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဤအခန်းတွင် ကျေးလက်ဒေသရှိ ရွာသားများ၏ အခြေအနေကိုတင်ပြထားပြီး အသက်မွေးဝမ်းကျောင်း ဆိုင်ရာစိန်ခေါ်မှုများနှင့်စားနပ်ရိက္ခာမလုံလောက်မှုပြဿနာများအားစစ်ဘေးရှောင်နေရသည့်ရွာသားများ နှင့် ရွှေ့ပြောင်းခြင်းမပြုရသည့် ရွာသားများ မည်သို့ကြုံတွေ့ရသည်ကို မီးမောင်းထိုးဖော်ပြထားသည်။ ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ တိုက်ပွဲများ၊ စစ်ကောင်စီတပ်ဖွဲ့များ၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများအပါအဝင် စစ်ဘက်ဆိုင်ရာလုပ်ဆောင်မှုများဖြစ်သည့် စစ်ဆေးရေးဂိတ်များ၊ ကင်းလှည့်ခြင်းနှင့် စစ်ရေးလှုပ်ရှားမှုများသည် ရွာသားအများစုအား နေရပ်ရွှေ့ပြောင်းမှုပြုရသည့် အခြေ အနေသို့ တွန်းပို့စေပါသည်။ ရွာသားများအနေနှင့် မကြာခဏဆိုသလို အစားအစာနှင့် ပစ္စည်းအနည်းငယ် ဖြင့်သာ ထွက်ပြေးခဲ့ရပြီး နေရာထိုင်ခင်းနှင့် သောက်သုံးရေရရှိရန် အခက်အခဲကြုံရလေ့ရှိသည်။ စစ်ကောင်စီသည် ခရီးသွားလာခွင့်အပေါ် ပြင်းထန်သည့်ကန့်သတ်ချက်များ ချမှတ်ထားသောကြောင့် ရွာသားများအနေဖြင့် စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအပ်ချက်များအတွက် အခက် အခဲ ပိုမိုကြုံတွေ့စေသည်။ ရွာသားများနှင့် IDP များသည် ၎င်းတို့၏ စားဝတ်နေရေး လိုအပ်ချက်အား ပြည့်မီစေရန် ရုန်းကန်ရလျက်ရှိပြီး အများစုမှာ အစားအစာနှင့် အခြားလိုအပ်သောပစ္စည်းများ ပြတ်လပ် ခြင်းကို ကြုံတွေ့ရပါသည်။ ထို့အပြင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များကိုလည်း လက်လှမ်း မီနိုင်ခြင်း မရှိပေ။ ရွာသားများနှင့် IDP များသည် ဒေသတွင်းအဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များနှင့် လူမှုအသိုက်အဝန်းများမှ ကန့်သတ်ချက်ဖြင့် ပံ့ပိုးပေးသည့် အကူအညီများအပေါ်တွင်သာ မှီခိုကြရသည်။

### (က) စားနပ်ရိက္ခာ မလုံလောက်မှု မြင့်တက်လာခြင်း

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ စားနပ်ရိက္ခာ မလုံလောက်မှုမှာ အလျင်အမြန် မြင့်တက်လာခဲ့သည်။ ဤအခြေအနေနှင့်ပတ်သက်ပြီး မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာ အုပ်စုမှ ကရင်အမျိုးသမီးအစည်းအရုံး(KWO) အဖွဲ့ဝင်တစ်ဦးက *"ဟုတ်တယ်၊ ကျွန်မတို့ စားနပ်ရိက္ခာ မလုံလောက်မှုကို ကြုံတွေ့ရတယ်။ လက်ရှိအချိန်မှာ ပိုက်ဆံရှာဖို့ ခက်တယ်။ တချို့ရွာသားတွေမှာ ဆန် အလုံအလောက်မရှိဘူး။ ကျွန်မတို့ သွားလာလို့မရတဲ့အတွက် ဘာပစ္စည်းမှ ဝယ်လို့မရဘူး။ ကျွန်မတို့ရဲ့ မိသားစုဝင်တွေကို ထောက်ပံ့နိုင်ဖို့ စိန်ခေါ်မှုတစ်ခု ဖြစ်လာတယ်။"* ဟူ၍ တင်ပြခဲ့သည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုမှ အခြားရွာသားတစ်ဦးက ထိုအချက်ကို ဤကဲ့သို့ထပ်လောင်းတင် ပြခဲ့သည်။ *"အားလုံးက စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ရင်ဆိုင်နေရတယ်လို့ ကျွန်တော်ထင်တယ်။ ဘာ ကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေ ခရီးသွားလာလို့မရတော့ ဘာအလုပ်မှလုပ်လို့မရဘူး။ [...] ရွာသား တွေက သူတို့သိမ်းထားတဲ့ စားစရာတွေကိုပဲ စားကြရတယ်။ သူတို့က စားစရာတွေကို မနှစ်က လမ်းမပိတ် ခင်ဝယ်ထားတယ်။ မနှစ်ကသိမ်းထားတဲ့ စားစရာအချို့ရှိသေးတယ်။ အဲ့ဒါကုန်ရင်တော့ ဘယ်လိုဆက်လုပ် ရမလဲ သူတို့မသိဘူး။ [...] တချို့ရွာသားတွေအတွက် အစားအသောက်က ကုန်သွားပြီ။"*

လယ်ယာစိုက်ပျိုးရေးအား အဓိကမှီခိုအားထားရသည့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများအတွက် ခရီးသွားလာခွင့်မှုမရှိခြင်းက ၎င်းတို့၏ စားဝတ်နေရေးအပေါ် ကြီးမားသည့်သက်ရောက်မှုကို ဖြစ်စေပါ သည်။ ဤအခြေအနေသည် ၂၀၂၀ ခုနှစ် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့ပြီးနောက်ပိုင်း ခရီးသွားလာခွင့် ကန့်သတ်

မှုများအား ကျယ်ကျယ်ပြန့်ပြန့် ချမှတ်လာသည့်အချိန်တွင် ပိုမိုသိသာထင်ရှားလာသည်။ ရွာသားများ အနေဖြင့် မြို့ပေါ်သို့ (လိုအပ်သည့်ပစ္စည်းနှင့် အစားအသောက်အချို့ဝယ်ယူရန်) သွားလာခွင့်နှင့် ရွာနှင့် ဝေးသည့် ၎င်းတို့၏ ကိုယ်ပိုင်စိုက်ပျိုးမြေများနှင့် လယ်မြေများထံသို့ သွားရောက်နိုင်ခွင့် မရှိသည့်အချိန် တွင် စားဝတ်နေရေးပြဿနာများ ပိုမိုတိုးမြင့်လာကြောင်း KHRG မှ ထိုအချိန်တွင် တင်ပြခဲ့သည်။[22] ရွာသားအများအပြားမှာ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေမရှိသောကြောင့် နေ့စားအလုပ်အပေါ်တွင် မှီခိုနေကြရပါသည်။ သို့သော် ခရီးသွားလာခွင့်မရှိသည့်အခါ ၎င်းတို့အနေဖြင့် အလုပ်အကိုင်ရှာဖွေနိုင်ခြင်း မရှိတော့ပေ။ ကျေးလက်ဒေသနေ ရွာသားများအနေဖြင့် ၎င်းတို့အိမ်ခြံအတွင်းနှင့် အနီးနားရှိသစ်တောများ တွင် ဟင်းသီးဟင်းရွက်ပျိုးပင်များ စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းသည် ၎င်းတို့၏ စားဝတ်နေရေး ပြဿနာအား ရေတိုအတွက်သာ ဖြေရှင်းရာရောက်ပါသည်။ သို့သော် စားဝတ်နေရေးအတွက် လိုအပ်ချက် များအား ထိရောက်စွာ ဖြေရှင်းပေးနိုင်မည် မဟုတ်ပါ။ ကိုဗစ်-၁၉ ရောဂါ ကနဦး ကန့်သတ်မှုကာလအတွင်း အချို့ဒေသများမှ ရွာသားများမှာ ဆန်၊ ဆီ၊ ဆားနှင့် အခြားသော အိမ်သုံးပစ္စည်းများ ပြတ်လပ်ခဲ့သည်။ ထိုအချိန်တွင် အချို့ဒေသခံခေါင်းဆောင်များသည် ခရီးသွားလာခွင့်ပိတ်ပင်မှုအား ဖြေလျှော့ခြင်း သို့မဟုတ် ဒေသတွင်းရှိ ရွာသားများအတွက် စုပေါင်းဝယ်ယူမှုများ ပြုလုပ်ပေးခဲ့ရသည်။[23]

စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ လှုပ်ရှားသွားလာမှုအပေါ် ကန့်သတ်ခြင်းများ ပိုမိုများပြားလာသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လှုပ်ရှားသွားလာမှုအပေါ် ကန့်သတ်မှုများ ရှိလာသည်သာမက လက်နက်ကိုင်တိုက်ပွဲများ၊ စစ်ဘက်ဆိုင်ရာလှုပ်ရှားမှုများအပါအဝင် မြေမြှုပ်မိုင်းများတည်ရှိနေမှုနှင့် စစ် ကောင်စီတပ်သားများ၏ လုံခြုံရေးအရစစ်ဆေးမှုများ ပိုမိုလုပ်ဆောင်လာသောကြောင့် လှုပ်ရှားသွားလာ မှုအပေါ် သက်ရောက်မှုရှိလာခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ရွာသားတစ်ဦးမှ *"ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေကနေတစ်ဆင့် စစ်အာဏာသိမ်းတဲ့ နောက်ပိုင်း ဆက်ပြီးချမှတ်ခဲ့တဲ့ ခရီးသွားလာမှု ကန့်သတ်ချက်တွေကြောင့် ကျွန်တော်တို့မှာ စားသုံးဆီနဲ့ ဆန်တို့လို စားစရာတွေ လုံလုံလောက်လောက် မရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က စားစရာတွေကို မြို့ပေါ်ကနေ အဓိကရတယ်။ [အခုဆို] ကျွန်တော်တို့မြို့တက်ဖို့ လုံခြုံတယ်လို့ မခံစားရ ဘူး။ ကျွန်တော်တို့ ခေါင်းဆောင်တွေကလည်း လုံခြုံရေးအရ အန္တရာယ်ရှိလို့ ခရီးသွားလာခြင်းမလုပ်ဖို့ သတိပေးထားတယ်။"* ခရီးသွားလာမှု ကန့်သတ်ခြင်းများကြောင့် *"စားဝတ်နေရေးအတွက် စိန်ခေါ်မှုတွေ၊ အစားအသောက် မလုံလောက်မှုနဲ့ ဒေသအတွင်းကုန်ဈေးနှုန်းတွေလည်း မြင့်လာတယ်။ ဒီနှစ်က မနှစ်က ထက် ဈေးသုံးဆလောက် တက်သွားတယ်။"* ဟု ၎င်းက ထပ်မံတင်ပြခဲ့သည်။ ဤအချက်နှင့် စပ်လျဉ်း၍ ဘီးလင်းမြို့နယ်မှ အခြားရွာသားတစ်ဦးကလည်း *"ကျေးရွာတွေမှာ ရှိတဲ့ ဆိုင်ပိုင်ရှင်တွေက ဈေးရောင်းဖို့ မြို့ပေါ်က ပစ္စည်းတွေ သွားဝယ်လို့မရတော့ ဈေးနှုန်းတွေပိုတက်လာတယ်။ အရင်က ကျွန်တော်တို့ ကြက်ဥ ၁၀၀၀ ဖိုးကို ၁၀ လုံးရတယ်။ ဒါပေမယ့် အခုဆိုရင် ၁,၀၀၀ ဖိုးကို ၅ လုံးပဲ ရတော့တယ်။ ဆီတဗူး [၁ လီတာ] ကို အရင် ၁,၄၀၀၊ ဒါပေမယ့် ခုက ၂,၄၀၀၊ ဒါက ကျွန်တော်တို့အတွက် အရမ်းခက်ခဲတဲ့ ပြဿနာပဲ။"* ဟု ထပ်လောင်းပြောဆိုခဲ့သည်။ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်သော်လည်း သီးနှံရောင်းရသည့် ဈေးနှုန်းမှာ ကျဆင်းလျက်ရှိကြောင်း ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး)

---

22 KHRG မှ ၂၀၂၁ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ချန်လှပ်ခံရသူများ - မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်-၁၉ တုန့်ပြန်မှုများ" တွင် ကြည့်ပါ။

23 Ibid.

မြို့နယ်၊ ယော့ကဒေါကျေးရွာအုပ်စုမှ ရွာသားတစ်ဦးက *“ကုန်[သီးနှံ]ဈေးနှုန်းတွေက ဈေးကျတော့ ကျွန်မတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို ထိခိုက်တယ်။ တချို့လူတွေအတွက် အလုပ်လုပ်ပေမယ့် စားဖို့မရှိဘူး။”* ဟုမှတ်ချက်ပြုခဲ့သည်။

ကျေးလက်ဒေသများနှင့်မြို့များအကြား သွားလာရန်ပိုမိုခက်ခဲလာပြီး အချို့ရွာသားများက ၎င်းတို့အတွက် စားစရာများဝယ်ယူရန် အငှါးယာဉ်မောင်းများ ခေါ်ယူကြရသည်။ သို့သော်လည်း စစ်ကောင်စီမှ စစ်ဆေးရေးဂိတ်များ ပိုမိုထားရှိလာသည့်အတွက် မြို့များမှ ကျေးလက်များသို့ ကုန်ပစ္စည်းများတင်ပို့ရန် ပိုမိုခက်ခဲလာပြီး ရွာသားများအပါအဝင် မည်သူမဆို သတ်မှတ်ထားသောကုန်များနှင့် ကုန်ပစ္စည်းပမာဏထက်ကျော်လွန်ပို့ဆောင်ခွင့်အား တားမြစ်ထားသည်။ ဒူးသထူခရိုင်၊ သထူး (သထုံ) မြို့နယ်မှ ရွာသားတစ်ဦးက ဒေသတွင်း စစ်ကောင်စီတပ်ဖွဲ့များက ၎င်းတို့အား ဆန်၊ ကျန်းမာရေးနှင့်ဆေးဝါးပစ္စည်းများ၊ ပုလဲခါတ်မြေသြဇာနှင့် လျှပ်စစ်ပစ္စည်းများဖြစ်သည့် ဘတ္တရီ၊ ဝါယာကြိုး၊ စက်သုံးဆီ သယ်ယူခွင့် ပိတ်ပင်ထားသည်ဟု တင်ပြခဲ့သည်။ ၎င်းတို့အနေဖြင့် အစားအသောက်အပါအဝင် ကုန်ပစ္စည်းများ သယ်ယူပါက စစ်ကောင်စီ စစ်သားများ၏ စစ်ဆေးမေးမြန်းခြင်းကို ခံရသည်။  စစ်ကောင်စီမှ ရွာသားများအား စစ်ဆေးပြီးနောက် ၎င်းတို့၏ကုန်ပစ္စည်းများကို သိမ်းယူဖျက်ဆီးပြီး ရွာသားများကို ဒဏ်ငွေပေးဆောင်ခိုင်းသည်ကိုပါ ရွာသားများမှ ထပ်လောင်းပြောဆိုခဲ့သည်။[24]

ရွာသားများအနေဖြင့် ၎င်းတို့၏သီးနှံများအား အနီးအနားရှိမြို့များတွင် ရောင်းချနိုင်သော်လည်း ၎င်းတို့ရရှိလာသည့် ငွေကြေးများအား လမ်းတွင် စစ်ဆေးရေးဂိတ်များမှ စစ်ကောင်စီစစ်သားများက သိမ်းယူမည်ကို စိုးရိမ်ကြကြောင်း တင်ပြကြသည်။ ရွာသားများ ၎င်းတို့၏ သီးနှံများရောင်းချပြီး အပြန်ခရီးတွင်သော်လည်းကောင်း ခရီးသွားလာနေစဉ်တွင် စစ်ကောင်စီက ၎င်းတို့ထံမှ ငွေကြေးများသိမ်းယူခြင်းနှင့်ပတ်သက်သော အစီရင်ခံစာများကို KHRGမှ လက်ခံရရှိထားသည်။ မြိတ်–ထားဝယ်ခရိုင်မှ မေးခွန်းဖြေကြားသူတစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *“ကျွန်တော်တို့ [သီးနှံ]ရောင်းပြီး ငွေရလာတဲ့အခါ ကျွန်တော်တို့နဲ့အတူယူသွားဖို့ မလွယ်ဘူး။ တချို့လူတွေက သူတို့ရဲ့ လယ်ယာထွက်ကုန်တွေရောင်းပြီးအပြန် ဗြောတောဝဂိတ် [ကဆယ်ဒိုမြို့နယ်] မှာ စစ်ဆေးခံရတယ်။ သူတို့ရဲ့ ပိုက်ဆံတွေလည်း အသိမ်းခံရတယ်။”*

စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ပဋိပက္ခဒဏ်ခံရသော ဒေသများမှ ရွာသားများသည် တိုက်ပွဲများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် သီးနှံများရိတ်သိမ်းနိုင်ခြင်း၊ ၎င်းတို့၏ မွေးမြူရေးတိရစ္ဆာန်များအား စောင့်ရှောက်နိုင်ခြင်း မရှိပေ။ လမ်းမကြီးဘေးတွင်ရှိသော လယ်ကွက်များ၌ စစ်သားများလမ်းကင်းယူခြင်း သို့မဟုတ် ၎င်းတို့၏တပ်စခန်းများကြား သွားလာသည့်အပြင် လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်မှုများကြောင့် ရွာသားများအတွက် လုံခြုံရေးအန္တရာယ် ပိုကြုံရနိုင်သည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ စိုက်ခင်းများတွင်လုပ်ကိုင်နေသော ရွာသားများပစ်ခတ်ခံရခြင်း၊ သို့မဟုတ် ပစ်ခတ်ခံရသည့်အတွက် သေဆုံးခြင်းများနှင့်ပတ်သက်၍ အစီရင်ခံစာများကို KHRG မှ လက်ခံရရှိခဲ့သည်။ စစ်ကောင်စီတပ်သားများသည် နို့တကောမြို့နယ်တွင် အ--- ကျေးရွာမှ ဘ--- ကျေးရွာအထိ တပ်စခန်းများချထားပြီး ပြည်

24 KHRG မှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော “Doo Tha Htoo District Situation Update: Forced portering and the use of civilians as human shields, and updates on livelihood, health and education, August to September 2021” တွင် ကြည့်ပါ။

သူများအား စစ်ဆေးဖမ်းဆီးခြင်းများ ပြုလုပ်လျက်ရှိကြောင်း ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယော့ကဒေါ ကျေးရွာအုပ်စုမှ ရွာသားတစ်ဦးက တင်ပြခဲ့သည်။ ၎င်းက *“ရန်သူ (စကစ)တွေက ရွာအနားမှာ ရှိမယ်ဆိုရင် ရွာသားတွေက စိုးရိမ်ကြောက်ကြနေရတယ်။ ပြီးတော့ သူတို့ရဲ့စိုက်ခင်းထဲကို မသွားရဲတော့ဘူး”* ဟူ၍ ထပ်လောင်းပြောဆိုခဲ့သည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုမှ စ---ရွာမှ ရွာသားတစ်ဦးမှ *“အခုဆို ရွာသားတွေက သူတို့ရဲ့လယ်ထဲမှာအလုပ်လုပ်ဖို့ ကြောက်နေကြတယ်။ သူတို့ရဲ့ ကျွဲတွေကို လိုက်ထိန်းဖို့တောင် ကြောက်ကြတယ်။ အခြေအနေအရ ရွာသားတွေက ငတ်ပြတ်လာတော့မယ်။”* ဟုတင်ပြခဲ့သည်။

## (ခ) ထွက်ပြေးတိမ်းရှောင်မှုကြောင့် ကြုံတွေ့ရသည့် အသက်မွေးဝမ်းကျောင်းစိန်ခေါ်မှု

စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ လက်နက်ကိုင်တိုက်ပွဲများ ပိုမိုများပြားပြင်းထန်လာပြီး ထွက်ပြေးတိမ်းရှောင်သူအရေအတွက်မှာ လျင်မြန်စွာ များပြားလာခဲ့သည်။ IDP များသည် များသောအားဖြင့် အစားအစာ၊ အဝတ်အစား၊ အိပ်ယာ၊ အိုးခွက်များနှင့် အခြားအခြေခံလိုအပ်ချက်များကို ၎င်းတို့နှင့်အတူ သယ်ယူလာနိုင်ခြင်း မရှိပါ။ ၎င်းတို့အနေဖြင့် သယ်ယူနိုင်ခဲ့သည့်တိုင်အောင် လုံလောက်စွာ သယ်ယူနိုင်ခြင်းမရှိပေ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလယ်ပိုင်းတွင် ဒူးပလာယာခရိုင်၊ လေးကေကော်[25] မှ ထွက်ပြေးလာသည့်



ဒူးပလာယာခရိုင်တွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တိုက်ပွဲများ၊ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် မြန်မာပြည်ဘက်ခြမ်းရှိ သောင်ရင်းမြစ်တစ်လျှောက်တွင် စစ်ပြေးရှောင်ယာယီစခန်းတစ်လုံး တည်ဆောက်ခဲ့သည်။ စစ်ပြေးရှောင်ရွာသားများသည် ၎င်းတို့၏အသုံးအဆောင်ပစ္စည်းများ အများအပြား ယူဆောင်နိုင်ခဲ့ခြင်းမရှိသောကြောင့် ၎င်းတို့သည် ပူပြင်းသော နေဒဏ်နှင့် မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်များကို ကြုံတွေ့ခံစားနေရသည်။ ဤပုံကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ထိုနေ့မတိုင်ခင်ညတွင် မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ၎င်းတို့ယာယီတဲအိမ်များမှ တာလပတ်နှင့်ပြုလုပ်ထားသည့် အမိုးအကာများသည် လွင့်ထွက်၍ပျက်စီးသွားခဲ့သည်။ ရွာသားများသည် မိုးရေကြောင့် စိုသွားသော ၎င်းတို့အဝတ်အထည်များ၊ စောင်များနှင့် အခြားပစ္စည်းများကို နေလှန်းထုတ်၍ စောင့်နေလျှက်ရှိသည်။ *(ဓာတ်ပုံ – KHRG)*

[25] ယခင်က ပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအရ မြန်မာနိုင်ငံအတွင်း ဒုက္ခသည်ဟောင်းများနှင့် IDP ဟောင်းများကို ပြန်လည်ကြိုဆိုရန် လေးကေကော်မြို့သစ်ကို ခေတ်သစ်၏ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်မှု သင်္ကေတအဖြစ် ဖော်ဆောင်ရန် ရည်မှန်းထားခဲ့သည်။ သို့သော်လည်း ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလကတည်းက SAC တပ်ဖွဲ့သည် လေးကေ ကော်ဒေသအတွင်း လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး SAC နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

အသက် ၁၇ နှစ်အရွယ် ကျောင်းသူတစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် *"ကျွန်မတို့ပြေးတော့ ဘာမှမယူလာခဲ့ဘူး။ အဝတ်အစား တစ်ထည်နှစ်ထည်လောက်နဲ့ စောင်တွေပဲ ယူလာတယ်။ ပိုက်ဆံလည်း မပါလာဘူး။ [...] ကျွန်မတို့ထွက်ပြေးတဲ့အချိန်မှာ တခါတလေ အခြားသူတွေပေးတဲ့ပိုက်ဆံနဲ့ အစားအသောက်ဝယ်တယ်။ ဖလူးမှာ ကျွန်မတို့ကို တချို့လူတွေက (စားစရာ)ကူညီခဲ့တယ်။ ကျွန်မတို့မှာ စားစရာမကောင်းရင်လည်း အသက်ရှင်ဖို့အတွက် စားနေရတယ်။"* ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တိုက်ပွဲများ ပိုမိုကျယ်ပြန့်လာသည့်အတွက်သူမနှင့်သူမ၏အတန်းဖော်များမှာလေးကေ့ကော်မှအစမ္မရွှေ့ပြောင်းခံရသည့် ရွာသားအများအပြားနှင့်အတူ သောင်ရင်းမြစ်ကမ်းသို့ ရောက်သည်အထိ နေ့စဉ်နေ့တိုင်း နေရာအသစ်သို့ ထွက်ပြေးခဲ့ကြရသည်။

ရွာသားများအနေဖြင့် ထွက်ပြေးတိမ်းရှောင်သည့်အခါတွင် ၎င်းတို့၏ မွေးမြူရေးတိရိစ္ဆာန်များအား ၎င်းတို့နှင့်အတူ သယ်ယူနိုင်ခြင်းမရှိပေ။ အချို့ရွာသားများသည် အနီးအနားရှိ နေရာများသို့သာ ထွက်ပြေးရသည့်အခါ ၎င်းတို့၏ကျွဲနွားများနှင့် စိုက်ခင်းများအားကြည့်ရှုရန် ရွာသို့ပြန်လာကြသည်။ သို့သော်လည်း ထိုသို့ပြုလုပ်ကြသော ရွာသားများအတွက် အသက်အန္တရာယ်ရှိသည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကောတရိ(ကော့ကရိတ်)မြို့နယ်၊ မောင်းမရွာသစ်ကျေးရွာအုပ်စု၊ ဒ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့သော လင်မယားနှစ်ဦးက ၎င်းတို့၏ကျွဲနွားများကို ပြန်လည်ကြည့်ရှုရန် နေအိမ်သို့ ပြန်လာခဲ့ကြသည်။ ထိုအချိန်တွင် ရန်းသမ်းပစ်ခတ်မှုများ ပြန်လည်စတင်ခဲ့ပြီး အမျိုးသမီးဖြစ်သူမှာ သူမ၏အိမ်ဘေးတွင် လက်နက်ကြီးကျသည့်အတွက် ကျည်ဆံထိမှန်ပြီး သေဆုံးခဲ့သည်။[26] ရွာသားအများစုမှာ နေရပ်ပြန်ရန် ကြောက်ရွံ့ကြသည့်အတွက် ၎င်းတို့၏ ကျွဲနွားတိရိစ္ဆာန်များအား ဆုံးရှုံးမည်ကို စိုးရိမ်ကြရသည်။ ဒူးပလာယာခရိုင်၊ သဘောဘိုကျေးရွာအုပ်စုမှ ရွာသားတစ်ဦးပြောသည်မှာ *"ကျွန်တော်က အိမ်ပြန်ဖို့ကြောက်တယ်။ ကျွန်တော်တို့ရွာမှာ အိမ်သုံးပစ္စည်းတွေနဲ့ မွေးမြူထားတဲ့တိရိစ္ဆာန်တွေ ကျန်ခဲ့တယ်။ ကျွန်တော်တို့က ပြန်ရမှာကြောက်တော့ ကျွဲနွားတွေက သူတို့ဟာသူတို့ အစာရှာစားကြရတယ်။ ဒါကကောင်းတော့မကောင်းဘူး။ သူတို့လည်း အသက်နဲ့ပဲလေ။"*

ထွက်ပြေးတိမ်းရှောင်မှုအား ကြုံတွေ့ရသည့် ရွာသားများသည် ရွှေ့ပြောင်းနေထိုင်စဉ်အချိန်တွင် ၎င်းတို့ကျေးရွာရှိ နေအိမ်များအား စစ်ကောင်စီမှ ဝင်ရောက်လုယက်ခိုးယူခြင်း၊ ဖျက်စီးခြင်းများကို ကြုံတွေ့နိုင်ချေများသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေးကေကော်ဒေသတွင် တိုက်ပွဲများနှင့် နေရပ်ရွှေ့ပြောင်းမှုများ စတင်သည့်နောက်ပိုင်း ဒေသတွင်းရှိ ရွာသားများရောင်းချသော ဆိုင်များသည် မွှေနှောက်ရှင်းလင်းခြင်းခံရပြီး ၎င်းတို့၏နေအိမ်မှ အစားအသောက်၊ အိပ်ယာ၊ အဝတ်အစားနှင့် အိမ်သုံးပစ္စည်းများအား ခိုးယူခံရကြောင်း ရွာသားများက ပြောသည်။ ကောတရိမြို့နယ်၊ ကျကဝ ကျေးရွာအုပ်စု၊ ဃ--- ကျေးရွာမှ ဆိုင်ရှင်တစ်ဦးက ဤသို့ပြောသည်။ *"ဟုတ်တယ်။ သူတို့က ပြည်သူတွေရဲ့အိမ်တွေကို ဖျက်ဆီးပြီးတော့ ရွာသားတွေရဲ့ အဝတ်အစားတွေကို ယူတယ်။ အစားအသောက်တွေကို ဖျက်ဆီးတယ်။ ရွာသားတွေရဲ့ ဆန်တွေကို လမ်းပေါ်မှာ ဖြန့်ကျဲပြီးတော့ ရွာသားတွေရဲ့ ဓားရှည်တွေကိုလည်း လွှင့်ပစ်လိုက်ကြတယ်။"* ကော့ကရိတ်မြို့တွင် အခြေစိုက်သော စစ်ကောင်စီတပ်ဖွဲ့များက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျေးရွာအတွင်းသို့ဝင်ရောက်ပြီး အိမ်ပိုင်ရှင်များထွက်ပြေးနေရစဉ်တွင် နေအိမ် ၁၀၀ ကျော်အား ဝင်ရောက်

[26] KHRG မှ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Dooplaya District Short Update: A woman was killed by mortar shrapnel during indiscriminate shelling by armed groups, February 2022" တွင် ကြည့်ပါ။

မွေနှောက်ခဲ့ပြီးသိမ်းဆည်းရသည့်ပစ္စည်းများအားမြို့သို့စစ်ကားဖြင့်ပြန်လည်သယ်ဆောင်သွားခဲ့ကြသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ရွာသားများ၏ အိမ်သုံးပစ္စည်းများ၊ အစားအသောက်များ၊ ကျွဲနွားများနှင့် ငွေကြေးများကို ယူဆောင်သွားပြီး ၎င်းတို့မယူသောပစ္စည်းများအား ဖျက်ဆီးပစ်ခဲ့ကြသည်။






ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ အောဖကြီးကျေးရွာအုပ်စုတွင် လှုပ်ရှားနေသော SAC စစ်သားများသည် ရွာသားများမှ ဒေသအတွင်း တိုက်ပွဲများဖြစ်ပွားဖြစ်ခဲ့သောကြောင့် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်နေသည့်အချိန်တွင် ရွာသားများ၏အိမ်များတွင်လည်း ဝင်ရောက်နေထိုင်ခဲ့ပြီး ယာယီအိပ်ယာခင်းများပြုလုပ်၍ ရွာသားများပိုင်ဆိုင်သည့်ပစ္စည်းများကို အသုံးပြု၍ စားစရာများ ချက်ပြုတ်စားသောက်ခဲ့သည်။ SAC စစ်သားများသည် ရွာသားများ၏ပိုင်ဆိုင်မှုပစ္စည်းများကိုလည်း ဖျက်ဆီးခဲ့သည်။ ဤပုံများကို ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ *(ဓာတ်ပုံ – ဒေသခံရွာသား)*

ထွက်ပြေးတိမ်းရှောင်နေစဉ် ကြုံတွေ့ရသော စားဝတ်နေရေးအခက်အခဲများကြောင့် အချို့သောစစ်ဘေးရှောင်ရွာသားများက လုံခြုံရေးအရ အန္တရာယ်ရှိသော်လည်း ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်နေထိုင်ရန် ရွေးချယ်ခဲ့ကြသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ ထွက်ပြေးတိမ်းရှောင်သော ရွာသားတစ်ဦးက KHRG အား ဤသို့ပြောသည်။ *"ကျွန်တော်တို့အတွက် ထွက်ပြေးတိမ်းရှောင်နေတဲ့နေရာမှာ အခက်အခဲတွေရှိခဲ့တယ်။ ကျွန်တော်တို့ တခြားရွာမှာနေတဲ့ အချိန်မှာ [ဝင်ငွေ] ပိုက်ဆံမရှိဘူး။ ကျွန်တော်တို့ အားလုံး ဝယ်ရတယ်။ ဒါကြောင့် ကျွန်တော်တို့ တခြားရွာမှာမနေချင်တော့လို့ ကိုယ့်ရွာမှာကိုယ်ပြန်နေဖို့ ပြန်လာခဲ့တယ်။"* ၎င်းတို့ပြန်လာပြီးနောက်တွင် အမျိုးသားဖြစ်သူမှာ ကျေးရွာအနီးရှိ မြစ်ထဲတွင် ငါးရှာထွက်စဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ဒဏ်ရာပြင်းထန်သည့်အတွက် ၎င်း၏ခြေထောက်တစ်ဖက်အား ဖြတ်တောက်ခဲ့ရပြီး ထိုအခြေအနေက ၎င်း၏မိသားစုစားဝတ်နေရေးအခက်အခဲများ ပိုမိုကြုံတွေ့ရစေခဲ့ပါသည်။[27]

ထွက်ပြေးတိမ်းရှောင်စဉ်အတွင်း နေထိုင်မှုပုံစံများမှာ အလွန်ကွာခြားနိုင်သည်။ အချို့ရွာသားများမှာ အခြားကျေးရွာ သို့မဟုတ် မြို့များတွင် မိသားစုများနှင့်အတူ နေထိုင်ရသော်လည်း အများစုမှာ တောထဲတွင် ပုန်းခိုနေထိုင်ရပြီး တချို့မှာနယ်စပ်သို့ ထွက်ပြေးကြရသည်။ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်မှ တိုက်ပွဲကြောင့် သောင်ရင်းမြစ်ဖက်သို့ ထွက်ပြေးရသော ဂ––– ရွာသားတစ်ဦးက *"အခုဆို ကျွန်မတို့ သစ်ပင်တွေအောက်မှာ အိပ်ရတယ်။ ကျွန်မတို့ ဒီလိုပဲ ဖြစ်သလိုနေကြတယ်။"* ၎င်းတို့အနေဖြင့် သောင်ရင်းမြစ်သို့ ရောက်သည့်အချိန်တွင် ထောက်ပံ့မှုများရရှိခဲ့သော်လည်း သူမအနေဖြင့် စောင်တစ်ထည်မျှ မရ

[27] KHRG မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Mu Traw District Incident Report: A male villager was injured by a landmine explosion in Dwe Lo Township, September 2021" တွင် ကြည့်ပါ။

သည့်အတွက် ရွာအတွင်းဆက်လက်နေထိုင်သော သူမ၏အမျိုးသားအား စောင်အချို့ပို့ပေးရန် တောင်းဆိုခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် လေးကေကော်ဒေသသို့ ထွက်ပြေးလာသူ အများအပြားရှိသည့်အတွက် ယခုအခါတွင် ဒူးပလာယာခရိုင်၊ သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ ထောက်ပံ့မှုများဖြင့် လည်ပတ်နိုင်သည့် စစ်ရှောင်စခန်းအချို့ကို တည်ဆောက်လာခဲ့သည်။ သို့သော် ဒူးပလာယာခရိုင်၏ အခြားနေရာများအပါအဝင်အခြားခရိုင်များမှထွက်ပြေးတိမ်းရှောင်နေရသောရွာသားများမှာထောက်ပံ့မှုလုံလောက်စွာမရှိသော စစ်ရှောင်စခန်းငယ်များတွင်သာ နေထိုင်ရပြီး ၎င်းတို့နှင့်အတူပါလာသော ပစ္စည်းများနှင့် တောထဲမှရှာဖွေရရှိသည့် အရင်းအမြစ်များအပေါ်တွင်သာ မှီခိုနေထိုင်ကြရသည်။



ဤပုံကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ တိုက်ပွဲများနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကြိတ်ကျေးရွာအုပ်စုမှ ရွာသားများသည် ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ထိုင်းနိုင်ငံဖက်ရှိ ငှက်ပျော်ခြံတစ်ခြံထဲတွင် ခေတ္တယာယီအဖြစ်နေထိုင်နေပါသည်။ *(ဓာတ်ပုံ – KHRG)*



၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဒူးပလာယာခရိုင်ရှိ လေးကေကော်ဒေသတွင် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် ဒေသခံများအကြိမ်ကြိမ် ထွက်ပြေးတိမ်းရှောင်ခဲ့ပြီးနောက် တစ်ချို့သောရွာသားများသည် ပို၍လုံခြုံသော နေရာတစ်ခုကို ရရှိစေရန်အတွက် ထိုင်းနိုင်ငံသို့ လျှို့ဝှက်စွာ ကြိုးပမ်းဝင်ရောက်လာခဲ့သည်။ ထိုစစ်ဘေးရှောင်ရွာသားများသည် ထိုင်းနိုင်ငံအတွင်း သောင်ရင်းမြစ်အနီးရှိ စိုက်ပျိုးရေးရေမြောင်းထဲတွင် ပုန်းအောင်းခိုလှုံနေပါသည်။ ဤပုံကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကရင်ပြည်နယ်အတွင်း ထွက်ပြေးတိမ်းရှောင်နေရသည့် ရွာသားအများစု၏ ဆင်းရဲသည့် နေထိုင်မှုအခြေအနေကို ပိုမိုဆိုးရွားလာစေခဲ့ပါသည်။ သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ IDP များနေထိုင်ရာ နေရာများသို့ သွားရောက်ခဲ့သော KHRG ၏ ဝန်ထမ်းတစ်ဦးမှ IDP များနေထိုင်ရန်အတွက် အမိုးအကာအဖြစ် ပံ့ပိုးပေးထားသော တာလပတ်များသည် အပူချိန်နှင့် နေဒဏ်ကိုသာ ကာကွယ်ပေးနိုင်ပြီး မိုးဒဏ်ကိုမကာကွယ်နိုင်ကြောင်းပြောသည်။ *“IDP တွေက သူတို့ရဲ့ ယာယီခိုလှုံတဲ့နေရာတွေကို တာလပတ်တွေနဲ့မိုးထားတယ်။ ဒါပေမယ့် မြေပေါ်မှာခင်းဖို့အတွက် တာလပတ်အလုံအလောက်မရှိဘူး။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့ညနေခင်းမှာ စစ်ရှောင်စခန်းဖက်မှာ မိုးရွာ တယ်။ ဒါပေမယ့် ပေးထားတဲ့တာလပတ်တွေက သူတို့ကို မိုးဒဏ်ကနေ မကာကွယ်ပေးနိုင်ဘူး။”* ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် KHRG ၏ ဝန်ထမ်းတစ်ဦးမှ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဝေါလေမြစ် (သောင်ရင်းမြစ်၏ မြစ်လက်တက်) ပေါ်ရှိ ဆုံစည်းမြိုင်ကျေးရွာအုပ်စု၊ ဟ--- ကျေးရွာသို့ သွားရောက်ခဲ့သည်။ တိုက်ပွဲကြောင့် ရွာသားများမှာ ယခင်က

ထိုင်းနိုင်ငံဖက်သို့ ထွက်ပြေးခဲ့သည်။ သို့သော်လည်း မိုးသည်းထန် စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လာသည့်အခါ ၎င်းတို့ယာယီခိုလှုံသည့်နေရာများက အကာအကွယ်ပေးနိုင်သည်အထိ ခိုင်မာမှုမရှိပေ။ IDP တစ်ဦးက ယာယီခိုလှုံသည့်နေရာများတွင် လေပြင်းနှင့် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ကျေးရွာအတွင်း ပြန်လည်နေထိုင်ရန်မှာ လုံခြုံမှုမရှိသော်လည်း နေအိမ်သို့ပြန်လည်နေထိုင်ကြသည်ဟု ပြောသည်။ ၂၀၂၂ ခုနှစ်၊ မတ်လတွင် အစမ္မထွက်ပြေးတိမ်းရှောင်ခဲ့ရသော တောနော်မူထော် (ဒေါနအရှေ့တောင်ပိုင်းရှိ ရွာသားများသည်လည်း ထိုင်းမြန်မာနယ်စပ်သို့ သွားရောက်ရန် သစ်တောအားဖြတ်နေစဉ် မိုးသည်းထန်စွာရွာသွန်းမှုကို ကြုံတွေ့ခဲ့ရကြောင်း KHRG ၏ ကွင်းဆင်းလုပ်သားတစ်ဦးအား တင်ပြခဲ့သည်။ ရွာသားများအနေဖြင့် ထွက်ပြေးတိမ်းရှောင်နေစဉ်ကာလအတွင်း မည်သည့်အရာမျှ သယ်ဆောင်နိုင်ခြင်းမရှိပဲ မိုးရွာသည့်အခါ ငှက်ပျောပင်အောက်တွင် အကာအကွယ်ယူခဲ့ရကြောင်းပြောသည်။




၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ညတွင် မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုများကြောင့် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေဘောဘိုးကျေးရွာအုပ်စု၊ သေဘောဘိုးကျေးရွာအနီးတွင်တည်ရှိသော IDP စစ်ပြေးရှောင်ယာယီ စခန်းရှိတဲအိမ်များ ထိခိုက်ပျက်စီးစေခဲ့သည်။ နောက်နေ့မနက်တွင် စစ်ဘေးရှောင်ရွာသားများသည် ပျက်စီးနေသော၎င်း၏တဲအိမ်များကို ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့သည်။ ပုံတွင်ပြထားသည့်အတိုင်း ရွာသားတစ်ဦးသည် ရေမြောင်းလုပ်ပေးရန်တွက် မြေတူးနေသည်ကို တွေ့မြင်နိုင်သည်။ *(ဓာတ်ပုံ – KHRG)*

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ပံ့မှုများနှင့် လိုအပ်ချက်များ

စစ်အာဏာသိမ်းသည့် အချိန်မှစ၍ ရွာသားအများစုမှ ထောက်ပံ့မှုများမရခဲ့ကြောင်း သို့မဟုတ် ထောက်ပံ့မှုရရှိခြင်းများ ရပ်တန့်ခဲ့ကြောင်း ပြောပြသည်။ စစ်အာဏာသိမ်းပြီးနောက် ခရီးသွားလာမှုကန့်သတ်ခြင်းများနှင့် လုံခြုံရေးအန္တရာယ် မြင့်မားခြင်းတို့သည် အဖွဲ့အစည်းအများစုအား လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်နိုင်မှုကို ရပ်တန့်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေသောအဖွဲ့များအား အကူအညီလိုအပ်နေသည့် လူမှုအသိုက်အဝန်းထံ သွားရောက်ခွင့်မရစေရန် ဟန့်တားထားပါသည်။ ဒူးပလာယာခရိုင်၊ ကရုတူး (ကျုံဒိုး) မြို့နယ်မှ KNU ၏ ကျေးရွာအုပ်စုမှူးတစ်ဦးက ဤသို့မှတ်ချက်ပြုခဲ့သည်။ *"စစ်အာဏာသိမ်းတဲ့အချိန်ကစပြီး ကျွန်တော်တို့ရွာက အစိုးရအုပ်ချုပ်မှုအောက်မှာ လုံးဝမရှိတော့ဘူး။ [အစိုးရပံ့ပိုးမှုကို မရတော့ဘူး။] အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့ကို ထောက်ပံ့တာတွေ ရပ်တန့်သွားတယ်။ ကျွန်တော်တို့ လူမှုရေးအရတွေ့ဆုံမှုတွေ [ဥပမာအားဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ရွာသားအချင်းချင်းကြား ရင်းနှီးမှုတည်ဆောက်ရန် လူမှုရေးစည်းဝေးပွဲများ သို့မဟုတ် လုပ်ဆောင်ချက်များ၊ အခမ်းအနားများ] ကို အရင်လိုမလုပ်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျေးရွာဖွံ့ဖြိုးရေးနဲ့ နိုင်ငံရေးအရဖွံ့ဖြိုးရေးအတွက် အတူတူပူးပေါင်း မလုပ်နိုင်တော့ဘူး။"*

ခလယ်လွီထူခရိုင်၊ မူး(မုန်း)မြို့နယ်မှ တခေါပွာကျေးရွာအုပ်စုမှူးက ထောက်ပံ့မှုများရရှိနိုင်ရန်အတွက်

နည်းလမ်းရှာ၍မရခြင်းနှင့်ပတ်သက်ပြီး ၎င်း၏စိုးရိမ်မှုကိုဖော်ပြခဲ့သည်။ *“ကျွန်တော်တို့ ဘယ်ကနေ အကူအညီရမလဲ မသိဘူး။ ရွာသားတွေရဲ့ ခွင့်ပြုချက်မရပဲနဲ့လည်း ထောက်ပံ့မှုတွေ မရနိုင်ဘူး။ [ရွာသားများအနေဖြင့် စစ်ကောင်စီနှင့် ဆက်နွယ်နေသော အချို့အဖွဲ့များထံမှ အကူအညီများကို လက်ခံလိမ့်မည် မဟုတ်ပေ။] ကျွန်တော်တို့အနေနဲ့ သူတို့အတွက် [လိုအပ်သောသူများအား ထောက်ပံ့ရန်] စဉ်းစားပေးပေမယ့် ဘာနည်းလမ်းမှ ရှာမတွေ့သေးဘူး။”*

အချို့သောဒေသများတွင် ထောက်ပံ့မှုအများစုမှာ အခြားကျေးရွာများမှ လာခြင်းဖြစ်သည်။ ဒူးပလာယာ ခရိုင်၊ ကရုတူးမြို့နယ်မှ ကျေးရွာအုပ်စုမှူးတစ်ဦး ထောက်ပြသကဲ့သို့ *“ကရင်လူမျိုးတွေက အချင်းချင်း အငတ်မထားဘူး။ ကျွန်တော်တို့မှာ အစားအသောက် အနည်းငယ်ရှိရင် တစ်ယောက်နဲ့တစ်ယောက်၊ ညီကိုမောင်နှမအချင်းချင်းလည်း အပြန်အလှန်ကူညီလို့ရတယ်။”* ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်မှ တခေါ်ပွာ ကျေးရွာအုပ်စုမှူးကလည်း အလားတူပင် ဖော်ပြခဲ့သည်။ *“တချို့လူတွေက ဆင်းရဲကြတယ်။ ဒါပေမယ့် ကျွန်တော်တို့အချင်းချင်း ကူညီကြတယ်။ ဥပမာအားဖြင့် ရွာသားတစ်ယောက်က အကူအညီလိုရင် တခြား ရွာသားတွေက သူတို့ကိုကူညီတယ်။ သူတို့ စားဝတ်နေရေးအဆင်ပြေအောင် တချို့ရွာသားတွေက ဆန် တစ်ဗူး၊ တစ်ချို့ကနှစ်ဗူး စသဖြင့်ကူညီကြတယ်။”*

အချို့ရွာသားများက လိုအပ်သူများအား ၎င်းတို့၏လယ်များတွင် အလုပ်လုပ်ခွင့်ပေးပြီး ဆန်ပေးခြင်း၊ အချို့သီးနှံမထွက်သူများအား စပါးချေးခြင်းတို့ကို ပြုလုပ်ကြသည်။ အချို့ရွာသားများမှာမူ ဆန်ရှိသော အခြားရွာသားများနှင့် ဆွေမျိုးများ၊ တချို့က အသင်းအဖွဲ့များနှင့် ဒေသခေါင်းဆောင်များအား အားကိုး ကြသည်။ မြိတ်–ထားဝယ်ခရိုင်၊ ကမိုသွေးဒေသမှ ဒေသတွင်းခေါင်းဆောင်တစ်ဦးက ကမိုသွေးဒေသမှ ပြည်သူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကျေးရွာခေါင်းဆောင်များနှင့် KNUမှ ခေါင်းဆောင်များက လိုအပ်နေသော ရွာသားများ အထူးသဖြင့် ၎င်းတို့၏ ဒေသတွင်း၌ ခိုလှုံရာရှာသူများအား  အစားအစာနှင့် ကျန်းမာရေးလိုအပ်ချက်များအား အတူတကွပူးပေါင်းထောက်ပံ့နိုင်ရန် ဒေသတွင်း ကော်မတီတစ်ရပ်ဖွဲ့ စည်းခဲ့သည်။ ကိုဗစ်–၁၉ ရောဂါ ပျံ့နှံ့သည့် အချိန်တွင်လည်း ထိုသို့သောအဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး စစ်အာဏာသိမ်းမှုကြောင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)[28] တွင် ပါဝင်သူများ၊ တက်ကြွလှုပ်ရှားသူ များနှင့် စစ်ကောင်စီ၏သတ်ဖြတ်မှုမှ ထွက်ပြေးလွတ်မြောက်လာသူများအား အကူအညီပေးနိုင်ရန် ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဘာသာရေးအခြေပြုအဖွဲ့အစည်းများသည်လည်း တက်ကြွစွာလုပ်ဆောင် လျက်ရှိသည်။ ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်မှ ရွာသားတစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *“[၂၀၂၁ ခုနှစ်] စက်တင်ဘာလတွင် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့တစ်ခု [Samaritan’s Purse]*

[28] ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်နေ့တွင် မြန်မာပြည်အနှံ့အပြားရှိ အစိုးရဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် တာဝန် ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများသည် အာဏာဖီဆန်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှု(CDM)တွင် စတင် ပါဝင်လာခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့၌ အာဏာသိမ်းယူခဲ့သော မြန်မာစစ်တပ်အား ဆန့် ကျင်ဆန္ဒပြသည့်အနေဖြင့် အလုပ်အမားသပိတ်လှန်ခြင်းလည်း ပါဝင်ပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာအစိုးရဌာနအသီးသီး တွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများသို့ ပျံ့နှံ့သွားပြီး ၎င်းတို့မှ အာဏာသိမ်းစစ်တပ်အား ဆန့်ကျင်သည့် အနေဖြင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်နေခြင်းကို ရပ်တန့်ခဲ့သည်။ ဤအကြမ်းမဖက်လူထုလှုပ်ရှားမှု သည် မြန်မာပြည်အနှံ့ လူသိများလာပြီး တစ်ချို့သောပြည်သူလူထုများသည် အာဏာသိမ်းစစ်တပ်အား ဆန့်ကျင်သည့် အနေဖြင့် သံပုံးတီးသည့်ဆန္ဒပြပွဲနှင့် စစ်တပ်ထုတ်ကုန်တွေ သပိတ်မှောက်သည့်လှုပ်ရှားမှုအပါအဝင် ၎င်းတို့လုပ်ဆောင်နိုင် သည့် မည်သည့်သပိတ်မှောက်ဆန္ဒပြမှုမဆို စတင်ပြုလုပ်လာခဲ့သည်။

*က စားနပ်ရိက္ခာပြတ်လပ်သော အိမ်ထောင်စုတစ်စုစီအား ဆန်တစ်အိတ်စီပေးခဲ့သည်။”*

ယခင်နှစ်များကစပါးလုံလောက်စွာထွက်ရှိခဲ့သောရွာသားအချို့ကယခုအချိန်တွင်ရိက္ခာပြတ်လပ်နေသော ရွာသားအချို့နှင့် စားစရာများ ဝေမျှခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ ရွာသားတစ်ဦးက ဤသို့ ရှင်းပြခဲ့သည်။ *“ကျွန်တော်တို့မှာ ဆန်ရှိသေးတော့ သူတို့နဲ့ ဝေမျှစားလို့ရတယ်။ တကယ်လို့ ကျွန်တော်တို့မှာ လုံးဝမရှိတော့ရင် ကျွန်တော်တို့ဆီက တောင်းလို့ရမှာမဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဆန်ပြုတ်သပ်သပ်ပဲ စားရမယ်ဆိုရင်လည်း ဆန်ပြုတ်ပဲစားမယ်။ ကျွန်တော်တို့မှာ စားဖို့ဆန်ရှိသေးရင် အားလုံးမှာလည်း ဆန်ရှိမယ်။”* ထို့ကြောင့် ရွာသားများအနေဖြင့် ၎င်းတို့ကိုယ်တိုင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း ကျန်ရှိသေးသောအရာများအား မျှဝေရန် ဆန္ဒရှိကြသည်။ ရွာသားအများစုအတွက် စားဝတ်နေရေးအခြေအနေ ပိုမိုဆိုးရွားလာသည့်အလျောက် အကယ်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား ဆက်လက်ပိတ်ဆို့ထားပါက ၎င်းတို့တွင် မျှဝေစရာရှိတော့မည်မဟုတ်ပေ။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဒူးပလာယာခရိုင်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် ထွက်ပြေးခဲ့ရသော ရွာသားတစ်ဦးက ၎င်းတို့၏ ကျေးရွာသို့ ထွက်ပြေးလာသော ထွက်ပြေးတိမ်းရှောင်နေရသူများအား ကူညီရန်ကြိုးပမ်းသော အခြားရွာသားများအပေါ် ဝန်ပိစေခြင်းနှင့်ပတ်သက်၍ ပြဿနာကို မီးမောင်းထိုးဖော်ပြခဲ့သည်။ *“ကျွန်တော်ဘာယူလာလို့ရလဲ၊ ကျွန်တော်ဆန်အချို့နဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဆားနဲ့ ငါးပိတချို့ပဲ သယ်လာနိုင်တယ်။ ကျွန်တော်တို့ တခြားရွာကို ဆက်ပြောင်းရမယ်ဆိုတော့ ကျွန်တော်တို့ ဘာသွားစားရမှာလဲ။ ကျွန်တော်တို့အနေနဲ့လည်း တခြားရွာသားတွေအတွက် စဉ်းစားပေးရမယ်။ သူတို့မှာရှိတဲ့ဟာ အကုန်စားလိုက်လို့ မရဘူး။”*

မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စုမှ ကရင်အမျိုးသမီးအစည်းအရုံး၏ အဖွဲ့ဝင်တစ်ဦးက အကူအညီများတောင်းခံခြင်းက မလိုလားအပ်သည့်အကြွေးများ တင်စေနိုင်ကြောင်း မှတ်ချက်ပြုခဲ့သည်။ *“ကျွန်မတို့မှာ ပိုက်ဆံရှိရင် တခြားရွာသားတွေဆီကနေ ဆန်ဝယ်လို့ရတယ်။ ပိုက်ဆံမရှိရင်တော့ ဆန်ဝယ်လို့မရဘူး။ တခြားရွာသားတွေဆီကနေ တခါတလေ ဆန်တောင်းပြီးတော့ နောက်ပြန်ပေးလို့ရတယ်။ ဒါပေမယ့် ဒီလိုမျိုးပြန်ပေးမယ်ဆိုပြီး တောင်းတာက အမြဲတမ်းတော့ မကောင်းဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့မှာ ဝင်ငွေရနိုင်တဲ့အလုပ်မရှိဘူး။”*

IDP အများစုအတွက် အခြေအနေမှာ ပိုမိုဆိုးရွားလာသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်ရန် နည်းလမ်းအနည်းငယ်သာရှိသော မူတြော်ခရိုင်တွင် ထွက်ပြေးတိမ်းရှောင်ရသူများမှာ တောတောင်များတွင် အဖွဲ့ငယ်များဖွဲ့လျက် နေထိုင်ကြသည်။ နေရပ်ရွှေ့ပြောင်းနေထိုင်မှုသည် အချိန်ကြာမြင့်စွာ ဖြစ်ပေါ်နိုင်သည့်အတွက် အချို့ရွာသားများသည် ၎င်းတို့၏သီးနှံများနှင့် ကျွဲနွားတိရိစ္ဆာန်များ၊ နေအိမ်များနှင့်လယ်ယာများ မကြာခဏ ပြန်လည်ကြည့်ရှုနိုင်မည့် သစ်တောနှင့်နီးသောနေရာများတွင်သာ နေထိုင်လိုကြသည်။ တောတောင်များသို့ ထွက်ပြေးကြသူများအနေဖြင့် အထောက်အပံ့များရရှိနိုင်ချေမရှိပေ။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဂျ--- ကျေးရွာမှ KWO အဖွဲ့ဝင်တစ်ဦးအား ထွက်ပြေးတိမ်းရှောင်ရသော ဒေသခံရွာသားများအတွက် ကူညီထောက်ပံ့မှုများနှင့်ပတ်သက်၍ မေးမြန်းသည့်အခါတွင် *“မရှိဘူး။ တောထဲကို ပြေးတဲ့ရွာသားတွေကို ဘယ်သူမှမတွေ့ဘူး။”* ဟုဆိုခဲ့ပါသည်။ လေးကေကော်မှ ထွက်ပြေး

တိမ်းရှောင်သူတစ်ဦးကလည်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထွက်ပြေးခဲ့ရသော ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်မှ ရွာသားများ၏ အလားတူပြဿနာကို ဤသို့မှတ်ချက်ပြုခဲ့သည်။ *"အခုဆိုရင် ရာသီဥတုက အေးလာပြီ၊ ဒါပေမယ့် စစ်ဘေးရှောင်တွေမှာ စောင်မရှိဘူး။ လူတွေသတိမပြုမိတဲ့ တောထဲကို ထွက်ပြေးခဲ့ရတဲ့ စစ်ဘေးရှောင်တွေလည်း ရှိတယ်။ သူတို့ဆိုရင် ဘာအထောက်အပံ့မှ မရဘူး။ သူတို့မှာ သောက်စရာရေ မရှိသလို စားဖို့အတွက် အစားအစာလည်းမရှိဘူး။"*

မူတြော်ခရိုင်တွင် CIDKP၊ ကရင်ကျောင်းဆရာများအဖွဲ့ (KTWG)၊ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးလှုပ်ရှားမှုကွန်ယက် (KESAN)၊ KORD၊ Free Burma Ranger (FBR)[29] နှင့် KWO ကဲ့သို့သော အဖွဲ့အစည်းများအနေဖြင့် နေရပ်ရွှေ့ပြောင်းနေထိုင်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်ရရှိသည့်အခါတွင် ထွက်ပြေးတိမ်းရှောင်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပံ့ပိုးပေးရန် လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း ထွက်ပြေးတိမ်းရှောင်သူများထံ အကူအညီရောက်ရှိနိုင်ရန် အခက်အခဲရှိသည့်အတွက် ရွာသားများအနေဖြင့် ထောက်ပံ့မှုများ ဖြန့်ဝေသည့်နေရာတွင် အကူအညီများအား ကိုယ်တိုင်သွားရောက်ယူခဲ့ရသည်။ KHRG ၏ ကွင်းဆင်းလုပ်သားတစ်ဦးမှ ၂၀၂၂ ခုနှစ်၊ မတ်လတွင် တင်ပြခဲ့သကဲ့သို့လူသောမြို့နယ်၊စောမူပလောနှင့်ခေးပူကျေးရွာများမှရွာသားများအစုလိုက်ထွက်ပြေးရသည့်အခါတွင် ထောက်ပံ့မှုများအား သံလွင်မြစ်ကမ်းရှိ နေရာတစ်ခုသို့ပို့ဆောင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သူများက ထိုနေရာတွင် သွားရောက်သယ်ယူကြရသည်။ ၎င်းတို့အား တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများဖြစ်သော လက်ဆေးရေ၊ ခြင်ထောင်၊ ဆပ်ပြာ၊ သွားတိုက်တံနှင့်စောင်များ ပံ့ပိုးပေးခဲ့သည်။ အိမ်ထောင်စုတစ်စုကို ငွေသား(၂,၀၀၀)ဘတ် ပံ့ပိုးပေးခဲ့သည်။ ထောက်ပံ့ရေးပစ္စည်းများအား ဒေသအတွင်းသို့ ပမာဏအများအပြား ပို့ဆောင်ရန်ခက်ခဲသည့်အခါတွင် အသုံးပြုသည့် ဤသို့သော အစီအမံများက မြစ်ကမ်းသို့ မလာရောက်နိုင်သူများအနေဖြင့် အထောက်အပံ့များရရှိနိုင်ရန် ခက်ခဲသည်။ ကရင်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (KERT)[30] ၏ အဖွဲ့ဝင်တစ်ဦးက မှတ်ချက်ပြုခဲ့သည်မှာ စစ်ရှောင်စခန်းများ သို့မဟုတ် ဖြန့်ချီရေးနေရာများသို့ရောက်ရှိရန်အတွက် သွားရသည့်ခရီးတိုများသည်ပင် စိန်ခေါ်မှုအလွန်များပြားသည်။

---

[29] Free Burma Rangers အဖွဲ့သည် ၁၉၉၇ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စစ်မြေပြင်တွင် စစ်ဒဏ်ကိုကြုံတွေ့ခံစားနေရသည့်ပြည်သူများအား စားနပ်ရိက္ခာများ၊ နေရာထိုင်ခင်းများ၊ အဝတ်အစားများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန်အတွက် အဓိကကူညီပံ့ပိုးပေးနေပြီး အထူးသဖြင့် IDP များကို ကူညီထောက်ပံ့ပေးနေသော တိုင်းရင်းသားပေါင်းစုံပါဝင် သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

[30] ကရင်အရေးပေါ်ကူညီပံ့ပိုးရေးအဖွဲ့(KERT)ကို ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်တွင် အခြေစိုက်သည့် ကရင်လူမျိုးများဦးဆောင်သော လူမှုအကျိုးပြုအဖွဲ့အစည်းများမှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရပ်ရွှေ့ပြောင်းရသောရွာသားများအတွက် လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို ပံ့ပိုးကူညီပေးရန်ရည်ရွယ်ချက်ဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဖွဲ့စည်းခဲ့သည်။




၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေဘူးနိုဒေသတွင် SAC စစ်တပ်မှ လေကြောင်းဖြင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဤပုံကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ပုံတွင် ရွာသားများသည် လေကြောင်းတိုက်ခတ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေခဲ့ရပြီး တောထဲရှိဂူထဲတွင် ယာယီစခန်းချခဲ့သည်။ *(ဓာတ်ပုံ – KHRG)*




မူတြော်ခရိုင်ရှိ စစ်ဘေးရှောင်ရွာသားအများစုသည် သေးငယ်သောယာယီစခန်းများတွင် ပုန်းအောင်းနေထိုင်ရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း အနည်းငယ်သာ လက်ခံရရှိခဲ့သည်။ ဤပုံကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ရိုက်ယူခဲ့သည်။ ပုံတွင် IDP များအတွက် ယွန်းစလင်းမြစ်ချောင်းတစ်လျှောက်တွင် လှေဖြင့် ကူညီထောက်ပံ့မှုပစ္စည်းများ ပို့ဆောင်နေပါသည်။ ထိုမှတဆင့် IDP များသည် ထိုကူညီထောက်ပံ့မှုပစ္စည်းများကို ကိုယ်တိုင်လာရောက်၍ သယ်ဆောင်ယူနေရပါသည်။ *(ဓာတ်ပုံ – KHRG)*

ခလယ်လွီထူခရိုင်၏ လူမှုရေးရာအတွင်းရေးမှူးက ၎င်း၏ဒေသအတွင်းရှိ ရွာသားများအား တောအတွင်းသို့ အစားအစာများယူဆောင်ခြင်းကို စစ်ကောင်စီမှ စတင်တားမြစ်လျက်ရှိသည်ဟု ဆိုသည်။ ၎င်းအနေဖြင့် အဘယ်ကြောင့် ဤသို့တားမြစ်သည်ကို ဆက်လက်ရှင်းပြခြင်းမရှိသော်လည်း ဖြစ်နိုင်ချေရှိသည်မှာ IDP များ သို့မဟုတ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) သို့မဟုတ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)[31] တို့အတွက် အထောက်အပံ့များယူဆောင်ပေးခြင်းမှ ဟန့်တားရန်ဖြစ်နိုင်သည်ဟု ယူဆပါသည်။ ၎င်းက ထပ်မံပြောခဲ့သည်မှာ *"တောထဲမှာအလုပ်လုပ်ပြီး စားစရာယူသွားချင်တဲ့ ရွာသားတွေအနေနဲ့ကလည်း စစ်ကောင်စီတပ်သားတွေရဲ့ နှောင့်ယှက်ဟန့်တားတာကို ခံကြရတယ်။ သူတို့က ရွာသားတွေရဲ့ ပိုင်ဆိုင်မှုတွေကို မလုဘူး။ ဒါပေမယ့် တောထဲကို စားစရာယူသွားတဲ့ ရွာသားတွေကိုတော့ နှောင့်ယှက်တယ်။ [...] ကျွန်တော်ကြားတာကတော့ သူတို့တွေကို တောထဲကို စားစရာယူခွင့်မပေးဘူး။ ပြီးတော့ အဖွဲ့အစည်းတွေ ကနေလာတဲ့ အထောက်အပံ့တွေကိုလည်း တားဆီးထားတယ်လို့ကြားတယ်။"* ဒေသတွင်းအဖွဲ့အစည်းများအနေဖြင့် ထွက်ပြေးတိမ်းရှောင်သူများ၏စခန်းများထံ သို့မဟုတ် နေရပ်စွန့်ခွာနေစဉ်အတွင်း ကုန်ပစ္စည်းများအား သယ်ပို့ရန်ခက်ခဲနေပြီး အန္တရာယ်များသည့်အတွက် IDP များအား ငွေသားဖြင့်ပံ့ပိုးပေးရန် ကြိုးပမ်းလျက်ရှိသည်။ မူတြော်ခရိုင်၊ မာထောကျေးရွာမှ ထွက်ပြေးတိမ်းရှောင်သူတစ်ဦးက ငွေသားဖြင့်ရသော အကူအညီ၏အရေးပါမှုကို ဤသို့ပြောခဲ့သည်။ *"ကျွန်မတို့ ငွေသားနဲ့ထောက်ပံ့မှုရရင် ကျွန်မတို့လိုအပ်တာတွေ သွားဝယ်လို့ရတယ်။ ပစ္စည်းတွေရရင်ကျတော့ ကျွန်မတို့ ထွက်ပြေးတဲ့အခါ ဒါတွေကို ဘယ်လိုသယ်ရမလဲ။ ဒါကြောင့် ငွေသားရရှိတာက ကျွန်မတို့အတွက် ပိုလွယ်တယ်။*

31 ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF)သည်မြန်မာပြည်တွင် ၂၀၂၁ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့ပြီး စစ်အစိုးရကို ဆန့်ကျင်တော်လှန်သော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

*ကျွန်မတို့ လိုအပ်တာဝယ်လို့ရတယ်။ ရွှေ့ပြောင်းရတဲ့ အခါမှာလည်း စီမံရတာပိုလွယ်ကူတယ်။”*

IDP များအနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ရရှိသည့်အခါတွင်လည်း ၎င်းတို့အများစု လိုအပ်သည့်အရာများနှင့် ကိုက်ညီမှုမရှိပေ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ တိုက်ပွဲများစတင်သည့်အချိန်မှစ၍ ကြိမ်ဖန်များစွာ ထွက်ပြေးခဲ့ရသော ဒူးပလာယာခရိုင်၊ အောဖလေးကျေးရွာမှ ရွာသားတစ်ဦးက ဤသို့ပြောသည်။ *“ရွာသားတွေ သူတို့ရွာကနေ ထွက်ပြေးရတဲ့အခါ အခက်အခဲတွေ အများကြီး ကြုံရတယ်။ ဒါပေမဲ့ တချို့စစ်ဘေးရှောင်တွေက အပြင်ကအဖွဲ့အစည်းတွေ ဆန်တွေလာလှူတာကို ရရှိကြတယ်။ ထောက်ပံ့မှုတွေမှာ အစားအသောက်နဲ့ အဝတ်အထည် အကုန်ပါမယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့တွေ ထောက်ပံ့မှုရနေကြပေမယ့်လည်း လုံလောက်မှုမရှိဘူး။ ကျွန်တော်တို့အတွက် လိုအပ်တဲ့အထောက်အပံ့တွေအားလုံးရနေပေမဲ့ လူတိုင်းအတွက် လုံလောက်မှုမရှိဘူး။ အထူးသဖြင့် အဝတ်အစားပေါ့။ လုံလုံလောက်လောက် ရှိတဲ့သူတွေအတွက်က ပြဿနာမဟုတ်ပေမယ့် တချို့မိသားစုတွေက အရင်ကတည်းက အခြေခံလိုအပ်ချက်တွေ မပြည့်စုံဘူး။ သူတို့က ထွက်ပြေးရတဲ့အခါ အခြေအနေပိုဆိုးတယ်။ ကျွန်တော်တို့တွေ အထောက်အပံ့မရတာမဟုတ်ဘူး။ စစ်ဘေးရှောင်အရေအတွက်ကအရမ်းများတော့ မလုံလောက်ဘူးပေါ့။”*




၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလယ်လောက်တွင် လေးကေကော်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် IDP ဦးရေတစ်ထောင်ကျော်သည် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်ရှိ ဖလူးကြီးအထက်တန်းကျောင်းတွင် လာရောက်ခိုလှုံခဲ့သည်။ ဤပုံကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ပုံတွင်မြင်တွေ့ရသည့်အတိုင်း IDP များသည် ဒေသခံလူမှုအသိုက်အဝန်းများနှင့် CSO/CBO အဖွဲ့အစည်းများမှ ပို့ဆောင်လာသော အရေးပေါ်အကူအညီများကို လက်ခံရရှိခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

တိုက်ပွဲများနှင့် တိုက်ခိုက်မှုများ ဆက်လက်၍ ကျယ်ပြန့်စွာပြင်းထန်လာသည့်အတွက် ထောက်ပံ့မှုမလုံလောက်ခြင်းက နေ့စဉ်နှင့်အမျှ မြင့်တက်နေသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားပြီးသည့်နောက်ပိုင်း မူတြော်ခရိုင်သို့ သွားရောက်ခဲ့သည့် KHRG ၏ ကွင်းဆင်းလုပ်သားက

လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ပေးနေသောအဖွဲ့အစည်းများ(များသောအားဖြင့်ဒေသခံ CBOs/CSOs နှင့် ဘာသာရေးအဖွဲ့အစည်းများ)က အထောက်အပံ့များ ပံ့ပိုးပေးနေသော်လည်း ထို ထောက်ပံ့မှုများသည် ရွှာသားများအတွက် ရေရှည်တွင်လုံလောက်မှုမရှိဟု မှတ်ချက်ပြုခဲ့ပါသည်။

လက်ရှိလူသားချင်းစာနာမှုဆိုင်ရာအခက်အခဲအား ဖြေရှင်းရန်အတွက် ရွှာသားတစ်ဦးမှ *"ကျွန်တော်တို့ကို ထောက်ပံ့ပေးပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အကူအညီတကယ်လိုအပ်ပါတယ်။"* ဟု တောင်း ဆိုခဲ့ပြီး ပြည်သူများအနေဖြင့် ခိုလှုံနိုင်ပြီး ကျန်းမာရေးဝန်ဆောင်မှုနှင့် အစားအစာများပံ့ပိုးပေးမည့် "ပစ်ခတ်မှုကင်းမဲ့ဇုံ" တစ်ခု သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။ *"ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တခြားနိုင်ငံ [ထိုင်းနိုင်ငံ] ကို မပြေးချင်ဘူး။"*

# အခန်း (၃) ကျန်းမာရေးစောင့်ရှောက်မှု

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှု စနစ်မှာ ဆိုးရွားလာလျက်ရှိသော်လည်း ခရိုင်များတွင်ကူညီထောက်ပံ့သည့် ဝန်ဆောင်မှုများအား ကြီးမား စွာ ဖြတ်တောက်လိုက်သည့်အတွက် တိုင်းရင်းသားကျေးလက်ဒေသများရှိ ကျေးရွာများ၏ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေမှာ ပိုမိုဆိုးရွားလာသည်။ ဒူးပလာယာခရိုင်မှ လက်ထောက်ကျန်းမာရေးမှူးက ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဤသို့ပြောခဲ့သည်။ "ကျွန်တော်ကွင်းဆင်းပြီဆိုရင် လူတွေက ကျွန်တော်နဲ့ အတူ ဆေးမှူးတစ်ယောက်မှ မပါဘူးလားလို့ မေးတယ်။" စစ်ကောင်စီသည် ဆေးဝါးပစ္စည်းများသယ်ယူ ပို့ဆောင်ခြင်းအား ပြင်းထန်စွာကန့်သတ်ထားပြီး စစ်ဘက်ဆိုင်ရာ စစ်ဆေးရေးဂိတ်များကိုလည်း တိုး မြှင့်ချထားခဲ့သည်။[32] ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် စစ်ကောင်စီ၏ အဓိကပစ်မှတ်များ ဖြစ်လာ သည့်အတွက်[33] ကျန်းမာရေးစောင့်ရှောက်မှု အနည်းငယ်သာရရှိထားသော ဒေသများဖြစ်သည့် ကျေး လက်ဒေသများတွင် လှုပ်ရှားမှုများ လျော့နည်းလာသည်။ အချို့ထွက်ပြေးတိမ်းသော ရွာသားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများအား မြန်မာနိုင်ငံအတွင်း သို့မဟုတ် ထိုင်း-မြန်မာနယ်စပ်တွင် လုပ်ငန်း ဆောင်ရွက်သော လူထုအခြေပြု နယ်စပ်အဖွဲ့အစည်းများကွန်ရက်ထံမှ ရရှိကြသည်။ ထိုအဖွဲ့အစည်းများ သည် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အဓိကထားလုပ်ဆောင်ကြသော်လည်း စစ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် IDP များနှင့် ကျေးလက်ဒေသမှ ရွာသားများအနေဖြင့် ကိုဗစ်-၁၉ အပါအဝင် ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုမလုံလောက်ခြင်းကို ခံစားရလျက်ရှိသည်။ အများ စုမှာ မိမိကိုယ်ကိုကုသရန်အပြင် အခြားနည်းလမ်းမရှိတော့ပေ။

## (က) ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ (IDP) များအတွက် ကျန်းမာရေး စောင့်ရှောက်မှု

IDP များအနေဖြင့် လူနေမှုအဆင့်အတန်းနိမ့်ပါးပြီး ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်သည့် အတွက် ကျန်းမာရေးဆိုင်ရာပြဿနာများကို တိုးမြှင့်ခံစားရသည်။ ဒူးပလာယာခရိုင်မှ လက်ထောက် ကျန်းမာရေးမှူးက ထွက်ပြေးတိမ်းရှောင်ရသည့် ရွာသားများအနေဖြင့် အာဟာရချို့တဲ့ခြင်းနှင့် အရေးပေါ် ကျန်းမာရေးလိုအပ်ချက်များ၏ အကျိုးဆက်ကို တွေ့ကြုံခံစားခဲ့ရသည်မှတ်ချက်ပြုခဲ့သည်။ ထီးဖားဝီး တောင်သို့ထွက်ပြေးခဲ့သူများနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ဤသို့ပြောသည်။ *"သူတို့ရဲ့ အသားအရေတွေ ကဝါလာပြီး ဗိုက်တွေလည်းဖောင်းလာတယ်။"* (အစားအသောက်တွင် ပရိုတင်းဓာတ်နည်းပါးသည့် လက္ခဏာဖြစ်သည်။) ထို့နောက် *"သူတို့တွေက တောထဲကတောကြောင်တွေလိုပဲ နေနေကြတယ်။"* [တော ထဲတွင် ရှိသောအရာများကိုသာ စားရသည်] ဟု ထပ်မံပြောခဲ့သည်။ မည်သို့သောဆေးဝါးများ အသုံးပြု သည်နှင့် ပတ်သက်၍ မေးသောအခါတွင် ၎င်းတို့အနေဖြင့် သဘာဝဆေးဖက်ဝင်အပင်များကိုသာ အသုံးပြု ကြောင်း ဖြေကြားခဲ့သည်။

---

[32] KHRG မှ ၂၀၂၁ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော "KHRG's Condemnation Letter Regarding the State Administration Council's Mishandling of the COVID-19 Pandemic" တွင် ကြည့်ပါ။

[33] Physicians for Human Rights အဖွဲ့မှ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "'Our Health Workers Are Working in Fear' Targeted Violence against Health Care One Year after Myanmar's Military Coup" တွင် ကြည့်ပါ။

အချို့သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်းက ထွက်ပြေးတိမ်းရှောင်နေရစဉ် ကာလအတွင်း အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုဖြစ်သည်။ အထူးသဖြင့် မုတ်သုံရာသီဖြစ်သည့် မေလမှ အောက်တိုဘာလနှောင်းပိုင်း ကာလများတွင် ထွက်ပြေးတိမ်းရှောင်နေ ရသူ ရွာသားများသည် ကိုဗစ်-၁၉ အပါအဝင် ဖျားနာမှု များနှင့် ကူးစက်ရောဂါများကို ခံစားရနိုင်ချေမြင့်မား သည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လများသည် နွေရာသီဖြစ်သော်လည်း မမျှော်လင့်သော မိုးသည်းထန် မှုများကို ကြုံတွေ့ရလေ့ရှိသည်။ တိုက်ပွဲများနှင့် စစ် ကောင်စီ၏ ဖိနှိပ်မှုများသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ လမှစတင်၍ နေရာဒေသအနှံ့အပြားတွင် အရှိန်ပိုမိုမြင့် တက်လာပြီး ထွက်ပြေးတိမ်းရှောင်မှုများနှင့် ကျန်းမာ ရေးဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ရစေသည်။ စစ် ရှောင်စခန်းအဖြစ် တစ်စိတ်တစ်ပိုင်း သတ်မှတ်ခံရသည့် စခန်းများတွင် နေထိုင်သူများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ပြင်ပ အဖွဲ့အစည်းများထံမှ လက်ခံရရှိနိုင်သော်လည်း ထိုစခန်းများတွင်နေထိုင်ခြင်း မရှိသူများအတွက်မှာမူ ၎င်းတို့၏ကျန်းမာရေးလိုအပ်ချက်များကိုဖြည့်ဆည်းရန်တွက် အခက်အခဲကြုံတွေ့ရသည်။



၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်ကရိတ်မြို့နယ်၊ တောနော (ဒေါနဲ) အရှေ့ဖက်ခြမ်းတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဒေသခံရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ထိုင်း-မြန်မာနယ်စပ်အနီးတွင်တည်ရှိသော ပန္နဲ့ဖိုးကလိုးကျေးရွာ (ကွမ်းခြံ)ထဲတွင် နေထိုင်ခဲ့သည်။ ရွာသားများသည် ထွက်ပြေးတိမ်းရှောင်နေချိန်တွင် ၎င်းတို့နှင့်အတူ မည်သည့်အရာမှ မသယ်ဆောင်နိုင်ခဲ့ပေ။ သို့သော်လည်း ၎င်းတို့နေထိုင်ရန်အမိုးအကာအတွက် တာလပတ်တစ်ခုသာ လက်ခံရရှိခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

ထွက်ပြေးတိမ်းရှောင်နေရသူများတွက် ကျန်းမာရေးလက်လှမ်းမီနိုင်မှုသည် အခြေအနေအပေါ် မူတည်ပြီး အထူးသဖြင့် ရွာသားများ၏ သွားလာနိုင်မှုနှင့် ၎င်းတို့နေထိုင်သည့်စခန်းများ၏ နေရာအပေါ်တွင် မူတည်သည်။ အချို့သောကိစ္စရပ်များတွင် ခဏတာသာနေရပ်ရွှေ့ပြောင်းရခြင်းဖြစ်ပြီး တိုက်ပွဲများပြီးသည်နှင့် ရွာသားများအနေဖြင့် ၎င်းတို့၏ မူရင်းကျေးရွာများသို့ ပြန်လည်နေထိုင်နိုင်ကာ ဒေသတွင်းဆေးခန်းများ ဆက်လက်ဖွင့်လှစ်နေပါက ဆေးဝါးကုသမှုအား လက်လှမ်းမီနိုင်သည်။ အဆက်မပြတ်ထွက်ပြေးတိမ်းရှောင်မှုအား ကြုံတွေ့ရသောရွာသားများအတွက်မှာမူ ၎င်းတို့ကျေးရွာအတွင်းရှိ ဆေးခန်းမှာ ဖျက်စီးခံရခြင်း သို့မဟုတ် အဓမ္မပိတ်သိမ်းခံရသည့်အတွက် အနီးအနားရှိကျေးရွာများသို့သွားရောက်ကာ လိုအပ်သော ဆေးဝါးများကို ဆေးခန်းမှရယူရသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ မာထောကျေးရွာမှ ရွာသားများမှာ တစ်နှစ်ကျော်ကာလအတွင်း ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး အချို့သူများမှာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု မတိုင်မီကတည်းက ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ကျေးရွာတွင် နေထိုင်သူအားလုံးနီးပါး ထွက်ပြေးကြသည့်အတွက် ဆေးခန်းလည်းဖွင့်လှစ်ခြင်း မရှိတော့ပေ။ ထွက်ပြေးတိမ်းရှောင်နေရသူ ရွာသားများအနေဖြင့် ဆေးဝါးရရှိရန် မယ်ညှုထကျေးရွာသို့ သွားရောက်ရသည်။

ကိစ္စရပ်အများစုတွင် IDP များအနေဖြင့် မလုံခြုံမှုများဆက်လက်ရှိနေသည့်အတွက် ၎င်းတို့ထွက်ပြေးတိမ်းရှောင်သည့်နေရာများမှ ထွက်ခွာနိုင်ခြင်းမရှိပေ။ ၎င်းတို့အနေဖြင့် ဆေးဝါးပစ္စည်းများအား လက်လှမ်းမမီနိုင်သည့်အတွက် ရလာဒ်အနေဖြင့် ရွာသားအချို့ သေဆုံးရခဲ့သည်။ မာထောကျေးရွာမှ ထွက်ပြေး

တိမ်းရှောင်နေရသူရွာသူတစ်ဦးက အခြေအနေအား ဤသို့ဖော်ပြခဲ့သည်။ *“အခုဆို ကျွန်မတို့တွေ ဆေးရုံမသွားရဲကြဘူး။ တကယ်တော့ ကျွန်မတို့ ဘယ်နေရာဖြစ်ဖြစ် သွားဖို့ကြောက်တယ်။ [...] မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ကျွန်မတို့ ဘယ်မှမသွားရဲဘူး။ လမ်းတွေကလည်း ပိတ်ထားတယ်။ ဒေသထဲမှာ ဗမာ [စစ်ကောင်စီ] တပ်သားတွေကလည်း အများကြီးရှိနေတယ်။ တိုက်ပွဲဖြစ်မှာကို ကျွန်မတို့အနေနဲ့ စိုးရိမ်တယ်။”* ထွက်ပြေးတိမ်းရှောင်နေရသူများ သေဆုံးရခြင်းနှင့်ပတ်သက်၍ ပြန်ပြောင်းပြောပြခဲ့သည့် အခါတွင် သူမက ဤသို့ထပ်လောင်းပြောသည်။ *“တိုက်ပွဲဖြစ်ရင် ရွာသားတွေက လူနာတွေကို ဆေးရုံမပို့ရဲဘူး။ ဒါကြောင့် ဆေးဝါးကုသခွင့်မရတော့ သူတို့တွေ သေဆုံးရတယ်။ ဥပမာအားဖြင့် ဒေါ်မြတင်ဆိုရင် အပြင်ထွက်ပြီး ဆေးမဝယ်နိုင်တော့ ဆေးကုန်သွားလို့ ဆုံးသွားတယ်။ [သူမအနေဖြင့် မရှိမဖြစ်လိုအပ်သော ဆေးဝါးများ သောက်သုံးခွင့်မရနိုင်တော့ပေ။]”*

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် IDP စခန်းများအား တရားဝင်ဖွင့်လှစ်ခဲ့သည့်အတွက် IDP များအား ပေးအပ်သည့် အချို့အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများမှာ ယခုအခါတွင် ထိုင်း–မြန်မာနယ်စပ်တစ်လျှောက် ရရှိနိုင်ပြီး အဖွဲ့အစည်းများ အထူးသဖြင့် BPHWT နှင့် အတူတကွပူးပေါင်းဆောင်ရွက်သော KDHW၊ မယ်တော်ဆေးခန်းနှင့် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA) တို့အနေဖြင့် IDP များအား ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် ပိုမိုလွယ်ကူလာခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ဒူးပလာယာခရိုင်၊ လေးကေကော်ဒေသတွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့်အတွက် ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် KDHW မှ မြန်မာနိုင်ငံအတွင်းရှိ စစ်ရှောင် စခန်းများသို့ ထွက်ပြေးလာသူများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ခဲ့သည်။ KDHW မှ ဖွင့်လှစ်ထားသော နယ်လှည့်ဆေးခန်းများသည် ယခုအခါတွင် တစ်စိတ်တပိုင်းအသိအမှတ်ပြုထားသော တရားဝင်စစ်ရှောင်စခန်းများတွင် ဆေးကုသမှုပေးလျက်ရှိသည်။ ထို့အတွက်ကြောင့် နာမကျန်းဖြစ်သူများအနေဖြင့် အနိမ့်ဆုံးကျန်းမာရေးစောင့်ရှောက်မှုအားရရှိနိုင်သည့်အပြင် ဒဏ်ရာရသူများအနေဖြင့် ၎င်းတို့၏ဒဏ်ရာများအားဆေးထည့်နိုင်ပြီး အရေးပေါ်အခြေအနေတွင်ရှိသော ရွာသားများသည်လည်း ထိုင်းနိုင်ငံအတွင်းရှိဆေးခန်းများတွင် ဆေးကုသမှုခံယူနိုင်သည်။







ဒေသခံ CSO/CBO အဖွဲ့အစည်းများ၊ KDHW နှင့် တစ်သီးပုဂ္ဂလအလှူရှင်များက ပံ့ပိုးပေးသော သောက်ရေ၊ စားစရာ၊ အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများအပါအဝင် ကိုဗစ်–၁၉ စစ်ဆေးရေးကိရိယာများ စသည့်ထောက်ပံ့ပစ္စည်းများကို စစ်ဘေးရှောင်ရွာသားများက လက်ခံရရှိခဲ့သည်။ ထိုရွာသားများသည် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကျေးရွာအုပ်စုရှိ သောင်ရင်းမြစ်ကမ်းနားတွင် ထွက်ပြေးတိမ်းရှောင်နေရပါသည်။ တစ်ချို့သော IDP များသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလယ်လောက်တွင် တိုက်ပွဲဖြစ်ပွားကတည်းက ထိုနေရာတွင် လာရောက်နေနှင့်ပြီးဖြစ်သည်။ ဤပုံကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်ရိုက်ယူခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

သို့သော်လည်း အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးနှင့် ကိုဗစ်-၁၉ ရောဂါအခြေအနေအရ ထောက်ပံ့ပစ္စည်းများတင်ဆောင်လာသော ကုန်ကားများဖြင့် နိုင်ငံအတွင်းပိုင်းရှိ IDP များနှင့် တရားဝင်သတ်မှတ်ထားခြင်းမရှိသော စခန်းများတွင် နေထိုင်သူများထံသို့ ရောက်နိုင်ရန်အတွက် စိန်ခေါ်မှုများရှိနေသည်။ စစ်အာဏာသိမ်းမှုမတိုင်မီ ၂၀၂၀ ခုနှစ်တွင်ပင် စစ်ကောင်စီတပ်သားများ၏ ရှာဖွေသိမ်းယူမှုများမှာ ပိုမိုတင်းကျပ်လာသည့်အတွက် နယ်စပ်အခြေစိုက်ကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့် ကျေးရွာများသို့ ဆေးဝါးပံ့ပိုးမှုများပေးပို့ရန် စိန်ခေါ်မှုများကြုံတွေ့ခဲ့ရသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်ကောင်စီမှ ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများအား ပိုမိုတိုးချဲ့လာပြီး ဆေးဝါးပံ့ပိုးမှုနှင့် ဆေးဖက်ဆိုင်ရာပစ္စည်းကိရိယာများအား တင်ပို့ခြင်းကို ကန့်သတ်လာခဲ့သည့်အတွက် အခြေအနေများ ပိုမိုဆိုးရွားလာခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ လေးကေ့ကော်တွင် စစ်ကောင်စီမှ မြေပြင်နှင့်လေကြောင်းတိုက်ခိုက်မှုများ စတင်ခဲ့သည့်အချိန်တွင် ဒေသတွင်းဝန်ဆောင်မှုပေးသူများက ဆေးဝါးပံ့ပိုးမှုများအား အရေးတကြီးလိုအပ်လာသကဲ့သို့ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရန်မှာလည်း ပိုမိုခက်ခဲလာသည်။

စစ်ရှောင်စခန်းများ မည်သည့်နေရာတွင် ရှိနေသည်ကို မသိရှိနိုင်သည့်အပြင် စစ်ကောင်စီမှချမှတ်ထားသော ခရီးသွားလာမှုကန့်သတ်ခြင်းများက ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့များအား ထိုစစ်ရှောင်စခန်းများသို့ရောက်ရှိနိုင်ခြင်းကိုဟန့်တားလျက်ရှိသည်။IDPများအနေဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်မှစ၍ ၎င်းတို့အကြားတွင် ကျန်းမာရေးဝန်ထမ်းများမရှိပါက ကျန်းမာရေးစောင့်ရှောက်မှုများမရရှိနိုင်ကြောင်း မကြာခဏဆိုသလိုပင် ဖော်ပြတတ်ကြသည်။ ခလယ်လွိထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ ခဲဒဲကျေးရွာအုပ်စုမှ ရွာသားများသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး တွေ့ဆုံမေးမြန်းသည့်အချိန်တွင် ၎င်းတို့အနေဖြင့် ထွက်ပြေးရသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ကာ မြို့နယ်နှင့် ခရိုင်ခေါင်းဆောင်များမှစေလွှတ်သည့် ကျန်းမာရေးဝန်ထမ်းများက ၎င်းတို့အား ကျန်းမာရေးဆိုင်ရာ အကူအညီများအား ပေးအပ်ခဲ့ကြသည်။ သို့သော်လည်း IDP များအနေဖြင့် ဆိုးရွားသည့်ကျန်းမာရေးအခြေအနေအား ကြုံတွေ့ရသော မှတ်သုံးရာသီတွင် ကျန်းမာရေးလုပ်သားများ ထွက်ခွါသွားကြသည်။ ၎င်းတို့ ထိုနေရာတွင်ရှိနေသော အချိန်တွင်လည်း ရွာသားများခံစားရသည့် ဖျားနာမှုများအား ကုသရန် ဆေးဝါးမရှိခြင်းများကို ရံဖန်ရံခါ ကြုံတွေ့ကြရသည်။

## (ခ) ကျေးရွာများအတွင်း ကျန်းမာရေးစောင့်ရှောက်မှု

IDP များမှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စိန်ခေါ်မှုများကိုကြုံတွေ့နေရစဉ် ကျေးလက်ဒေသများအနေဖြင့် စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ဆေးဝါးနှင့်ဆေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို တားဆီးပိတ်ပင်ခံရသည့်အတွက် ကျန်းမာရေးဆိုင်ရာပြဿနာရပ်များကို ရင်ဆိုင်ရလျက်ရှိသည်။ ဒူးပလာယာခရိုင်၏ လက်ထောက်ကျန်းမာရေးမှူးက ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် မှတ်ချက်ပေးခဲ့သည်မှာ ကျေးရွာအတွင်း ကျန်ရှိနေသောရွာသားများသည်လည်း ရေဓါတ်ခန်းခြောက်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် သေဆုံးနေရကြောင်းဖော်ပြခဲ့သည်။ အထူးသဖြင့် ထိုင်း-မြန်မာနယ်စပ်နှင့် မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးသည့် ကျေးရွာများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်အတွက် စိန်ခေါ်မှုများ ကြုံတွေ့ကြရသည်။ မြိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ကမိုသွေးဒေသမှ ဒေသခေါင်းဆောင်တစ်ဦးကဤသို့ပြောသည်။ *"ကျွန်တော်တို့ [ကမိုသွေးဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ]*

*အနေနဲ့ ဆေးဝါးထောက်ပံ့မှုအများကြီးလိုအပ်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ လုံလောက်တဲ့ ဆေးဝါးတွေမရှိဘူး။ ပြီးတော့ မတူညီတဲ့လူတွေက မတူညီတဲ့ဆေးဝါးကုသမှုတွေ လိုအပ်တယ်။ ကျွန်တော်တို့အနေနဲ့ ရောဂါတိုင်းကိုကုချင်ပေမယ့် ဆေးဝါးမလုံလောက်မှုကြောင့် မလုပ်နိုင်ဘူး။"*

ကျေးလက်ဒေသတွင်နေထိုင်သော ရွာသားများသည် ၎င်းတို့အတွက်ဆေးဝါးရရှိရန် မြို့ပြများသို့သွားကြရသည်။ စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီမှ ဆေးဝါးနှင့်ဆေးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို ကန့်သတ်ခဲ့သည်။ ထိုသို့သော ပိတ်ပင်မှုများပြုလုပ်ရန် တရားဝင်ညွှန်ကြားချက် ထုတ်ပြန်ခြင်း ရှိမရှိမှာ မရှင်းလင်းပေ။ သို့သော် ရွာသားများအနေဖြင့် ဆေးဝါးနှင့်ဆေးပစ္စည်းများအား ၎င်းတို့၏ကျေးရွာသို့ သယ်ဆောင်လာသည့်အချိန်တွင် မြို့အနီးရှိစစ်ဆေးရေးဂိတ်များတွင် သိမ်းယူခြင်းခံရကြောင်း တင်ပြခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့မှဆေးပစ္စည်းများ သယ်ယူပို့ဆောင်သည့်အချိန်တွင် လျှို့ဝှက်စွာသယ်ယူပို့ဆောင်ကြရသည်။ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဖို့ပီးဒဲကျေးရွာအုပ်စု၊ ထီးတို့လိုကျေးရွာမှ ရွာသားတစ်ဦး က ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဤသို့ပြောခဲ့သည်။ *"အာဏာသိမ်းပြီးတဲ့နောက်မှာ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးမှာ အခက်အခဲရှိတော့ ဆေးတွေဈေးတက်လာတယ်။ [စစ်ကောင်စီ] အာဏာပိုင်တွေက ဆေးဝါးသယ်ဆောင်မှုတွေကို တားမြစ်ထားတဲ့အတွက် လူတွေကဒါတွေကို ခိုးသယ်နေရတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့အနေနဲ့ အရမ်းလိုအပ်တဲ့ဆေးဝါးတွေကို မူးမြို့နယ်မှာ ဝယ်ဖို့လိုရင် လျှို့ဝှက်ပြီးယူလာရတယ်။"* ရလာဒ်အနေဖြင့် ကျေးလက်ဒေသများတွင် ဆေးဝါးနှင့်ဆေးဝါးကုသမှုစရိတ်များ မြင့်တက်လာပြီး အချို့ရွာသားများ မတတ်နိုင်လောက်သည့်အထိ ဈေးနှုန်းများမြင့်တက်လာခဲ့သည်။ ဒေသအများအပြားမှ ရွာသားများအနေဖြင့် ဆေးဝါးနှင့်ဆေးပစ္စည်းများ ပြတ်လပ်ခဲ့သဖြင့် တိုင်းရင်းဆေးများဖြင့် ကုသရကြသည်။

ကျန်းမာရေးဝန်ထမ်းအများအပြား CDM တွင် ပါဝင်ကြသော်လည်း စစ်ကောင်စီဖွင့်လှစ်သည့် အချို့ဆေးရုံများမှာ ဆက်လက်ဖွင့်လျက်ရှိသည်။ သို့သော်လည်း ဒူးပလာယာခရိုင်မှ လက်ထောက်ကျန်းမာရေးမှူးက ရွာသားများအနေဖြင့် စစ်ကောင်စီဖွင့်လှစ်သော ထိုဆေးရုံများသို့သွားရန် ကြောက်ရွံ့လျက်ရှိကြောင်း သတိပြုခဲ့သည်။ ထို့အပြင် ဆေးရုံများတွင် ဝန်ထမ်းအင်အား အလွန်လျော့နည်းနေသည့်အတွက် ထိုဆေးရုံများအား ပုံမှန်ပြန်လည်ဖွင့်လှစ်ရန်နှင့် ရွာသားများအတွက်လည်း လုံလောက်သည့်ဆေးဝါးများရရှိရန် ခက်ခဲသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးဖဒိုထကျေးရွာအုပ်စုမှ ရွာသားတစ်ဦးက ဤသို့ပြောခဲ့သည်။ *"ကျွန်တော်တို့တွေက လေးကေ့နဲ့ ဖွာဂေါ်ဆေးရုံတွေကို အားကိုးလေ့ရှိတယ်။ လေးကေဆေးရုံးက ဝန်ထမ်းတွေ CDM ဝင်သွားလို့ ပိတ်လိုက်ရတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဖွာဂေါ်ဆေးရုံကိုအားကိုးခဲ့ပေ မယ့် နယ်ခြားစောင့်တပ်[34]နဲ့ စစ်ကောင်စီတို့က ဖွာဂေါ်ဆေးရုံကိုဖျက်စီးလိုက်တော့ အခုဆို ဘာမှမလုပ်နိုင် တော့ဘူး [ကျန်းမာရေးစောင့်ရှောက်မှု မရတော့ဘူး]။ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုရဖို့အတွက် သထုံ ဒါမှမဟုတ် ဖားအံမြို့ကိုသွားရတယ်။ ဒါက ကျွန်တော်တို့အတွက် အရမ်းခက်ခဲတယ်။"* ကိစ္စရပ်အများစုတွင် စိုးရိမ်ဖွယ်အခြေအနေရှိသူများအနေဖြင့် ဝေးလံသောဆေးရုံများသို့

[34] တပ်မတော်၏ နယ်ခြားစောင့်တပ် (BGF) တပ်ရင်းများသည် ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အစိုးရ၏ကာကွယ်ရေးတပ်ဖွဲ့ မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် DKBA၏ အဖွဲ့ဝင်ဟောင်းများမှ ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းတို့သည် မြန်မာအစိုးရနှင့် ပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်များအားတရားဝင်လက်ခံခဲ့ပြီး တပ်မတော်အတွင်းရှိ တပ်ရင်းများသို့ပြောင်းလဲရန် သဘောတူခဲ့သောအဖွဲ့ဖြစ်သည်။

ရောက်ရှိရန် အလွန်ခက်ခဲသော်လည်း ထိုအရာအားလက်လှမ်းမီရန်အတွက် အလိုအပ်ဆုံးဖြစ်နေတတ်သည်။

စစ်အာဏာသိမ်းမှုနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် ရွာသားများအနေဖြင့် လူစုလူဝေးမလုပ်နိုင်သည့်အတွက် ကျန်းမာရေးပညာပေးသင်တန်းများအပါအဝင် ဒေသခံကျန်းမာရေးဝန်ထမ်းများမှပေးအပ်သော လုပ်ငန်းဆောင်ရွက်မှုများအား ရပ်တန့်ခဲ့ရသည်။ ဒူးပလာယာခရိုင်၊ ကရုတူးမြို့နယ်၊ ယောတရွဲကျေးရွာအုပ်စုမှ ကျေးရွာကျန်းမာရေးအဖွဲ့ဝင်တစ်ဦးက စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထိရောက်သောသင်တန်းများပေးရန်အတွက် ခက်ခဲသည်ကိုသတိပြုမိပြီး ဤသို့ပြောခဲ့သည်။ *“အရင်က [အာဏာမသိမ်းမီ] ကျွန်တော်တို့မှာ လူစုလူဝေးလုပ်ဖို့ ဘာပြဿနာမှမရှိဘူး။ အခုကျွန်တော်တို့ ကျန်းမာရေးပညာပေးဖို့အတွက် စုဝေးလိုက်ပြီဆို အနီးအနားရွာက အပြင်လူတွေအနေနဲ့က ကျွန်တော်တို့တွေ [အာဏာသိမ်းမှုကိုဆန့်ကျင်တဲ့] ဆန္ဒပြ ဖို့အတွက် ဆွေးနွေးနေတယ်လို့ ထင်လိမ့်မယ်။ ဒီလိုအခြေအနေတွေကြောင့် ကျွန်တော်တို့ ကျန်းမာရေးအသိပညာပေးဖို့အတွက် အခက်အခဲဖြစ်ရတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျန်းမာရေးပညာပေးသင်တန်းတွေ မလုပ်နိုင်တော့ဘူး။”*



ဤပုံကို SAC မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ် ပြီးနောက် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဒေးဘူနို့ဒေသတွင် ရိုက်ယူခဲ့သည်။ ပုံတွင် KNLA ဆေးမှူးဝန်ထမ်းတစ်ဦးမှ ဒဏ်ရာရရှိခဲ့သော ရွာသားတစ်ဦးကို ဆေးကုသပေးနေသော ပုံဖြစ်သည်။
*(ဓာတ်ပုံ – ဒေသခံရွာသား)*

ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့်လည်း ထိုကျေးရွာများသို့ လက်လှမ်းမီရန်နှင့် ဒေသတွင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရန်အတွက် ဆေးပစ္စည်းများပို့ဆောင်ရန် စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် ကွင်းဆင်းလုပ်သား များနှင့် ဆက်သွယ်မှုပြုရန် ပိုမိုခက်ခဲလာသည်။ ရလာဒ် အနေဖြင့် ထိုအဖွဲ့အစည်းများသည် ကျေးလက်ဒေသ များတွင် ပုံမှန်အတိုင်းလုပ်ငန်းများဆောင်ရွက်ရန် ခက်ခဲလာပြီး ကျေးရွာအတွင်း အဖွဲ့အစည်း၏လုပ်ငန်း အခြေအနေစောင့်ကြည့်ခြင်းနှင့် ကွင်းဆင်းလေ့လာ ခြင်းများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် နှောင့်နှေးမှုများနှင့် ထိရောက်မှုမရှိခြင်းများကို ဖြစ် ပေါ်စေသည်။ အချို့သော ဒေသခံကျန်းမာရေးဝန် ဆောင်မှုပေးသူများအနေဖြင့်လည်း စစ်ကောင်စီဖွင့် လှစ်ထားသော ဆေးရုံများတွင် ဝန်ထမ်းများမရှိသည့် အတွက် ထိုဆေးရုံများသို့ လူနာများအားလွှဲအပ်ခြင်း မပြုလုပ်နိုင်တော့ပေ။ ထိုအစား ၎င်းတို့အနေဖြင့် မိမိတို့၏ကျန်းမာရေးဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးတင်တန်းများကိုသာ ၎င်းတို့ဘာသာပြုလုပ်ကြ ရပြီး ထိုသို့လုပ်ဆောင်ရန်မှာ အချိန်ပေးရန်လိုအပ်ပြီး နှိုင်းယှဉ်ကြည့်မည်ဆိုပါက ထိရောက်မှုမရှိပေ။

KDHW အနေဖြင့် ကရင်ပြည်နယ်တဝှမ်းရှိ ကျေးလက်ဒေသမှ ရွာသားများလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများအား အချိန်ကြာမြင့်စွာပေးဆောင်လာခဲ့သည်။ သို့သော်လည်း စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ KDHW အနေဖြင့် လုံလောက်သည့်ဆေးပစ္စည်းများမရှိခြင်း သို့မဟုတ် လက်လှမ်းမီရန်ခက်ခဲ

သည့်နေရာများတွင် ရောဂါအကြီးစားများကုသနိုင်မှုမရှိခြင်းကို ကြုံတွေ့လာရသည်။ အချို့ဒေသများတွင် KDHW မှ ဖွင့်လှစ်သည့် ဆေးခန်းများအား ၂၀၂၁ ခုနှစ်အထိ ဆက်လက်ဖွင့်လှစ်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် ဝန်ဆောင်မှုများဆက်လက်ပေးနိုင်ရန် နယ်လှည့်ဆေးခန်းများအဖြစ်သို့ ပြောင်းလဲခဲ့ရသည်။ သို့သော် ဆက်လက်ဖွင့်လှစ်ထားသောဆေးခန်းအများစုမှာ ကျေးလက်ဒေသများသို့ ရောက်ရှိနိုင်ခြင်းမရှိပေ။ ဥပမာအားဖြင့် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ခလယ်ခိုကျေးရွာနှင့် အနီးဆုံး KDHW ဆေးခန်းမှာ တဒ္ဒီးခိုကျေးရွာတွင်ရှိပြီး တောလမ်းဖြင့် သုံးမိုင်ကျော်သွားရသည်။ ထိုဒေသအတွင်း မလုံခြုံမှုများဆက်လက်ဖြစ်ပေါ်နေသဖြင့် ရွာသားများအတွက်လက်လှမ်းမီရန် အလွန်ပင်အလှမ်းဝေးလှသည်။

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးအဖွဲ့ (BPHWT)အနေဖြင့် ဆေးဝါးများနှင့် ကျန်းမာရေးပစ္စည်းများအား ကျေးလက်ဒေသများသို့ အခမဲ့ဖြန့်ဝေနိုင်ရန် ပိုမိုဝေးလံသည့်နေရာများသို့ ပုံမှန်အားဖြင့် သွားရောက်နိုင်ကြသည်။ ထို့အတွက်ကြောင့် ရွာသားများအနေဖြင့် အချို့သောရောဂါများအားကုသနိုင်သည်။ BPHWT သည် ကရင်ပြည်နယ်၏ ခရိုင်ခုနှစ်ခုလုံးတွင် ကျန်းမာရေးလုပ်ငန်းများလည်ပတ်နေပြီး မူတြော်ခရိုင်တွင်လည်း ၎င်းတို့၏ကျန်းမာရေးဝန်ဆောင်မှုများ ခိုင်မာစွာတည်ရှိနေသည်။ ၎င်းတို့အနေဖြင့် ယခင်က ဒွယ်လိုးမြို့နယ်တွင် BPHWT မှ ကုသရေးစင်တာခြောက်ခုနှင့် ဆေးရုံနှစ်လုံး၊ လူသောမြို့နယ်တွင် ကုသရေးစင်တာလေးခုနှင့် ဆေးရုံနှစ်လုံး၊ ဘူးသိုမြို့နယ်တွင် ကုသရေးစင်တာနှစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ သို့သော်လည်း စစ်အာဏာသိမ်းပြီးနောက်တွင် BPHWT အနေဖြင့် ၎င်းတို့အခြေစိုက်သော မူတြော်ခရိုင်မှရွှေ့ပြောင်းပေးခဲ့ရသည်။

BPHWT အနေဖြင့် ဒူးပလာယာခရိုင်တွင်လည်း ကျန်းမာရေးဝန်ဆောင်မှုများ ပေးခဲ့သည်။ သို့သော်လည်း ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ဝါ့မကျေးရွာအုပ်စု၊ က--- ကျေးရွာမှ ရွာသားတစ်ဦးက BPHWT အနေဖြင့် ရောဂါအားလုံး ကုသမှုမပေးနိုင်သည့်အတွက် ရွာသားများအနေဖြင့် အချို့သော ဆေးဝါးများအား ကိုယ်တိုင်ဝယ်ယူရကြောင်း ပြောပြခဲ့သည်။ ဝင်ငွေအနည်းငယ်သာရှိပြီး စားဝတ်နေရေးအခက်အခဲရှိသူများအတွက် ဆေးဝါးများဝယ်ယူနိုင်ခြင်းမရှိပါက ၎င်းတို့၏ကျန်းမာရေးအပေါ် ကြီးမားသောသက်ရောက်မှုများရှိနိုင်သည်။ ထို့ကြောင့် ရွာသားများအနေဖြင့် လိုအပ်သောဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန် ပိုမိုခက်ခဲစေသည်။ ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်တွင် ကျန်းမာရေးထောက်ပံ့မှုဆိုင်ရာ ပစ္စည်းပြတ်လပ်မှုများ ကြုံတွေ့ရလျက်ရှိကြောင်း ရွာသားများက တင်ပြကြသည်။ ထို့အပြင် ဆေးရုံဆေးခန်းမရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် BPHWT ၏ ဝန်ထမ်းများ လုံလောက်စွာ မရှိခြင်းများကြောင့် မြို့နယ်တစ်ခုလုံးအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပြတ်လပ်လျက်ရှိကြောင်းလည်း တင်ပြကြပါသည်။

ကျေးလက်ဒေသရှိ ကျေးရွာအများစုမှာ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြင်ပမှထောက်ပံ့မှုများ ဖြတ်တောက်ခြင်းခံရသည့်အတွက် ရွာသားများအနေဖြင့် ကျေးရွာအတွင်း လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် ဒေသအတွင်းတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီပံ့ပိုးပေးလျက်ရှိသည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ နို့လော်ဆူးကျေးရွာတွင် မြို့သို့သွားနိုင်သော ရွာသားတစ်ဦးက ကျန်ရွာသားများအတွက် ဆေးဝါးများဝယ်ယူနိုင်ရန် အကူအညီပေးလျက်ရှိသည်။ ဤသည်နှင့်စပ်လျဉ်း၍ ဒေသခံရွာသားတစ်ဦးမှ *"ကျွန်တော်တို့ရွာမှာ ဆေးခန်းတစ်လုံးမှ မရှိဘူး။ ဒါပေမယ့်*

*ကျွန်တော်တို့မှာ ဆေးဆရာမတစ်ယောက်ရှိတယ်။ သူက မြို့ပေါ်က ဆေးတွေဝယ်ပေးတဲ့အတွက် ရွာသားတွေက လိုအပ်ရင်သူ့ဆီမှာသွားတောင်းရတယ်။"* ဟု ဆိုပါသည်။ အနောက်တိုင်းဆေးဝါးများအား လက်လှမ်းမမီနိုင်မှု လျော့နည်းလာသည့်အတွက် ရွာသားများအနေဖြင့် ငှက်ဖျားနှင့် ကိုဗစ်–၁၉ ရောဂါ အပါအဝင် ဖျားနာမှုများကိုကုသရန်အတွက် ရိုးရာတိုင်းရင်းဆေးများကို အသုံးပြုလာကြသည်။

အချို့ဒေသများတွင် တာဝန်ရှိသူများက ဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လာကြသည်။ မြိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ကမိုသွေးဒေသတွင် ခိုလှုံလျက်ရှိသည့် CDM တွင်ပါဝင်သော ဆရာဝန်တစ်ဦးက ရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးကာ ကျေးရွာတွင် ၂၄ နာရီ ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ ထို့အပြင် ဒေသတွင်းမှ မြို့နယ်ခေါင်းဆောင်များကလည်း ခရိုင်အတွင်းမှရွာသားများ အသုံးပြုနိုင်မည့် ပြည်သူ့ဆေးရုံတစ်ခုဆောက်လုပ်ရန် ဆွေးနွေးခဲ့ဖူးသည်။ ဤစီမံကိန်းအတွက် စီစဉ်ဆောင်ရွက်မှုများ မစတင်နိုင်သေးပေ။ လက်ရှိအနေအထားအရလည်း လုပ်ဆောင်ရန်အတွက် ဖြစ်နိုင်ချေမရှိပေ။ အခြားအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုနှင့် ငွေကြေးလှူဒါန်းမှုမရှိပါက ရွာသားများအနေဖြင့် ၎င်းတို့အချင်းချင်းကြား ထောက်ပံ့နေမှုအား ရေရှည်လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ လယ်ဒိုစိုးမြို့နယ်မှ ဒေသခံခေါင်းဆောင်တစ်ဦးက ဒေသတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့များ၏ ပံ့ပိုးမှုမရှိပါက ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပံ့ပိုးမှုများမှာ အလွန်နည်းပါးပေလိမ့်မည်ဟု ဆိုပါသည်။

## (ဂ) ကိုဗစ် –၁၉

ကိုဗစ်–၁၉ ရောဂါ စတင်ပျံ့နှံ့သည့် အချိန်မှစ၍ KDHW အပါအဝင် ဒေသအတွင်းရှိအဖွဲ့အစည်းများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ အရေးပေါ်ထောက်ပံ့မှုများအား ပူးပေါင်းပံ့ပိုးမှုများ ဆောင်ရွက်သည့်အပြင် စစ်ဆေးရေးကိရိယာနှင့် ဆေးဝါးများအားဖြန့်ဝေရေးတွင် ပါဝင်လုပ်ဆောင်လာကြသည်။ ဤအဖွဲ့အစည်းများအနေဖြင့် စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ကိုဗစ်–၁၉ ထောက်ပံ့ရေးပစ္စည်းများဖြန့်ဝေရာတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရပြီး အထူးသဖြင့်စစ်ကောင်စီတပ်သားများ၏ မကြာခဏရှာဖွေသိမ်းဆည်းမှုများနှင့် ထိုဆေးဝါးပစ္စည်းများအားပို့ဆောင်ရာတွင် ၎င်းတို့ဝန်ထမ်းများ၏ လုံခြုံရေးအတွက် စိုးရိမ်နေရပါသည်။ စစ်ကောင်စီအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို ထိန်းချုပ်ရန်ကြိုးပမ်းပြီး ရောဂါကူးစက်ပျံ့နှံ့မှုအား ကာကွယ်ရန် ကူညီပေးမည့်အဓိကအဖွဲ့အစည်းများအား ပိတ်ပင်ခြင်းအားဖြင့် ရောဂါပျံ့နှံ့မှုအားလက် နက်တစ်ခုသဖွယ် အသုံးပြုခဲ့သည်။[35] စစ်ကောင်စီမှ ကျန်းမာရေးလုပ်သားများအပေါ် ဖိနှိပ်မှုများနှင့် အောက်ဆီဂျင်အပါအဝင် လိုအပ်သောဆေးဝါးပစ္စည်းပံ့ပိုးမှုများအား ဖြတ်တောက်ခဲ့ပါသည်။ ထို့ကြောင့် အာဏာသိမ်းပြီးချိန်မှစ၍ ကျေးလက်ဒေသအများစုတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ယိုယွင်းပျက်စီး လာသည်သာမက ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းပျံ့နှံ့မှု စတင်ဖြစ်ပေါ်စေခဲ့ ပါသည်။

---

[35] KHRG မှ ၂၀၂၁ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေသော "KHRG's Condemnation Letter Regarding the State Administration Council's Mishandling of the COVID–19 Pandemic" နှင့် Insecurity Insight တို့မှ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော "Violence Against or Obstruction of Health Care in Myanmar (February–September 2021)" တို့တွင် ကြည့်ပါ။

ထိုအချိန်မှစ၍ ကျေးရွာတစ်ခုလုံး ကူးစက်ခံရခြင်းများအပါအဝင် ရောဂါကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်သော အစီရင်ခံစာများကို KHRG မှ စတင်လက်ခံရရှိခဲ့သည်။ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် မှာလည်း မြင့်တက်လာခဲ့ပါသည်။

ထွက်ပြေးတိမ်းရှောင်နေရသူများအနေသဖြင့် ကိုဗစ်–၁၉ တတိယလှိုင်း၏သက်ရောက်မှုအား အထူး ခံစားခဲ့ရသည်။ တိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ ဖြစ်ပွားသည့်အချိန်တွင် ရွာသားများသည် ယာယီဖုံးခိုကျင်းများတွင် အချိန်အတိုင်းအတာတစ်ခုအထိ အတူတကွပုန်းအောင်းနေရသည့်အပြင် ထွက်ပြေးတိမ်းရှောင်ရသည့်အခါ အစုလိုက်အပြုံလိုက်နေထိုင်ရသောကြောင့် ရောဂါပိုးပျံ့နှံ့မှုကို၏ထိန်း ချုပ်ရန် ပိုမိုခက်ခဲစေပါသည်။ နေရာဒေသအများအပြားတွင် ရောဂါပိုးစစ်ဆေးမှုမရှိခြင်းကလည်း ရွာသား များအတွက် နေရပ်ရွှေ့ပြောင်းမှုမတိုင်မီ ရောဂါကူးစက်ခံရခြင်းရှိမရှိနှင့်ပတ်သက်၍ မသိနိုင်သည့်အတွက် လိုအပ်သောကာကွယ်မှုများ မပြုလုပ်နိုင်ခဲ့ပေ။ ရွာသားအများစုမှာ အခြားသောခြိမ်းခြောက်မှုများကို ကြုံတွေ့နေရသည့်အခါတွင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ စိုးရိမ်မှုမရှိကြောင်း ဖော်ပြခဲ့ကြသည်။ ဤသည်နှင့်စပ်လျဉ်း၍ *"ရွာသားတွေ [စစ်ကောင်စီ၏ တိုက်ခိုက်မှုမှ] ထွက်ပြေးတဲ့အခါ သူတို့က ကိုရိုနာ ရောဂါကို ကြောက်ဖို့မေ့သွားတယ်။ သူတို့က စစ်ကောင်စီစစ်သားတွေကိုပဲ ကြောက်တယ်။"*[36] ဟု ရွာသား တစ်ဦးမှ ဆိုပါသည်။

ကျေးလက်နေဒေသခံအနည်းငယ်သာလျှင် ကာကွယ်ဆေးထိုးနှံနိုင်စွမ်းရှိကြသည့်အတွက် ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှာ ပိုမိုဆိုးရွားလာခဲ့သည်။ KHRG လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသအတွင်းရှိ ရွာသားအနည်းငယ်သာလျှင် ကာကွယ်ဆေးထိုးရန် လက်လှမ်းမီကြသည်။ ကာကွယ်ဆေးထိုးနှံခွင့်ရသည့် အခါတွင်လည်း ရွာသားများအနေဖြင့် ၎င်းတို့အား ကာကွယ်ဆေးထိုးနှံပေးမည့် စစ်ကောင်စီအပေါ် ယုံကြည်မှုမရှိပေ။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ရွာသားတစ်ဦးက *"သူတို့ [စစ်ကောင်စီ]က ကာ ကွယ်ဆေးထိုးပေးမယ်ပြောပေမယ့် လ---ကျေးရွာမှာရှိတဲ့ ရွာသားတွေက စစ်ကောင်စီထိုးပေးတဲ့ဆေးကို လက်ခံမှာ မဟုတ်ဘူး။ ကျွန်တော်တို့အနေနဲ့ သူတို့ထိုးပေးမယ့် ကာကွယ်ဆေးကို မထိုးရဲကြဘူး။"* [37] သောင်းရင်းမြစ်ကမ်းတစ်လျှောက်ရှိ ယာယီစစ်ရှောင်စခန်းများတွင် နယ်စပ်အခြေစိုက်နှင့် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့များက ထွက်ပြေးတိမ်းရှောင်နေရသူများအား ကာကွယ်ရေးထိုးနှံပေးနိုင်ရန် လုပ်ဆောင် ခဲ့သည်။ သို့သော် KHRG မှ ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအရ အချို့သောရွာသားများအနေဖြင့် ကိုဗစ်–၁၉ ရောဂါပိုးရှိသည်ကို ယုံကြည်မှုမရှိကြောင်း ဖော်ပြကြသည်။ ဆိုလိုသည်မှာ ကိုဗစ်–၁၉ နှင့် ပတ်သက်၍ အသိပညာပေးမှုများစွာ လုပ်ဆောင်ရန် လိုအပ်နေသေးသည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်မှ ကျန်းမာရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက ဤအချက်သည် အဖွဲ့အစည်းများမှ ကျေးလက်ဒေသရှိ ရွာသားများအတွက် ကာကွယ် ဆေးထိုးနှံပေးခြင်းအား နှောင့်နှေးမှုဖြစ်စေသည့်အပေါ် ၎င်း၏စိုးရိမ်မှုအား *"သူတို့ [အဖွဲ့အစည်း]တွေ*

[36] KHRG မှ ၂၀၂၂ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Southeast Burma Field Report: Intensification of armed conflict, air and ground attacks, and widespread human rights violations, July to December 2021" တွင် ကြည့်ပါ။

[37] KHRG မှ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသော "Dooplaya District Interview: Looting, fighting, forced labour and COVID–19 infections, September 2021", တွင် ကြည့်ပါ။

*မလာရတဲ့အကြောင်းရင်းက ရွာသားတွေ ကာကွယ်ဆေးမထိုးချင်လို့ ဖြစ်လိမ့်မယ်။ ရွာထဲက တာဝန်ရှိတဲ့သူက နာမည်တွေ လိုက်ကောက်ပေမယ့် ကာကွယ်ဆေးထိုးဖို့ နာမည်ပေးတဲ့သူအနည်းငယ်ပဲရှိတယ်။ ဒါက အကြောင်းပြချက်တစ်ခု ဖြစ်လောက်တယ်။ ကျွန်တော်လည်း မသေချာဘူး။"* ဟူ၍ ပြောခဲ့သည်။ စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီနိုင်မှုအားနည်းခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးမှုမရှိခြင်းများသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများနှင့်ကျန်းမာရေးဆိုင်ရာရှုပ်ထွေးမှုများ ပိုမိုဖြစ်ပေါ်စေပါသည်။

## (ဃ) အထူးအကူအညီလိုအပ်နေသူများ

စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ မိခင်နှင့်ကလေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လုံလောက်စွာ လက်လှမ်းမှီနိုင်ခြင်းမရှိပေ။ ထွက်ပြေးတိမ်းရှောင်နေရသော ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မီးဖွားသည့်အချိန်တွင် အန္တရာယ်ရှိသောအခြေအနေများနှင့် ရင်ဆိုင်ရနိုင်သော်လည်း စစ်ဘေးရှောင်စခန်းများတွင် ကိုယ်ဝန်ဆောင်နှင့် ကလေးမီးဖွားမှုအတွက် အကူအညီပေးနိုင်သော ကျန်းမာရေးလုပ်သားများ မရှိပေ။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စုမှ ထွက်ပြေးတိမ်းရှောင်နေရသူအမျိုးသမီးတစ်ဦးကဤစိန်ခေါ်မှုအားမီးမောင်းထိုးပြခဲ့သည်။ကျေးရွာအတွင်းရှိရွာသားများအားလုံးမှာပြီးခဲ့သည့်နှစ်အတွင်း မတူညီသောနေရာများသို့ ထွက်ပြေးခဲ့သောကြောင့် အမျိုးသမီးများအနေဖြင့် သားဖွားဆရာမများအား လက်လှမ်းမီနိုင်မှုမရှိသည့်အတွက် မိခင်နှင့်ကလေး နှစ်ဦးစလုံးတွက် စိုးရိမ်စရာများဖြစ်စေပါသည်။ အရေးပေါ်အခြေအနေတွင် ဆေးရုံဆေးခန်းများအား လက်လှမ်းမမီနိုင်သော ကျေးလက်ဒေသများရှိ ကျေးရွာများမှ ကိုယ်ဝန်ဆောင်နှင့်မိခင်များအတွက်လည်း အလားတူအခြေအနေမျိုး ကြုံတွေ့ခဲ့ရပါသည်။ ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ ပိုပီးဒဲကျေးရွာအုပ်စု၊ ထီးတို့လို့ကျေးရွာတွင် သားဖွားဆရာမမှ ခလေးမွေးဖွားပေးနိုင်ခြင်းမရှိပါက ကိုယ်ဝန်ဆောင်များအနေဖြင့် မူးမြို့ရှိဆေးရုံသို့ သွားရောက်မီးဖွားကြရသည်။ သို့သော်လည်း မလုံခြုံမှုများကြောင့် ယခင်ကဲ့သို့ဆေးရုံသို့ရောက်ရှိရန် မလွယ်ကူတော့ပေ။ စစ်အာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင် ထိုကျေးရွာမှ ကိုယ်ဝန်သည်များအနေဖြင့် ကိုယ်ဆောင်မိခင်များအတွက် လိုအပ်သည့် ဗီတာမင်ထိုးဆေးများနှင့် မိခင်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများအားရရှိနေမှုလည်း ရပ်တန့်ခဲ့သည်။ ဆေးရုံများတွင် ဝန်ထမ်းမလုံလောက်မှုနှင့် ကိုယ်ဝန်ဆောင်အများအပြားအရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့်အတွက် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အန္တရာယ်ရှိသည့် ကျန်းမာရေးအခြေအနေများ ကြုံတွေ့ရနိုင်သည်။ ကလေးအများအပြားမှာ ကာကွယ်ဆေးထိုးနှံခြင်း သို့မဟုတ် မွေးစာရင်းများ မရရှိသည့်အတွက် ရေရှည်တွင် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်ပါသည်။

သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများသည်လည်း ၎င်းတို့၏ကျန်းမာရေးလိုအပ်ချက်များ ပြည့်မီခြင်းမရှိသည့်အတွက် အခက်အခဲများ ပိုမိုခံစားရလျက်ရှိသည်။ စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ဆေးဝါးပစ္စည်းများ လျော့နည်းလာသည့်အတွက် သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ခံယူနေရသူများမှာ ဖျားနာမှုများနှင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းပိုမိုမြင့်တက်လာသည်။ ဤသည်နှင့်ပတ်သက်၍ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ အသင်းအုပ်ဆရာတစ်ဦးက *"တကယ်လို့ ကျွန်တော်တို့ရွာမှာ ဆေးခန်းရှိရင် ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ သက်ကြီးရွယ်အိုတွေအနေနဲ့ အခြားကျေးရွာကိုသွားပြီး ဆေးကုသမှုခံယူဖို့*

မလွယ်ဘူး။" ဟု မှတ်ချက်ပြုခဲ့သည်။ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများမှာ ကျေးရွာထဲတွင်နေထိုင်ခြင်းက လုံခြုံမှုမရှိသော်လည်း ၎င်းတို့အနေဖြင့်ထွက်ပြေးတိမ်းရှောင်နိုင်ခြင်း မရှိပေ။ ထွက်ပြေးတိမ်းရှောင်နိုင်သည့် အထူးအကူအညီလိုအပ်နေသူများသည် အလွန်ပြင်းထန်ပြီး သင့်လျော်မှုမရှိသော အခြေအနေများကို ရင်ဆိုင်ကြရသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ပိုမိုဆိုးရွားသည့် ကျန်းမာရေး အခက်အခဲများကို ရင်ဆိုင်ရနိုင်ချေရှိသည်။ ထွက်ပြေးတိမ်းရှောင်စဉ်ကာလအတွင်း သင့်လျော်သော ကျန်းမာရေးစောင့်ရှောက် မှုအား လက်လှမ်းမီနိုင်မှုအနည်းငယ်သာရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေရသည့် သက်ကြီးရွယ်အို အများစုမှာ ထွက်ပြေးတိမ်းရှောင်စဉ်ကာလအတွင်း သေဆုံးခဲ့ကြရသည်။




ဤပုံကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ ဖလူးလေးကျေးရွာအနီးရှိ IDP စခန်းတစ်ခုတွင်ရိုက်ယူခဲ့သည်။ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေစဉ်အတွင်းတွင် သက်ကြီးရွယ်အိုများသည် ပို၍အကူအညီလိုအပ်နေသူများဖြစ်သည်။ ပုံတွင်ပြထားသည့်အတိုင်း အသက်ကြီးသည့်အဖိုးအိုတစ်ဦးသည် နေရပ်စွန့်ခွာနေရပြီး တစ်လကြာပြီးနောက် IDP စခန်းတွင်သာ ဆုံးသွားခဲ့သည်။ *(ဓာတ်ပုံ – KHRG)*




ဤပုံကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၌ ထိုင်းနိုင်ငံ၊ မော်လီချိုင်းကျေးရွာအနီးရှိ သောင်းရင်းမြစ်တစ်လျှောက်တွင် ရိုက်ယူခဲ့သည်။ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ သေဘောဘိုးကျေးရွာအုပ်စုမှ အသက်ကြီးသော အမျိုးသမီးတစ်ဦးသည် သူမ၏ရွာတွင် SAC နှင့် KNLA တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ထိုင်းနိုင်ငံသို့တိမ်းရှောင်ရန် အခြား IDP များက သူမအားကူညီ၍ မြစ်ကိုဖြတ်ကျော်ခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများအောက်တွင် လူသားတစ်ဦးချင်းစီ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ဖျက်စီးနှောင့်ယှက်မှုမှ ကင်းလွတ်ခွင့်နှင့် ကျန်းမာရေးဆိုင်ရာအဆောက်အဦးများ၊ ကျန်းမာရေးထောက်ကူပြုပစ္စည်းများနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်ခွင့်ရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ရရှိနိုင်ရန်နှင့် ၎င်းတို့အားဖြန့်ဝေသည့်အခါတွင် ပိတ်ပင်တားဆီးမှုမရှိရန် အရေးကြီးပါသည်။ လိုအပ်သော ကျန်းမာရေးထောက်ပံ့မှုပစ္စည်းများနှင့် ဆေးဝါးများမရှိပါက နာမကျန်းဖြစ်နေသော ရွာသားများအနေဖြင့် အသက်ရှင်သန်ရာတွင် စိန်ခေါ်မှုများစွာကြုံတွေ့ကြရသည်။ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် ဒေသအဆင့်တွင် ကျန်းမာရေးစောင့်ရှောက်မှုအား ရေရှည်ပေးနိုင်ရန်အတွက် ထောက်ပံ့မှုရရှိရန်လိုအပ်ပါသည်။ ခရိုင်အနှံ့အပြားတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အခက်အခဲများကြုံတွေ့နေရသည့်အတွက် ၎င်းတို့အနေဖြင့် မတူညီသောအရပ်ဒေသများသို့ သွားရောက်သည့်အခါ ၎င်းတို့၏လုံခြုံရေးကို အာမခံပေးနိုင်သည့် စီစဉ်ဆောင်ရွက်မှုများ ပြင်ဆင်ပေးရန်လိုအပ်သည်။ နောက်ဆုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးနှင့် ကာကွယ်ရေးကိရိယာများ ခရိုင်အနှံ့အပြားတွင် ဖြန့်ဝေပေးရန်နှင့် ယုံကြည်စိတ်ချရသည့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များပြုလုပ်ပေးရန် လိုအပ်သည်။

# အခန်း (၄) ပညာရေး

ကရင်ပြည်နယ်အတွင်း ရွာသားများကြုံတွေ့နေရသော ထွက်ပြေးတိမ်းရှောင်နေရမှုများ၊ ပဋိပက္ခများနှင့် မလုံခြုံမှုများကြောင့် ပညာရေးသည် ဒေသခံလူမှုအသိုက်အဝန်းအတွက် ဦးစားပေးအကြောင်းအရာတစ်ခု မဟုတ်ကြောင်းထင်မြင်နိုင်သည်။အခြေအနေအရစိန်ခေါ်မှုများရှိနေသော်လည်းငင်းတို့လူမှုအသိုက်အဝန်း အတွင်းရှိကလေးငယ်များပညာဆက်လက်သင်ယူခွင့်ရရှိနိုင်ရန်အတွက်ရွာသားများကကြိုးစားအားထုတ် လျက်ရှိသည်။ ယခုအချိန်တွင် ပြင်ပထောက်ပံ့မှုအရင်းအမြစ်များ ရပ်တန့်နေသောကြောင့် ကျောင်းများ ဆက်လက်ဖွင့်နိုင်ရန်နှင့်ဆရာများအားနေအိမ်နှင့်အစားအစာပံ့ပိုးပေးနိုင်ရန်အတွက်ရွာသားများအနေဖြင့် ၎င်းတို့လက်လှမ်းမီနိုင်သော အရင်းအမြစ်အားလုံးကို အသုံးပြုကြရသည်။ ဤအခြေအနေတွင် ဆက်လက် ဖွင့်လှစ်ထားသောကျောင်းများသည် ဒေသတွင်းကူညီထောက်ပံ့ပေးမှုများဖြင့်သာ လည်ပတ်နေရသည်။ ဤအခန်းတွင် ဒေသတွင်းလူမှုအသိုက်အဝန်းများမှ တည်ရှိနေသောစိန်ခေါ်မှုများနှင့် လိုအပ်ချက်များကြား တွင် ၎င်းတို့၏ကလေးများအား ကျောင်းထားနိုင်ရန် လုပ်ဆောင်ချက်များကို ဖော်ပြထားသည်။

## (က) ကျောင်းများပိတ်ထားခြင်း

အချို့ဒေသများတွင် ယခုအချိန်ထိ ကျောင်းများပိတ်ထားရသည်မှာ နှစ်နှစ်ပင်ရှိပြီဖြစ်ကြောင်း ရွာသားများ က တင်ပြခဲ့သည်။ ကျောင်းများပိတ်ထားခဲ့ရသည်မှာ ၂၀၂၀ ခုနှစ်၊ မတ်လကတည်းကပင်ဖြစ်သည်။ အကြောင်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ် ရောဂါစမ်းသပ်စစ်ဆေးခြင်းမှစ၍ ဆေးဝါးနှင့် ဆေးပစ္စည်းများ ထောက်ပံ့မှုအထိ ညံ့ဖျင်းနေသော စစ်ကောင်စီ၏ ကိုင်တွယ်ဖြေရှင်းမှုများသည် အခြေအ နေများပိုမိုဆိုးရွားခဲ့သောကြောင့် ဖြစ်သည်။[38] ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ဖြစ်ပေါ် လာသောလက်နက်ကိုင်တိုက်ပွဲများ၊ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေးချိုး ဖောက်မှုများက နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့သည့်အပြင် ကျောင်းအချို့ဖျက်စီးခံခဲ့ရသည်။ စစ်အာဏာသိမ်းမှုသည် ပညာရေးဝန်ဆောင်မှုများအတွက် စိန်ခေါ် မှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ အစိုးရကျောင်းဆရာများက အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး စစ်ကောင်စီမှဖွင့်လှစ်သောကျောင်းများတွင် စာသင်ရန်ငြင်းဆန်ခဲ့သည်။ ကျောင်းသူ/သားများသည် လည်း (အချို့အခြေအနေများတွင် မိဘများ၏အားပေးမှုဖြင့်) စစ်ကောင်စီဖွင့်လှစ်သော ကျောင်းတွင် တက်ရန် ငြင်းဆန်ခဲ့သည်။ အချို့သောအခြေအနေများတွင် စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်စစ်သား များက ကျောင်းဆရာများ၊ မိဘများနှင့် ကျောင်းသားများအား စစ်ကောင်စီဖွင့်လှစ်သော ကျောင်းသို့ ပြန် လည်တက်ရောက်ရန် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းက ရွာသားများအား ၎င်းတို့၏ ကလေးများကို ထိုကျောင်းများသို့ပို့ဆောင်ရန်အတွက် ပို၍ပင်စိုးရိမ်ပူပန်မှုဖြစ်စေသည်။[39]

[38] KHRG မှ ၂၀၂၂ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ချန်လှပ်ခံရသူများ-မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်-၁၉ တုန့်ပြန်မှုများ", တွင်ကြည့်ပါ။

[39] KHRG မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "Southeast Myanmar Field Report: Military coup, protests, armed conflict and attacks, human rights abuses, and COVID-19, January to June 2021" တွင် ကြည့်ပါ။

ရောနှောအုပ်ချုပ်နယ်မြေဖြစ်သည့် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ပိုပီးဒဲကျေးရွာအုပ်စု၊ ထီးတိုလိုကျေးရွာမှ ရွာသားတစ်ဦးက ၎င်း၏ကျေးရွာတွင် ၉ တန်းအထိကျောင်းတက်နိုင်ပြီး စစ်အာဏာသိမ်းပြီးသည့်အချိန် မှစ၍စစ်ကောင်စီဖွင့်လှစ်သောကျောင်းတွင်ကျောင်းတက်သောကျောင်းသားဦးရေမှာသိသိသာသာလျော့ နည်းသွားခဲ့သည်ဟု ပြောခဲ့သည်။ *“အာဏာသိမ်းပြီးနောက်မှာ စစ်တပ်က ကျောင်းတွေကို ပြန်ဖွင့်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် သူတို့က ကောင်းမွန်စွာ မလည်ပတ်နိုင်ခဲ့ဘူး။ ကျောင်းတွေက တစ်လလောက်ပဲ ပြန်ဖွင့်ပြီးတော့ ပြန်ပိတ်သွားတယ်။ ကျောင်းတွေပြန်ဖွင့်ရင်တောင် ကျောင်းသား ၂၅ ရာခိုင်နှုန်းလောက်ပဲ ရှိတယ်။”*

ခြုံငုံသုံးသပ်ပါက အချို့ဒေသမှ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD)[40] ကျောင်းများမှာ ယေဘုယျ အားဖြင့် ပုံမှန်ဆက်လက်ဖွင့်လှစ်နိုင်ခဲ့သည်။[41] အချို့မှာ စစ်ကောင်စီတပ်သားများ၏ ခြိမ်းခြောက်မှုကြောင့် ပိတ်သိမ်းခဲ့ရသည်။ ဒူးပလာယာခရိုင်၊ ကောတရိုးမြို့နယ်၊ မ--- ကျေးရွာတွင် ရွာသားများက အစိုးရ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် ငြင်းဆန်သည့်အတွက် ကျေးရွာအတွင်းရေးမှူးက ကျောထကျေးရွာ အုပ်စုတွင်နေထိုင်သော ရွာသားများအား ၎င်းတို့အနေဖြင့် KECD ကျောင်းများဖွင့်ရန် ကြိုးပမ်းပါက စစ်ကောင်စီတပ်မှ ၎င်းတို့အပေါ် ဆိုးရွားသည့်လုပ်ရပ်တစ်ခုခု ပြုလုပ်နိုင်ကြောင်း ပြောခဲ့သည်။[42]

ကျောင်းသူ/သားများမှ စစ်ကောင်စီမှဖွင့်လှစ်သည့်ကျောင်းများအား တက်ရောက်ရန်ငြင်းဆန်သဖြင့် KECDကျောင်းများတွင် ကျောင်းအပ်နှံမှု ပိုမိုမြင့်မားလာသည်နှင့်ပတ်သက်သော အစီရင်ခံစာအများအပြား ကို KHRG မှရရှိခဲ့သည်။ သို့သော်လည်း ကျောင်းအပ်နှံမှုပိုမိုတိုးမြှင့်လာခြင်းက ကျောင်း၏အရင်းအမြစ် များနှင့်ပတ်သက်၍ ဝန်ထုတ်ဝန်ပိုးဖြစ်စေပါသည်။ အကြောင်းမှာ ဤသို့များပြားလှသော ကျောင်းသူ/ သားများအတွက် လုံလောက်သော ကျောင်းဆရာ၊ဆရာမများမရှိခြင်း၊ လုံလောက်သည့် သင်ထောက်ကူ ပစ္စည်းများမရှိခြင်းနှင့် စာသင်ခန်းများမရှိခြင်းအပြင် ထပ်တိုးဖွင့်လှစ်သည့်အတန်းများအတွက် သင့်လျော် သည့်အရင်းအမြစ်မရှိခြင်းများကြောင့် ဖြစ်သည်။

လူမှုအသိုက်အဝန်းများမှလည်း ၎င်းတို့ဒေသတွင်း ကလေးသူငယ်များ၏ ပညာရေးလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန်အတွက် ကိုယ်ထူကိုယ်ထကျောင်းများဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ စစ် ကောင်စီအနေဖြင့် ဤသို့ကိုယ်ထူကိုယ်ထကျောင်းများရှိနေခြင်းကို သတိပြုမှုနည်းပါးသဖြင့် KECD ကျောင်းများကဲ့သို့ ကျောင်းပိတ်သိမ်းရန် ခြိမ်းခြောက်ခံရနိုင်ချေနည်းပါးသည်။ ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ ယောတရွဲကျေးရွာအုပ်စုမှ အုပ်စုမှူးက ၎င်းတို့ဖွင့်လှစ်ထားသည့် ကိုယ်ထူကိုယ်ထ ကျောင်းအားစစ်ကောင်စီ၏ခြိမ်းခြောက်မှုခံရမည်ကိုစိုးရိမ်သော်လည်းပြဿနာတစ်စုံတစ်ရာမရှိကြောင်း ပြောခဲ့သည်။ *“တကယ် တန်းကျတော့ ဘာခြိမ်းခြောက်မှုမှ မရှိခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ [စစ်ကောင်စီ] ကဒါနဲ့ [ကျောင်းတည် ရှိခြင်း] ပတ်သက်ပြီး မသိဘူး။”*

---

40 ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KED) မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော “Promoting Quality Higher Education across Karen State, Myanmar”, တွင် ကြည့်ပါ။

41 KECD ၏မှတ်တမ်းအရ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁၄၉၅ ကျောင်းရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၁၆၄၈၇၅ ဦးနှင့် အဆိုပါကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမဦးရေ ၁၁၄၄၄ ရှိကြောင်း သိရသည်။ KECD မှ စီမံခန့်ခွဲသော ကျောင်းများ မည်မျှဖွင့်လှစ်နေသည်ကို သေချာရှင်းလင်းစွာ မသိရှိရပါ။

42 KHRG မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော “Southeast Myanmar Field Report: Military coup, protests, armed conflict and attacks, human rights abuses, and COVID–19, January to June 2021” တွင် ကြည့်ပါ။

## (ခ) ငွေကြေးထောက်ပံ့မှုအခက်အခဲ

မည်သို့ပင်ဆိုစေကာမူ ကျောင်းများအား ဆက်လက်ဖွင့်လှစ်နိုင်ရန် ငွေကြေးထောက်ပံ့မှုလိုအပ်သည်။ KECD ကျောင်းအများစုမှာ ဆရာ၊ဆရာမများအား လစာဆက်လက်ပေးနိုင်သော်လည်း နေရာတိုင်းတွင် မဟုတ်ပါ။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးဖဒိုထကျေးရွာအုပ်စု၊ န--- ကျေးရွာမှ ရွာလူကြီးတစ်ဦးက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလလယ်မှစ၍ KECD ကျောင်းများအနေဖြင့် လစာများလက်ခံရရှိခြင်းမရှိတော့ကြောင်း မှတ်ချက်ပြုခဲ့သည်။ *"သူတို့က [အခုဆိုရင်] ပညာရေးဝန်ဆောင်မှုမှာ စေတနာ့ဝန်ထမ်းအနေနဲ့ပဲ လုပ်နေကြရတယ်။ သူတို့အနေနဲ့ [KECD ကနေ] ထောက်ပံ့မှု အချို့ပဲ ရရှိတယ်။"* ၎င်းတို့တွင် နေရာထိုင်ခင်း ရှိသော်လည်း *"သူတို့က ကောင်းကောင်းမစားရဘူး။ တခါတလေ သူတို့တွေ အသီးအရွက်တောင်မရှိတော့ ဒီအတိုင်း [ဟင်းမပါတဲ့ ထမင်း]ပဲ စားရတယ်။ တခါတလေ ကျောင်းအုပ်က သူတို့အတွက် ဟင်းကောင်း ဝယ်ကျွေးတဲ့အခါတော့ ဟင်းကောင်းစားရတယ်။"*

ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးဖဒိုထကျေးရွာအုပ်စု၊ ဖ--- ကျေးရွာအနီးတွင် လေးတန်းအထိရှိသည့် ကိုယ်ထူကိုယ်ထကျောင်းတစ်ကျောင်းသာရှိသည်။ ဆရာများအနေဖြင့် လုပ်ခလစာလက်ခံရရှိခြင်းမရှိပဲ ရွာသားများပေးသည့်ဆန်ကိုသာ ရရှိပါသည်။ ဤသည်နှင့်ပတ်သက်ပြီး ဒေသခံရွာသားတစ်ဦးက *"ကျွန်တော်တို့က သူတို့ကို စားစရာ[ဆန်]ပဲပေးတယ်။ တချို့ကျောင်းသားတွေက ဆန်တစ်တင်း၊ တချို့က နှစ်တင်း ပေးတယ်။ ဒါက [ဆရာများ စားဝတ်နေရေးအတွက်] လုံလောက်မှုတော့ မရှိဘူးပေါ့။ ဒါပေမယ့် ဆရာတွေက ကလေးတွေပညာရေးအတွက် လုပ်ပေးတာဆိုတော့ လက်ခံတယ်။"* ဟု ဆိုပါသည်။ ကလေးများအနေဖြင့် ရွာတွင်နေ၍ ပညာသင်ကြားခွင့်ရပါက မိမိတို့နေအိမ်တွင် နေထိုင်စားသောက်နိုင်သဖြင့် မိသားစုများအတွက် ဝန်ပေါ့မည်ဖြစ်ကြောင်း ထိုရွာသားမှ ထပ်လောင်းပြောခဲ့သည်။ သို့သော်လည်း မိဘအများစုမှာ ကလေးများအား အခြားနေရာဒေသသို့ ပညာဆည်းပူးရန် စေလွှတ်ရသည်။ ထိုအခြေအနေတွင် မိဘများမှာ ရုန်းကန်ကြရပြီး အကြွေးတင်ကြပါသည်။ *"ဟုတ်တယ်။ ကျွန်တော်တို့မှာ [ကလေးတွေကို ကျောင်းပို့ဖို့] စိန်ခေါ်မှုအများကြီးရှိတယ်။ တချို့လူတွေက ကလေးတွေ တခြားနေရာမှာ စာသင်တုန်း ပိုက်ဆံလှမ်းတောင်းရင် တခြားရွာသားတွေဆီကနေ ချေးပေးရတယ်။ ဒါကြောင့် မိဘတွေက [ကလေးများ ပညာရေးအတွက်] အကြွေးတင်တော့ ပြန်ဆပ်ဖို့ ဟိုအလုပ် ဒီအလုပ်တွေ လုပ်ရတယ်။"* ဘီးလင်းမြို့နယ်၊ ထီးဆီးဘောခီး၏ ရွာသူကြီးက ကလေးတစ်ဦးအတွက် ဘော်ဒါဆောင်နေခနှင့်၊ စားသောက်စရိတ်သည် ပင် တစ်နှစ်လျှင် ၁၅၀,၀၀၀ ကျပ် ကျသင့်ကြောင်းပြောပါသည်။

အလားတူပင် ဘီးလင်းမြို့နယ်၊ ထီးဖာဒို့ထ ကျေးရွာအုပ်စု၊ ည--- ကျေးရွာတွင် ဒေသခံများမှ ကိုယ်ထူကိုယ်ထကျောင်း ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့သည်။ *"ကျောင်းသားတွေက ကျောင်းနဲ့ဝေးနေပြီး လမ်းပေါ်မှာပဲ ဆော့နေကြတော့ သူတို့ရဲ့ကျန်းမာရေးအတွက်လည်း မကောင်းဘူး။"* အခြားရွာသားတစ်ဦးက အစိုးရ ကျောင်းများ ပိတ်ထားရသည့်အတွက် ဖြစ်လာသည့်အခြေအနေကို ဤသို့ရှင်းပြခဲ့သည်။ *"တကယ်လို့ ကျွန်တော်တို့ ကိုယ်ထူကိုယ်ထကျောင်းမဖွင့်ရင် ကလေးတွေက စာဖတ်တတ်တော့မှာမဟုတ်ဘူး။"* သို့သော် ကျောင်းဆရာမရှိသောကြောင့် ဒေသခံရွာသားများအားစာသင်ရန် အကူအညီတောင်းရသည်။ *"သူတို့က ဒေသတွင်းက ကလေးတွေပညာရေးအတွက် ကူညီနေကြတယ်။ သူတို့က ဆယ်တန်းအောင်ထားတဲ့သူတွေနဲ့ အောင်စာရင်းကိုစောင့်နေတဲ့ လူငယ်တွေလေ။ ဒါကြောင့် ဒီကိုယ်ထူကိုယ်ထကျောင်းမှာ စာသင်ပေးတယ်။ ကျောင်းသားမိဘတွေက သူတို့ကိုနည်းနည်းထောက်ပံ့ပေးပြီး KECD ကလည်း*

*ထောက်ပံ့ပေးတယ်။ဒါပေမယ့်အရေးကြီးဆုံးကသူတို့ကဒေသရဲ့ပညာရေးအတွက်လုပ်ပေးချင်ကြတယ်။"*

မူတြော်ခရိုင်တွင် ရောနှောအုပ်ချုပ်နယ်မြေဖြစ်သော ဒွယ်လိုးမြို့နယ်၊ တ--- ကျေးရွာမှ ရွာလူကြီးက အစိုးရကျောင်းများပိတ်သိမ်းပြီးငင်းတို့မှကိုယ့်အားကိုယ်ထူကိုယ်ထကျောင်းများဖွင့်လှစ်သည့်အချိန်မှစ၍ ကျောင်းဆရာ၊ဆရာမများမှာ လုပ်ခလစာမရသဖြင့် ကျေးရွာမှ ဆရာတစ်ဦးစီအတွက် ဆန် (၃၀) တင်း ပံ့ပိုးပေးရကြောင်းပြောသည်။ သူက *"တချို့ရွာသားတွေက လုပ်စားစရာမြေမရှိတော့ ဆန်မပေးနိုင်တဲ့အတွက် အခက်အခဲတွေကြုံရတယ်။"* ထိုသို့သောအခြေအနေတွင် အခြားရွာသားများမှ ဆန်များပိုမို ထောက်ပံ့ပေးခြင်းဖြင့် ကူညီကြရသည်။ ဘီးလင်းမြို့နယ်၊ ထီးဖာဒို့ထ ကျေးရွာအုပ်စု၊ ည--- ကျေးရွာမှ ရွာသားများက တစ်နှစ်စာ စာသင်နှစ်အတွက် ဆရာတစ်ဦးလျှင် ဆန်(၁၅)တင်း ပံ့ပိုးပေးရသည်။ ဆရာများ အနေဖြင့် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) မှ အထောက်အပံ့အချို့ရရှိသော်လည်း တရားဝင် လခ မရကြပါ။

ရွာသားများအနေဖြင့် ကျောင်းများဆက်လက်ဖွင့်နိုင်ရန်အတွက် ယခုအချိန်ထိ အချင်းချင်းကူညီနိုင်သော်လည်း ဤအတိုင်းဆက်သွားပါက ဒေသအနေဖြင့် အရင်းအမြစ်များလျော့နည်းလာမည်။ သို့သော် ပြင်ပမှ အကူအညီများမှာ လျော့နည်းပြီးသားဖြစ်သည်။ စစ်အာဏာသိမ်းမှုမတိုင်မီက ကရင်ပြည်နယ်တစ်ဝှမ်း သင့်လျော်သောပညာရေးအထောက်အကူပေးရန် ရည်ရွယ်ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်း တစ်ခုဖြစ်သည့် ကရင်ပြည်နယ်ပညာရေးအထောက်အကူပြုအဖွဲ့(KSEAG)သည် ထိုင်း NGO အဖွဲ့အစည်း တစ်ခုဖြစ်သည့် Child's Dream Foundation ၏ ထောက်ပံ့ငွေဖြင့် ကျောင်းပစ္စည်းများအား ကူညီပံ့ပိုးခဲ့ သည်။ Child's Dream Foundation ၏ အစီရင်ခံစာတစ်စောင်အရ ၂၀၁၉ ခုနှစ်တွင် KSEAG မှ ဒေါ်လာ (၁၈၀,၀၀၀) လက်ခံရရှိခဲ့ပြီး ၎င်းတို့အနေဖြင့် အလွန်ဝေးသည့်ဒေသများအပါအဝင် ကျောင်းပေါင်း (၁,၅၀၀) ကျော်၊ ကျောင်းသား/ကျောင်းသူ (၁၅၀,၀၀၀) နှင့် ကျောင်းဆရာပေါင်း ၁၀,၀၀၀ ကျော်ကို နှစ်နှစ် ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။[43] (Child's Dream Foundation သည် ၂၀၁၉ ခုနှစ်တွင် KECD အား ဆရာဖြစ်သင်တန်းများအတွက် ဒေါ်လာ (၂၂၀,၀၀၀) ပေးအပ်ခဲ့သည်။) ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ ယောတရွဲကျေးရွာအုပ်စုမှ ကျေးရွာအုပ်စုမှူးက စစ်အာဏာသိမ်းပြီးသည့်နောက်တွင် ဤသို့သော အထောက်အပံ့များလက်ခံရရှိမှု မရှိတော့ကြောင်း မှတ်ချက်ပြုခဲ့သည်။

KHRG အနေဖြင့် ပိုမိုကြီးမားသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရေးနှင့်ပတ်သက်သော အထောက်အပံ့များပေးခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်အနည်းငယ်သာ ရရှိခဲ့သည်။ သို့သော် ခလယ်လွှီထူခရိုင်၊ မူးမြို့နယ်၊ ပိုပီးဒဲကျေးရွာအုပ်စု၊ ဝ--- ကျေးရွာမှ ရွာသားတစ်ဦးက ကျောင်းမတက်နိုင်သော ကလေးများနှင့် စာရေးစာဖတ်မတတ်သောကလေးများအား ကူညီရန်အတွက် ဒေသတွင်းကရင်ခရစ်ယာန်အဖွဲ့အစည်းတစ်ခုနှင့် UNICEFတို့ပူးပေါင်း၍ထောက်ပံ့ပေးနေသောကျောင်းတစ်ကျောင်းရှိကြောင်း ပြောခဲ့သည်။ *"စစ်ကောင်စီဖွင့်လှစ်တဲ့ကျောင်းတွေမှာ မတက်နိုင်တဲ့ ကျောင်းသားတွေအနေနဲ့ UNICEF ကနေထောက်ပံ့ထားတဲ့ ကျောင်းတွေကို တက်နိုင်တယ်။ ကျောင်းတက်ချိန်က တခြားကျောင်းတွေလိုပဲ။ တနင်္လာနေ့ကနေ သောကြာနေ့အထိဖွင့်ပြီးတော့ စနေ၊တနင်္ဂနွေနေ့မှာ ပိတ်တယ်။"* ကျောင်းတွင် တစ်

[43] ကရင်ပြည်နယ်ပညာရေးကူညီထောက်ပံ့ရေးအဖွဲ့ (ESEAG) မှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Ensuring educational supplies for schools in Myanmar's conflict zones" တွင် ကြည့်ပါ။

တန်းမှလေးတန်းအထိရှိပြီး ဆရာများမှာ ဒေသတွင်းဘုရားကျောင်းများရှိလူငယ်များကြားမှ ရွေးထားခြင်းဖြစ်သည်။

## (၈) ထွက်ပြေးတိမ်းရှောင်နေရခြင်းကြောင့်ကြုံတွေ့ရသော စိန်ခေါ်မှုများ

ထွက်ပြေးတိမ်းရှောင်နေရသော ရွာသားများနှင့် လူမှုအသိုက်အဝန်းများအနေဖြင့် ကလေးသူငယ်များအား ပညာရေးဝန်ဆောင်မှုများ ဆက်လက်ပေးနိုင်ရန်အတွက် အကြီးမားဆုံးစိန်ခေါ်မှုများအား ကြုံတွေ့ခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ နှစ်ဦးပိုင်းမှစတင်၍ မူတြော်ခရိုင်မှ ရွာသားများအနေဖြင့် တိုက်ပွဲများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ လေကြောင်းဖြင့် တိုက်ခိုက်မှုများကြောင့် မလုံခြုံမှုများတိုးမြှင့်လာသည့်အတွက် ဆက်လက်ထွက်ပြေးတိမ်းရှောင်မှုများကို တွေ့ကြုံခံစားရလျက်ရှိသည်။ စစ်အာဏာသိမ်းပြီး မကြာမီကာလအတွင်း စစ်ကောင်စီ၏တပ်သားများမှ ၎င်းတို့၏စစ်ဆင်ရေးနေရာများကို KNU အုပ်ချုပ်သည့် နေရာများအထိ ပိုမိုချဲ့ထွင်လာခဲ့ပြီး ကင်းလှည့်ခြင်းနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်လာခဲ့ပါသည်။ ထို့ကြောင့် မူတြော်ခရိုင်၊ လူသောနှင့်ဘူးသိုမြို့နယ်များတွင် နေရာအနှံ့ ထွက်ပြေးတိမ်းရှောင်နေရခြင်းနှင့် ကျောင်းများပိတ်သိမ်းခဲ့ရပါသည်။[44]

ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ခဲဒဲကျေးရွာအုပ်စုမှ ရွာသားများသည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ ထွက်ပြေးတိမ်းရှောင်နေခဲ့ရပြီး စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများပိုမိုပြင်းထန်လာသဖြင့် နေအိမ်သို့ပြန်လည်နေထိုင်နိုင်ခြင်း မရှိသေးပေ။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်နေထိုင်နိုင်ခြင်းနှင့် ကျောင်းကောင်းမွန်စွာ ပြန်လည်တက်ရောက်နိုင်ခြင်း မရှိသေးပါ။ ၎င်းတို့ကြုံတွေ့နေရသော စိန်ခေါ်မှုများစွာရှိသော်လည်း ရွာသားများသည် ကျောင်းများအား ဆက်လက်ဖွင့်လှစ်ထားနိုင်ရန် ကြိုးပမ်းခဲ့သည်။ တောထဲတွင် ဆက်လက်ပုန်းအောင်းနေစဉ်ပင် ပကော်ထမူလတန်းကျောင်း၊ ခဲဒဲအလယ်တန်းကျောင်းနှင့် တကော်ဒဲအလယ်တန်းကျောင်းများအား ဆက်လက်ဖွင့်နိုင်ရန် ဆောင်ရွက်ခဲ့ရသည်။ ကျောင်းဆရာ၊ဆရာမများနှင့် ကျောင်းကော်မတီများက စစ်ဘေးရှောင်ကလေးသူငယ်များမှ ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် ပုန်းအောင်းသည့်နေရာများတွင် ယာယီကျောင်းများ ဆောက်လုပ်ရန်စီစဉ်ခဲ့ကြသည်။

ဒူးပလာယာခရိုင်တွင် ယာယီစစ်ရှောင်စခန်းများ မကြာသေးမီအချိန်မှသာ စတင်ချမှတ်ထားသဖြင့် ထွက်ပြေးတိမ်းရှောင်နေရသူများ၏ ပညာရေးလိုအပ်ချက်အားဖြေရှင်းရန် အစီအစဉ်များကို လုပ်ဆောင်နေဆဲဖြစ်သည်။ KECD က ၎င်းတို့အနေဖြင့် ဒူးပလာယခရိုင်တစ်လျှောက်ရှိ ယာယီကျောင်းများဖွင့်လှစ်ရန် စတင်ဆောင်ရွက်လျက်ရှိပြီး ကရင်ဒုက္ခသည်များကော်မတီ (KRC) နှင့် KECD ဝန်ထမ်းများထံမှ ဤအစီအစဉ်အား အကောင်အထည်ဖော်ရန် ကူညီပံ့ပိုးမှုများရရှိထားပြီးဖြစ်သည်။ ကျောင်းဆရာ၊ဆရာမများသည်လည်း စစ်ရှောင်စခန်းများတွင် ခိုလှုံနေရသူများဖြစ်ပြီး ဤရွှေ့ပြောင်းရွှေ့လွယ်သောကျောင်းများတွင် စာသင်ကြားပေးနိုင်မည်ကို သတိပြုမိကြသည်။ လက်နက်ကိုင်တိုက်ပွဲများဆက်လက်ဖြစ်ပွား

---

44 KHRG မှ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော "Mu Traw District Situation Update: Landmine contamination, indiscriminate shelling, arbitrary taxation, movement of troops, and livelihood, education and healthcare sit-uation, May to June 2021" တွင် ကြည့်ပါ။

နေခြင်းနှင့် စစ်ကောင်စီမှ ထိုအဆောက်အအုံများအား လာရောက်ဖျက်ဆီးမည်ကိုစိုးရိမ်သဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ခြင်းမရှိသေးပါ။




၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလကတည်းကစပြီး ခလယ်လွီထူးခရိုင်၊ လယ်ဒိုမြို့နယ်၊ ခဲဒဲကျေးရွာအုပ်စုမှ ရွာသားများသည် နေရပ်စွန့်ခွာတိမ်းရှောင်နေရပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ မတ်လအထိ ထွက်ပြေးတိမ်းရှောင်နေရသည့်ကလေးများသည် တောထဲတွင်သာ ဆက်လက်ပညာဆည်းပူးနေဆဲဖြစ်သည်။ *(ဓာတ်ပုံ – Partners Relief and Development staff)*

အချိန်အတိုင်းအတာတစ်ခုအထိကျောင်းများပိတ်ထားရပြီးနောက်ကလေးများသည်ကျောင်းပြန်ဖွင့်သည့်အချိန်တွင် ကျောင်းပြန်တက်လိုစိတ် မရှိကြတော့ပေ။ ဤသည်မှာ ၂၀၂၀ ခုနှစ် ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ကျောင်းများပိတ်ထားရသည့်အချိန်တွင် မိဘများနှင့် အခြားလူမှုအသိုက်အဝန်းတွင် နေထိုင်သူများမှ ဖော်ပြထားသော ပြဿနာတစ်ရပ်ဖြစ်သည်။[45] အသက်ကြီးသောကျောင်းသားများသည် ဆုံးခန်းတိုင်အောင် ပညာဆက်လက်သင်ယူခြင်းထက် အလုပ်လုပ်ခြင်း သို့မဟုတ် အိမ်ထောင်ပြုခြင်းများ ပြုလုပ်လာကြသည်။ ဒေသအတွင်းနေထိုင်သူများက ကလေးများအနေဖြင့် အခြားလုပ်စရာမရှိသည့်အတွက် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်းများကိုပြုလုပ်လာကြကြောင်းနှင့်၎င်းတို့၏ကိုယ်ပိုင်အနာဂတ်အတွက် စိုးရိမ်လာကြသည်ဟုပြောခဲ့သည်။ KHRG အနေဖြင့် ငယ်ရွယ်သည့်မိန်းကလေးနှင့် ယောကျ်ားလေးများမှာ ကျောင်းပိတ်ခြင်းနှင့် ကျောင်းထွက်လိုက်ရခြင်းများကြောင့် ၎င်းတို့အပေါ် တူညီသောသက်ရောက်မှု ရှိမရှိကိုသက်သေပြနိုင်ခြင်း မရှိပါ။ စစ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ စိုးရိမ်မှုများ ပိုမိုကြီးထွားလာသည်နှင့် ပတ်သက်၍ မူတြော်ခရိုင်မှ ရွာသူကြီးတစ်ဦးက *"ကလေးတွေက စာသင်ခွင့်မရပဲ အသက်တွေ ကြီးလာကြတယ်။"* ဟု မှတ်ချက်ပြုခဲ့သည်။

တိုင်းရင်းသားလူနည်းစု အစုအဖွဲ့များအနေဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ပစ်မှတ်ထားခံရပြီး ၎င်းတို့၏ ပညာရေးအပေါ်သက်ရောက်မှုများရှိနေခြင်းသည် ကလေးသူငယ်အခွင့်အရေးအပါအဝင် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဥပဒေအများအပြားကို ချိုးဖောက်ခြင်းဖြစ်သည်။ ပညာရေးနိမ့်ကျမှုသည် တိုင်းရင်းသားလူနည်းစုများအတွက် ရေရှည်ဆိုးကျိုးသက်ရောက်မှု ရှိစေနိုင်ပြီး အနာဂတ်တွင် ဤလူမှုအသိုက်အဝန်းများအတွက် စီးပွားရေးနှင့် လူမှုရေးအကျိုးဆက်များကို ဆက်လက်ခံစားရစေနိုင်သည်။ ဗုံးပေါက်ကွဲမှုများ၊ သေနတ်သံများကြား ထွက်ပြေးတိမ်းရှောင်နေရ

45 KHRG မှ ၂၀၂၁ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ချန်လှပ်ခံရသူများ – မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသရှိ တိုင်းရင်းသားလူနည်းစုများနှင့် ကိုဗစ်–၁၉ တုန့်ပြန်မှုများ", တွင် ကြည့်ပါ။

သော်လည်း ရွှာသားများနေဖြင့် ၎င်းတို့ကလေးများ၏ ပညာရေးအတွက် ခိုင်မာစွာ ကြိုးပမ်းလုပ်ဆောင် နေကြပါသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ ထီးဘဲ့ခထမှ ကျေးရွာသူကြီးတစ်ဦးက *"တကယ်လို့ သူတို့တွေ ပညာသင်ခွင့်မရဘူးဆိုရင် အဆင်ပြေမှာမဟုတ်ဘူး။ ကျွန်တော်တို့က အသက်ကြီးပြီဆိုတော့ ဘာမှ မဖြစ်ဘူး။ ကျွန်တော်တို့ ကလေးတွေအတွက်ကို ပြောနေတာ။"* ဟု တင်ပြပါသည်။ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားချိန်နှင့် လုံခြုံမှုမရှိသည့်ချိန်တွင် ပညာရေးနှင့် ကျောင်းများဆက်လက်ဖွင့်လှစ်ခွင့်ရရန်အတွက် အကူအညီပေးနိုင်မည့် လူမှုထောက်ပံ့ရေးအစီအစဉ်များ ထားရှိလုပ်ဆောင်ရန် အလွန်ခက်ခဲပါသည်။ သို့သော် အနာဂတ်တွင် ဖယ်ကျဉ်ခံရခြင်းနှင့် လူနည်းစုတိုင်းရင်းသား၏ အခွင့်အရေးများအား ငြင်းပယ်ခြင်းများကို ကာကွယ်ရန်အတွက် ထိုအစီအစဉ်များအား လုပ်ဆောင်ရန်လိုအပ်သည်။ အဘယ်ကြောင့် ဆိုသော် ပညာရေးဆိုသည်မှာ ပညာတတ်မြောက်ရန်အတွက် တစ်ခုတည်းမဟုတ်ပဲ အခြားလူ့အခွင့် အရေးများအား လက်လှမ်းမီရန် စွမ်းဆောင်မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုအသိုက်အဝန်းတွင် ပူးပေါင်း လုပ်ဆောင်ခွင့်ရရှိရန် လုပ်ဆောင်ပေးနိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။[46]

[46] British Institute of International and Comparative Law (BIICL) and Education Above All မှ ၂၀၁၉ခုနှစ်တွင် ထုတ်ဝေသော Protection of Education in Insecurity and Armed Conflict: An International Law Handbook, 2nd edition, ၏စာမျက်နှာ (၂)တွင် ကြည့်ပါ။

# အခန်း (၅) ဒေသတွင်းထောက်ပံ့မှုများပေးနေသောအဖွဲ့များနှင့် ငွေကြေးထောက်ပံ့မှုနည်းလမ်းသစ်များလိုအပ်ခြင်း

ဒေသတွင်းထောက်ပံ့မှုများပေးနေသောအဖွဲ့များမှ ချမှတ်ဖွင့်လှစ်ထားသည့် စစ်ရှောင်စခန်းများအပါဝင် ထွက်ပြေးတိမ်းရှောင်နေသူများအတွက် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များအား ပံ့ပိုးပေးနိုင်ရန် လုပ်ဆောင်ကြသော်လည်း ထွက်ပြေးတိမ်းရှောင်သူအရေအတွက် ပိုမိုများပြားလာသောကြောင့် ဝန်ဆောင်မှုအကူအညီများပေးနိုင်ရန်အတွက် ရုန်းကန်နေကြရပါသည်။ ဤစစ်ဘေးရှောင်စခန်းများသည် နိုင်ငံနယ်နိမိတ်အတွင်းတွင်သာရှိနေသောကြောင့် ထိုကူညီထောက်ပံ့မှုများအား ရရှိသူများကို IDP များအဖြစ်သာ သတ်မှတ်ထားသည်။ ထို့အတွက်ကြောင့် ဤထောက်ပံ့မှုများပေးနေသောဒေသတွင်းအဖွဲ့များအနေဖြင့် ဒုက္ခသည်အကာအကွယ်ပေးရေးအတွက် သတ်မှတ်ထားသောရန်ပုံငွေများအား ရယူသုံးစွဲခွင့်မရှိပါ။ ယေဘုယျအားဖြင့် IDP များအား အကာအကွယ်ပေးရန်အတွက် ရန်ပုံငွေများအားရရှိရန် ပိုမိုခက်ခဲပြီး ပမာဏအားဖြင့်လည်း နည်းပါးသည်။[47] ထို့အပြင် ငွေကြေးထောက်ပံ့မှုပမာဏသတ်မှတ်မှုအတွက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် IDP များ၏ အရေအတွက်နှင့် လိုအပ်ချက်များနှင့်ပတ်သက်သော အချက်အလက်များအား စစ်တမ်းပြုစုရန်နှင့် အစီရင်ခံစာများအတွက် မှတ်တမ်းတင်သည့်နေရာတွင် အားနည်းနေပါသည်။ ထို့အပြင် ငွေကြေးထောက်ပံ့မှုရရှိရန် အခြားကန့်သတ်ချက်တစ်ခုမှာ ဤအခြေ အနေတွင် ထောက်ပံ့မှုပေးနေသော ဒေသခံအရပ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့များသည် မှတ်ပုံတင်ထားသော အဖွဲ့အစည်းများမဟုတ်သောကြောင့် ငွေကြေးထောက်ပံ့မှုအခွင့်အလမ်းရရှိရန် ပိုမိုနည်းပါးပါသည်။

ထိုအစား ငွေကြေးထောက်ပံ့မှုအများစုမှာ အထူးသဖြင့် INGO အဖွဲ့အစည်းများထံသို့သာ ရောက်ရှိကြသည်။ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OCHA)၏ ငွေကြေးထောက်ပံ့မှု ခြေရာခံလိုက်သော လုပ်ငန်းမှရရှိထားသည့် အချက်အလက်များအရ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် INGO များချထားပေးသော ရန်ပုံငွေများထဲမှ ၀.၂ ရာခိုင်နှုန်းသာ NGO များထံရောက်ရှိအပြီး ၀.၀၆၉ ရာခိုင်နှုန်းသာ ဒေသခံအဖွဲ့အစည်းများထံ ရောက်ရှိပါသည်။[48] သို့သော်လည်း ရန်ပုံငွေအများအပြားရရှိထားသော INGO အများစုမှာ လက်ရှိတွင် မြန်မာပြည်အတွင်းလုပ်ငန်းများအပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် လက်နက်ကိုင်တိုက်ပွဲများ၊ လုံခြုံရေးအခြေအနေနှင့် စစ်ကောင်စီမှကူညီထောက်ပံ့မှုပေးသူများအား ပိတ်ပင်တိုက်ခိုက်ခြင်းများနှင့် ထိုင်းနိုင်ငံတွင်မူ ထိုင်းအစိုးရမှချမှတ်ထားသော အတားအဆီးများကြောင့်ဖြစ်ပါသည်။

---

[47] ၂၀၂၁ခုနှစ်တွင် UNHCR ၏ ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေ၏ ၇၆ ရာခိုင်နှုန်းသည် ဒုက္ခသည်စီမံကိန်းအတွက် လျာထားပြီး ၁၆ ရာခိုင်နှုန်းသာ IDP များအတွက် လျာထားခဲ့သည်။ (၂၀၂၀ခုနှစ် အာရှနှင့် ပစိဖိတ်ဒေသများအတွင်း IDP စီမံကိန်းများအတွက် နောက်ဆုံးဆုံးဖြတ်ချက်ချသည့် ရန်ပုံငွေမှာ (၅) ငါးရာခိုင်နှုန်းသာရှိသည်။ UNHCR မှ ၂၀၂၁ခုနှစ်၊ မတ်လတွင် ထုတ်ဝေသော "Executive Committee of the High Commissioner's Programme: Update on budgets and funding (2020–2021), Standing Committee, 80th Meeting (EC/72/SC/CRP.7)" တွင် ကြည့်ပါ။

[48] Financial Tracking Service မှ ထုတ်ဝေသော "Myanmar 2016 – Country Data" ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၂၆ရက်နေ့တွင် ဝင်ရောက်လေ့လာဖတ်ရှုခဲ့သည်။




၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လေးကေကော်ဒေသတွင် တိုက်ပွဲများဖြစ်ပွားပြီးနောက် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်ရှိ ဖလူးကြီးအထက်တန်းကျောင်းသည် စစ်ပြေးရှောင်ရွှာသားများအတွက် အရေးပေါ်အကူအညီများပေးရန် အရေးပါသည့်နေရာတစ်ခုဖြစ်လာခဲ့သည်။ ဒေသခံလူမှုအသိုင်းအဝန်းများနှင့် ထိုင်း–မြန်မာနယ်စပ်တွင်အခြေစိုက်သည့် CSO/CBO အဖွဲ့အစည်းများမှ စစ်ပြေးရှောင်ရွှာသားများအား ကူညီထောက်ပံ့မှုများ ပေးခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

အခြားသောများပြားသည့် ရန်ပုံငွေများမှာ စစ်ကောင်စီထံသို့ ရောက်ရှိသွားခဲ့သည်။ စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍မြန်မာနိုင်ငံအတွက် တရားဝင်အစိုးရအဖြစ် စစ်ကောင်စီအား မသတ်မှတ်သောကြောင့် နိုင်ငံအချို့မှ အစိုးရများနှင့် အဖွဲ့အစည်းများသည် စစ်ကောင်စီနှင့်လုပ်ငန်းဆောင်ရွက်မှုအား ရှောင်ကျဉ်ပြီး ထိုရန်ပုံငွေများအား အရှေ့တောင်အာရှနိုင်ငံကြီးများအသင်း(အာဆီယံ)ကဲ့သို့သောအဖွဲ့များနှင့် အခြားနိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံသို့ လွှဲပြောင်းရန်ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း ဤကြိုးပမ်းမှုအားထုတ်မှုများသည် ဒေသအတွင်းထောက်ပံ့မှုပေးနေသော အဖွဲ့များထံသို့ ငွေကြေး ထောက်ပံ့မှုများ ရောက်ရှိနိုင်အောင် ကူညီပေးနိုင်ခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းများအား ဖြေရှင်းရန် ရည်ရွယ်၍ရေးဆွဲထားသော အာဆီယံ၏သဘောတူညီချက်ငါးရပ်အောက်တွင် မြန်မာပြည်အတွင်းအရေးပေါ်တုံ့ပြန်မှုနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို တာဝန်ယူဖော်ဆောင်ပေးရန် အာဆီယံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) ကို တာဝန်ပေးထားပါသည်။ အာဆီယံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) ၏ လုပ်ငန်းလုပ်ဆောင်မှုနည်းလမ်းများအရ မြန်မာနိုင်ငံကို အာဆီယံ၏ကူညီထောက်ပံ့မှုရရှိသောအဖွဲ့အဖြစ် ခွင့်ပြုထားပြီး “၎င်း၏ဒေသအတွင်း ကူညီထောက်ပံ့မှုများအား ညွှန်ကြား၊ ထိန်းချုပ်၊ ညှိနှိုင်းပြီး ကြီးကြပ်ရန်” တာဝန်ပေးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသည် AHA Centre ၏ အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်ဖြစ်ပြီး လက်ရှိတွင် စစ်ကောင်စီမှထိန်းချုပ်ထားသော လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကိုယ်စားပြုသည်။ AHA Centre ၏ လုပ်ငန်းဆောင်ရွက်မှု သဘောတူညီချက်များနှင့် လူသားချင်းစာနာမှုအထောက်အပံ့များအားပေးအပ်ရန် ပူးပေါင်းလုပ်ဆောင်သူများကို ဆုံးဖြတ်ရာတွင် စစ်ကောင်စီမှ ကြီးစိုးထားနိုင်ပါသည်။[49]

[49] ရှေ့ပြေးအဖွဲ့ (PV) မှ ၂၀၂၂ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ဝေသော “Great Expectations: Analysis of the ASEAN Coordinating Center for Humanitarian Assistance on Disaster Management” တွင် ကြည့်ပါ။

ထို့အတူ ဒေသတွင်းဝန်ဆောင်မှုပေးနေသောအဖွဲ့အစည်းများနှင့် အကာအကွယ်ပေးသူများထံသို့ ငွေကြေးအထောက်အပံ့ တိုက်ရိုက်ရောက်ရှိနိုင်မည့်လမ်းကြောင်းများ နည်းပါလာခဲ့ပါသည်။ သို့သော် လက်ရှိအခြေအနေတွင်ဤဖွဲ့အစည်းများသည်အရေးပေါ်ကူညီပံ့ပိုးမှုများပေးနေသည့်အဓိကအဖွဲ့အစည်းများဖြစ်သည်။ လုံလောက်သည့်ငွေကြေးထောက်ပံ့မှုမရှိပဲ ၎င်းတို့အနေဖြင့် ကူညီထောက်ပံ့မှုများ ဆက်လက်ပေးရန်အတွက် ကန့်သတ်ချက်များ ရှိလာနိုင်သည်။ အကူအညီများနည်းပါးလာသည့်အပြင် ထွက်ပြေးတိမ်းရှောင်နေရသူအရေအတွက် ပိုမိုတိုးများလာသဖြင့် အကူအညီလိုအပ်သူများအတွက် အကြပ်အတည်း ပိုမိုဖြစ်ပေါ်စေပါသည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုပေးရမည့်နေရာများသို့ ရောက်ရှိနိုင်ခြင်းမရှိသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကပ်ဘေးအတွက် ချမှတ်ထားသောရန်ပုံငွေအများစုအား အသုံးပြုနိုင်ခြင်းမရှိပေ။ အကယ်၍ ရန်ပုံငွေများအား သုံးစွဲထားပါကလည်း ထိုရန်ပုံငွေများမှာ ဦးတည်ပစ်မှတ်ထားသောလူထု သို့မဟုတ် လက်ရှိတွင် အရေးပေါ်ထောက်ပံ့မှုပေးနေသော အဖွဲ့အစည်းများထံရောက်ရှိနိုင်ခြင်း မရှိသည့်အတွက် ရန်ပုံငွေများအား မည်သည့်အတွက် အသုံးပြုကြောင်း မေးခွန်းထုတ်စရာဖြစ်လာပါသည်။




IDP များနှင့် ဒေသခံပြည်သူများသည် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ဖလူးကြီး ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်လာကြသော အခြားရွာသားများကို ကူညီပေးရန်အတွက် ဖလူးကြီးအထက်တန်းကျောင်းသို့ အတူတကွ ရောက်ရှိလာပြီး စားစရာများ ဝိုင်းဝန်းကူညီချက်ပေးခဲ့သည်။ ဤပုံကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

# နိဂုံး

ဤအစီရင်ခံစာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အကူအညီထောက်ပံ့မှုများအား ဖော်ပြထားပြီး ထွက်ပြေးတိမ်းရှောင်နေရသောရွာသားများနှင့် ကျေးရွာအတွင်းကျန်ရှိနေသော ရွာသားများ၏လိုအပ်ချက်များနှင့် အတွေ့အကြုံများပါ မီးမောင်းထိုးဖော်ပြထားသည်။ လက်ရှိအခြေအနေတွင် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းနေထိုင်ရန် ရွေးချယ်စရာအလွန်ရှားပါးနေပါသည်။ ထို့ကြောင့် အချို့ရွာသားများသည် လက်နက်ကိုင်ပဋိပက္ခများ၊ လက်နက်ကြီးပစ်ခတ်ခြင်းများအပြင် စစ်ကောင်စီတပ်သားများ၏ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ အဓမ္မစေခိုင်းမှုနှင့် အခြားသောအခွင့်အရေးချိုးဖောက်မှုများရှိနေသော်လည်း ၎င်းတို့၏ကျေးရွာတွင်သာ ဆက်လက်နေထိုင်ရန် ရွေးချယ်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ရွာသားများအနေဖြင့် ကျေးရွာအတွင်းတွင် ဆက်လက်နေထိုင်သည်ဖြစ်စေ ကျေးရွာမှထွက်ပြေးသည်ဖြစ်စေ ၎င်းတို့၏လုံခြုံရေးနှင့် ဘဝအတွက် ခြိမ်းခြောက်မှုပုံစံအမျိုးမျိုးကို ကြုံတွေ့နေကြရပါသည်။

စစ်ကောင်စီမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေခံထောက်ပံ့မှုများအား ဖျက်စီးရန်ရည်ရွယ်ချက်ဖြင့် "ဖြတ်လေးဖြတ်" နည်းလမ်းအား ပြန်လည်အသုံးပြုလာခဲ့ပြီး ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များအား ဖြတ်တောက်ခြင်းများ ပြုလုပ်လာခဲ့သည်။ ထို့ကြောင့် လက်ရှိတွင် ကရင်ပြည်နယ်အတွင်းရှိ ရွာသားများအနေဖြင့် အစားအသောက်၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခက်အခဲများအား ရင်ဆိုင်နေရပြီး အကူအညီအထောက်အပံ့များ လိုအပ်လျက်ရှိနေပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရန် ပိုမိုခက်ခဲလာချိန်တွင် ကျေးလက်ဒေသရှိ ရွာသားများ၏လိုအပ်ချက်များကို အဓိကဖြည့်ဆည်းပေးသူများသည် ဒေသတွင်းဝန်ဆောင်မှုပေးသူများနှင့် ဒေသခံလူမှုအသိုက်အဝန်းများကိုယ်တိုင်သာလျှင် ဖြစ်နေပါသည်။ တချိန်တည်းတွင် ပြင်ပ NGO များနှင့် နိုင်ငံတကာအဖွဲ့အစည်းကြီးများသည် မြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ ထိုင်းနိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ အကာအကွယ်ပေးခြင်းဆိုင်ရာဝန်ဆောင်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးသည့်အခါ တားမြစ်ခြင်းခံရကြပါသည်။

အကာအကွယ်ပေးမှု အခြေအနေနှင့်ပတ်သက်၍ နယ်စပ်ဒေသများတွင် မတူကွဲပြားသည့် လုပ်ငန်းဆောင်ရွက်မှု များအား လုပ်ဆောင်လျက်ရှိသော အရပ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ယက်များရှိကြောင်း UNHCR မှ မကြာသေးမီက ထုတ်ပြန်ထားသည့် အစီရင်ခံစာတွင် သုံးသပ်ထားသပ်ထားပါသည်။ ၎င်းတို့အနေဖြင့် ဒေသခံအာဏာပိုင်များ၏ ယုံကြည်မှုရရှိထားပြီး ကူညီထောက်ပံ့မှုများပေးရန်အတွက် ဝေးလံသည့် နေရာများသို့ပင် သွားရောက်နိုင်သည်။ မဲဟောင်ဆောင် ခရိုင်တွင် ဒုက္ခသည်များအတွက် အစားအသောက်၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးများအတွက် အခြေခံထောက်ပံ့မှုများပံ့ပိုးပေးကာ ယာယီခိုလှုံရေးအတွက် လုပ်ငန်းများအားဆောင်ရွက်နေသည့် အတွေ့အကြုံရှိသော အရပ်ဖက်လူမှုအဖွဲ့အစည်းများစွာရှိနေပါသည်။ အချို့သောအဖွဲ့အစည်းများမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးမှုနှင့် ပတ်သက်၍ အတွေ့အကြုံများစွာရှိသော်လည်း အထူးသဖြင့် အကာအကွယ်ပေးရေးနှင့်ပတ်သက်၍

ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်များကြောင့် ၎င်းတို့၏လုပ်ဆောင်နိုင်စွမ်းမှာ မတူညီကြပေ။[50]

UNHCR အနေဖြင့် အကူအညီပေးရန်နှင့် IDP စခန်းများ တိုးချဲ့နိုင်ရန်အတွက် ဒေသအတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်များကမြှင့်တင်ပေးရာတွင် အရင်းအမြစ်များကိုပေးရန် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသူများအား တောင်းဆိုနေကြပါသည်။[51] ထိုကဲ့သို့ ဒေသခံလူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးရာတွင် အရင်းအမြစ်များကို ပေးရန် တောင်းဆိုမှုအပေါ် ကြိုဆိုလက်ခံနိုင်သော်လည်း လက်တွေ့တွင်မူ ဒေသတွင်းအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအား အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။ ထို့အပြင်ကူညီပံ့ပိုးမှုများအား ဖြန့်ဝေခြင်းနှင့် လုပ်ငန်းလည်ပတ်မှုများအား မည်သို့လုပ်ဆောင်ရမည်နှင့်ပတ်သက်၍ အကာအကွယ်ပေးရေးမူဘောင်များနှင့် ရန်ပုံငွေသုံးစွဲရေး အစီအမံများအပေါ် ကြီးမားသောဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ ဒေသခံလူမှုအဖွဲ့အစည်းများအား ဖယ်ကျဉ်ထားကြပါသည်။ ဒေသခံအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းထံမှ အမှန်တကယ်လိုအပ်နေသောအရာမှာ လမ်းညွှန်ချက် သို့မဟုတ် ညွှန်ကြားချက်မဟုတ်ပဲ ယခုအခါ ငွေကြေးနှင့် အရင်းအမြစ်ထောက်ပံ့မှုများကိုသာ လိုအပ်သည်။

ယခင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် KHRG အပါအဝင် ဒေသတွင်းအရပ်ဖက်အဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းအတွက်ရှိနှင့်ပြီးသောဖြေရှင်းနည်းများနှင့်ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြထားပါသည်။ ထိုအစီရင်ခံစာထဲတွင် ငွေကြေးအလှူရှင်များနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ယခင်တွင်ကျင့်သုံးခဲ့သည့်လူသားချင်းစာနာထောက်ထားမှုမူဝါဒများအတိုင်းလူသားချင်းစာနာထောက်ထားမှုအကူအညီများကိုပေးနေသောကြောင့် စစ်ကောင်စီမှ အကြပ်အတည်းနှင့် တိုင်းရင်းသားများကိုဖိနှိပ်နိုင်ရန် လက်နက်သဖွယ် အသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဒေသတွင်းရှိ လူမှုအသိုက်အဝန်းအား ကူညီထောက်ပံ့မှုအပြည့်အဝပေးနိုင်သော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့်အတူ အဓိပ္ပါယ်ရှိရှိ ပူးပေါင်းဆောင်ရွက်ရန်အတွက် အရေးကြီးသည့်ရွေးချယ်မှုပြုလုပ်ရန်လိုအပ်ကြောင်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။[52]

KHRG အနေဖြင့် ထိုအစီရင်ခံစာတွင်ပါရှိသော အကြံပြုချက်များအရ ဖြေရှင်းနည်းများကို ထပ်မံဖော်ပြလိုက်သည်။ အရပ်ဖက်အဖွဲ့အစည်းများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ တိုက်ရိုက်ရောက်ရှိနိုင်ရန်အတွက် ပုံစံအသစ်တည်ဆောက်ခြင်းထက် ရှိနှင့်ပြီးသားဖြစ်သောသော ဒေသတွင်း လုပ်ထုံးလုပ်နည်းကို အသုံးပြုသင့်သည်။ ဤလုပ်ထုံးလုပ်နည်းများအား ဒေသခံလူမှုအသိုက်အဝန်းမှ ဖော်ထုတ်ထားခြင်းဖြစ်ပြီး အကယ်၍ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကူညီထောက်ပံ့မှုများအား ဖြန့်ချီရာတွင် အထက်မှချုပ်ကိုင်သည့်နည်းလမ်းဖြင့်သွားမည်ဆိုပါက လုပ်ထုံးလုပ်နည်းအား ပျက်စီးစေ

50 ထိုင်းနိုင်ငံတွင် အခြေစိုက်သည့် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော “Thailand: Protection Analysis on Myanmar Refugee influxes Situation February 2022” တွင် ကြည့်ပါ။

51 Ibid.

52 ရှေ့ပြေးအဖွဲ့ (PV) မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေသော“Nowhere to Run: Deepening Humanitarian Crisis in Myanmar” တွင် ကြည့်ပါ။

နိုင်သည်။ ထို့အတွက် ငွေကြေးအလှူရှင်များနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ဒေသခံလူမှုအသိုက်အဝန်း၏တင်ပြချက်အား နားထောင်လျက် ပဋိပက္ခဖြစ်စေမည့်ကိစ္စရပ်များအား ရှောင်ရှားပြီး ဒေသတွင်းလူမှုအဖွဲ့အစည်းအား ၎င်းတို့၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးရန်အတွက် အဖြေရှာရာတွင် အဓိကလုပ်ဆောင်ပေးမည့်အဖွဲ့များကိုသာ ကူညီပံ့ပိုးပေးရမည်။ [...] ငွေကြေးထောက်ပံ့သောအဖွဲ့များအနေဖြင့် တိုင်းရင်းသားလူမှုအသိုက်အဝန်းအား အဓိကဆုံးဖြတ်ချက်များချမှတ်ရာတွင် ဖယ်ကျဉ်ထားခြင်း သို့မဟုတ် ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများဖြင့် နှောင့်နှေးစေခြင်းများမပြုပဲ ကူညီပံ့ပိုးရေးအစီအစဉ်များနှင့် ဝန်ဆောင်မှုများအတွက် မိတ်ဖက်အဖွဲ့များအဖြစ် တန်းတူသတ်မှတ်ရပါမည်။[53]

[53] Ibid.

## ဓာတ်ပုံ – အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

### အရှေ့မျက်နှာဖုံး

ဤဓာတ်ပုံကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ သေဘောဘိုး ကျေးရွာအုပ်စု၊ သေဘောဘိုးကျေးရွာအနီးရှိ သောင်ရင်းမြစ်၏တစ်ဖက်ကမ်းရှိ ထိုင်းနိုင်ငံဖက်ခြမ်းတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ထိုင်းအာဏာပိုင်များက တောနော်အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများအား ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်မပြုဘဲ သေဘောဘိုးရွာသို့ ပြန်လာနေကြသော ကျောင်းသူ/ကျောင်းသားများကို ဖော်ပြထားသည်။ (ဓာတ်ပုံ – KHRG)

### အနောက်မျက်နှာဖုံး

ဤဓာတ်ပုံကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်ရှိ ဖလူးကျေးရွာ အနီးတွင်တည်ရှိသော စစ်ပြေးရှောင်ယာယီစခန်းတွင် ရိုက်ယူခဲ့သည်။ ဒေသအတွင်းနေထိုင်ကြသော ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုနှင့် တိုက်ပွဲများကြောင့် ထိုယာယီစခန်းတွင် လာရောက်ခိုလှုံနေခဲ့သည်။ (ဓာတ်ပုံ – KHRG)

(ကိုးကားထားသည့်ဓာတ်ပုံများမှလွဲ၍ ကျန်ပုံအားလုံးမှာ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ပုံများဖြစ်သည်။)



၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံတွင်လုံခြုံရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ဆိုးရွားစွာဆုတ်ယုတ်လာခဲ့ပြီး လုံလောက်စွာဖြေရှင်းပေးနိုင်မှုမရှိသဖြင့် ဆိုးရွားလှသောလူသားချင်းစာနာမှုဆိုင်ရာ အကြပ်အတည်းကိုဖြစ်ပေါ်စေပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူဦးရေအများစုသည် ပဋိပက္ခဒဏ်ခံရသောဒေသများတွင် နေထိုင်ကြပြီး အတင်းအဓမ္မရွှေ့ပြောင်းနေထိုင်ခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ကျန်းမာရေးနှင့်ဘေးကင်းလုံ ခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို ဆက်လက်ကြုံတွေ့နေရပါသည်။ ထိုင်းနိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များအောက်တွင်အကာအကွယ်ရယူခြင်းမရှိခြင်းကြောင့်အရပ်သားများသည်လက်နက်ကိုင်ပဋိပက္ခ၊ လေကြောင်းတိုက်ခိုက်မှုနှင့် အခြားအကြမ်းဖက်မှုပုံစံများသာမက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများဆုံးရှုံးခြင်းကြောင့်လည်း အရပ်သားများသည် SAC ၏ အသက်အန္တရာယ်ခြိမ်းခြောက်ခံနေရပါသည်။

ပြင်ပ NGO များနှင့်နိုင်ငံတကာအဖွဲ့အစည်းကြီးအများစုသည် အကာအကွယ်ပေးရေးဝန်ဆောင်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပံ့ပိုးကူညီမှုများလုပ်ဆောင်ရန် တားမြစ်ခံထားရသည်။ ဒေသဆိုင်ရာဝန်ဆောင်မှုပေးသူများနှင့်ဒေသခံလူထုများကိုယ်တိုင်က ကျေးလက်ရွာသားများ၏လိုအပ်ချက်များကိုတုံ့ပြန်ရာတွင် အဓိကကျသော်လည်း ရန်ပုံငွေနှင့်အရင်းအမြစ်များ ချို့တဲ့နေပါသည်။ အထောက်အပံ့များကို ၎င်း၏ပစ်မှတ်လက်ခံသူများထံ ထိထိရောက်ရောက် မရောက်ရှိအောင် တားဆီးပေးသည့် အဓိကထောက်ပံ့ပို့ဆောင်ရေးနှင့် လုံခြုံရေးစိန်ခေါ်မှုများကိုဆန်းစစ်ရာတွင် ဤအစီရင်ခံစာသည် ဒေသခံနယ်ပယ်များတွင် ပိုမိုအသိအမှတ်ပြုမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးတကြီးလိုအပ်မှုကို မီးမောင်းထိုးပြပြီး အထိရောက်ဆုံးဖြေရှင်းနည်းများသည် ဒေသခံအသိုက်အဝန်းများကို ၎င်းတို့၏မောင်းနှင်သူကိုယ်စားလှယ်များအဖြစ်အသိအမှတ်ပြုကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကိုယ်ပိုင်ဖြေရှင်းနည်းများကို ပါအခိုင်အမာဆိုထားပါသည်။

KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများနှင့် ဒေသခံများ၏အခြေအနေများအား မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ KHRG သည် သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။